# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၈)ရက် ၊ ကြာသပတေးနေ့ ၊ (20-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၉၆)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၇၇ နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

စာမျက်နှာ- ၁၈






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**



ရတနာပုံ

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်

အယ်ဒီတာ့အာဘော်

# ကျန်းမာအသက်ရှည်စေသော ကိုယ်လက်လှုပ်ရှားမှု နေ့စဉ်ပြု

လူသားတိုင်း ဘဝရှင်သန်နေစဉ် ကျန်းမာစွာအသက်ရှည်ရခြင်းကို အစဉ်လိုလားနှစ်သက်ကြသည်။ မကျန်းမမာ၊ နာတာရှည်ရောဂါမျိုးစုံခံစားပြီး အသက်ရှင်သန်နေပါက မိမိကိုယ်တိုင်ကစ၍ မိမိ မိသားစုဝင်များပါ ကိုယ်စိတ်နှစ်ဖြာ ပင်ပန်းကြီးစွာ နေ့စဉ်ဘဝကို ဖြတ်သန်းကြရမည်ဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်ကို ကျန်းမာနေစဉ်ကတည်းက ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝနေထိုင်မှုပုံစံအတိုင်း ပြုမူကျင့်ကြံသင့်ပါသည်။ အထူးသဖြင့် ကိုယ်လက်လှုပ်ရှားနည်းပါးခြင်း၊ အထိုင်များခြင်းစသော ကျန်းမာရေးပြဿနာများဖြစ်ပေါ်စေနိုင်သည့် လူနေမှုပုံစံကို ရှောင်ရှားကြရမည်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နည်းပညာများ၊ စက်မှုဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာသည်ဖြစ်ရာ လူသားတို့၏ ကိုယ်လက်လှုပ်ရှားသွားလာမှုနည်းပါးလာပြီး မကူးစက်နိုင်သော နာတာရှည်ရောဂါများဖြစ်ပွားမှုနှုန်း အလွန်မြင့်တက်လျက်ရှိကာ ကပ်ရောဂါအသွင်ဆောင်သည့် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုဖြစ်လာသည်။ ကိုယ်လက်လှုပ်ရှားနည်းပါးခြင်းသည် ကမ္ဘာတစ်လွှားတွင် နှလုံးသွေးကြောရောဂါခြောက်ရာခိုင်နှုန်း၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ ၁၀ရာခိုင်နှုန်းအထိ ဖြစ်ပွားနှုန်းမြင့်တက်စေနိုင်ပြီး အချိန်မတိုင်မီ သေဆုံးနှုန်းကို ကိုးရာခိုင်နှုန်းအထိတိုးစေကြောင်း ၂၀၀၈ခုနှစ် ကျန်းမာရေးမှတ်တမ်းများအရ သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၈ခုနှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် သေဆုံးသူအားလုံး၏ ၆၈ရာခိုင်နှုန်းသည် မကူးစက်နိုင်သောရောဂါကြောင့်ဖြစ်ပြီး ကိုယ်လက်လှုပ်ရှားနည်းပါးခြင်းသည် မကူးစက်နိုင်သောရောဂါဖြစ်စေနိုင်သော စတုတ္ထမြောက်ဦးဆောင်အကြောင်းအရာဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် လူတိုင်း အခြေခံကျန်းမာရေးကောင်းမွန်စေရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှု၊ ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို နေ့စဉ်ပြုမူသင့်ပါသည်။ ကျန်းမာရေးလိုက်စားမှုကြောင့် နာတာရှည်ရောဂါဆိုးများကို ကြိုတင်ကာကွယ်ပြီးသားဖြစ်စေသည့်အတွက် မိမိကိုယ်ကို ကောင်းအောင်နေထိုင်သူ၊ မိမိမိသားစုကိုဝန်ထုပ်ဝန်ပိုးမဖြစ်စေသူ တစ်နည်းအားဖြင့် အတ္တသမ္မာပဏိဓိစ မင်္ဂလာတရားတော်နှင့်ညီညွတ်အောင် ထိန်းသိမ်းမှုရှိသူအဖြစ် နေ့စဉ်ဘဝတွင် စိတ်ချမ်းသာကြရပေမည်။

ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ဦးဆောင်မှုဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူသားတိုင်းသင့်လျော်သော ကိုယ်လက်လှုပ်ရှားမှုပြုမူရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံရှိစေရေး အသိပညာပေးလှုပ်ရှားမှုများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ကျန်းမာကြံ့ခိုင်မှု ရှိသူတစ်ဦးသည် ဘဝတွင် ချမ်းသာကြွယ်ဝပြည့်စုံအောင်၊ ပညာရေးတွင်ထူးချွန်ပြောင်မြောက်အောင် ဆောင်ရွက်ရန် မဟာခွန်အားရရှိနေသူဖြစ်ပါသည်။ကျန်းမာရေးနှင့်မပြည့်စုံခဲ့ပါမူ မိမိ၏အရည်အချင်းကောင်းများကို အများသူငှာနှင့်တန်းတူ ထုတ်ဖော်ပြသနိုင်မည်မဟုတ်သည့်အတွက် အောင်မြင်မှုနှင့် အလှမ်းဝေးကွာနေရမည်ဖြစ်ပေသည်။ အတိတ်ကံကြောင့် ချမ်းသာကြွယ်ဝနေစေကာမူ မကျန်းမာခြင်း ဝေဒနာဖိစီးမှုကြောင့် စိတ်ချမ်းသာပျော်ရွှင်မှု၊ အောင်မြင်မှုများ ဆိတ်သုဉ်းကွယ်ပျောက်နေသူသာဖြစ်နေပေလိမ့်မည်။

လူ့ဘဝတွင် ကျန်းမာရေးကောင်းမှသာ ဘဝခရီးတစ်လျှောက် ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းရမည်ကို သတိချပ်၍ ကျန်းမာရေး၏တန်ဖိုးကို အမှုမဲ့အမှတ်မဲ့မနေမိအောင် ဂရုပြုကြရပါမည်။ ယခု ကျန်းမာရေးကောင်းနေစဉ်ကတည်းက အမြဲကျန်းမာနေအောင် အမြဲဂရုစိုက်ရပါမည်။ ငွေမကုန်၊ လူမပန်း ကိုယ်တိုင်ပေါ့ပေါ့ပါးပါးဆောင်ရွက်နိုင်သော ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများမှ နှစ်သက်ရာ၊ ဝါသနာပါရာ တစ်မျိုးမျိုးကို ပုံမှန်ဆောင်ရွက်နေသင့်ပါသည်။ ကျန်းမာကြံ့ခိုင်အောင် နေ့စဉ်ပြုမူနေထိုင်သူ၏ ဘဝသည် တစ်ဘဝတစ်ခဏ အချိန်အခါလေးပင်ဖြစ်သော်လည်း လူဖြစ်ကျိုးနပ်သောဘဝရှိနေမည်ဖြစ်သည့်အတွက် ကျန်းမာအောင် လှုပ်ရှားပြုမူနေထိုင်မှုကို အသက်ထက်ဆုံးဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၆၅၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၆၅၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၇၇၉၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၅၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ကုလားပဲဧက ၁၇၇၉၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၆၅၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးနေတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း(၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ကုလားပဲများအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စိုက်ပျိုးသီးနှံများကို ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးပိမျိုးစုံပိဿာချိန် ၁၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးပိမျိုးစုံပိဿာချိန် ၁၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးပိ၊ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ဒေသထွက်ငါးပိမျိုးစုံ ပိဿာချိန် ၁၁၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငါးပိမျိုးစုံ ပိဿာချိန် ၁၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက်ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေခြင်းကြောင့် တင်ပို့မှုအားကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဇန်နဝါရီလအတွင်း ငါးပိ ပိဿာချိန် ၁၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေထွက်ရှိတဲ့ ငါးပိတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချတာ ဖြစ်ပါတယ်။ လက်ရှိ ဖေဖော်ဝါရီလထဲမှာလဲ ငါးပိတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ငါးပိတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကပါ မှာယူနေပါတယ်" ဟု ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးပိများမှာ ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ဂျပန်ငါးပိ၊ ငါးပနော်ငါးပိ၊ ငါးပြေမငါးပိ စသည့်ရေချိုငါးပိများ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးပိများမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ မှ ၄၉၀၀၀ ထိ အမျိုးအစားလိုက် ဈေးအနိမ့်အမြင့်ရှိကြောင်း ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ကြာအင်းဆိပ်ကြီးမြို့နယ် အုန်းတပင်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဖေဖော်ဝါရီ ၁၉**

ကရင်ပြည်နယ်ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းတပင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစောဘကြည်၊ မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက VRFP စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ အုန်းတပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်းရှိ၊မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဦးစောဘကြည်က လိုအပ်သည်များ မှာကြားသည်။

အုန်းတပင်ကျေးရွာ၌ VRFP စီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၂၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူငါးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို ရန်ပုံငွေကျပ် ၂၃ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိတ္ထီလာမြို့နယ် ကန်သာအေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကန်တောင်ကျေးရွာအုပ်စု ကန်သာအေးကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကန်သာအေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကန်သာအေးကျေးရွာ အရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ် ၁၃၂ ဒသမ ၁ သိန်း စုစုပေါင်း ငွေကျပ် ၂၈၂ ဒသမ ၁ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သူသူ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာရပ်နေ ဒေါ်မြမြသန်း မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀၊ မျက်စိခွဲစိတ်နေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၉၀၀၀၀ စုစုပေါင်း ငွေကျပ် ၅၉၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့ က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် နှမ်း ၆၅၀၈၉ ဧက ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၂ ဒသမ ၂၃ တင်းထွက်ရှိ



**ယင်းမာပင် ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် နှမ်း ၆၅၀၈၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၂ ဒသမ ၂၃ တင်း ထွက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၅၀၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၆၅၀၈၉ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၆၅၀၈၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နှမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၈၀၂၄ ဧက၊ ကနီမြို့နယ်တွင် ဧက ၂၁၀၅၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၉၀၈၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၁၆၉၂၀ စုစုပေါင်း ၆၅၀၈၉ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၁၃၁၆၀၊ ကနီမြို့နယ်တွင် ဧက ၂၄၀၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၂၃၉၀၀၊ ပုလဲမြို့နယ်တွင် ဧက ၁၆၉၂၀ စုစုပေါင်း ဧက ၇၇၉၈၀ ဖြစ်ကြောင်း သိရသည်။

နှမ်းသီးနှံကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နှမ်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# စဥ့်ကိုင်မြို့နယ် မြောင်းဆုံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဥ့်ကိုင် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောင်းဆုံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြောင်းဆုံကြီးကျေးရွာရှိ စီမံကိန်းဝင် အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဖယားများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါမြောင်းဆုံကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၂၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၄၀၁ သန်း ထုတ်ချေးပေးထားကြောင်း စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်ထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဖူးစားပြောင်း အဖူးရေ ၁၁၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလ အတွင်း ဖူးစားပြောင်း အဖူးရေ ၁၁၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ဒေသထွက် ဖူးစားပြောင်းအဖူးရေ ၇၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ဖူးစားပြောင်း အဖူးရေ ၁၁၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇန်နဝါရီလက ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဖူးစားပြောင်းအဖူးရေ၁၁၅၀၀၀ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်ကနေ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာ ဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေ များများတင်ပို့ရောင်းချနေရတော့ ကုန်သည်တွေကအစ အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းပါတယ်"ဟု ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ကုန်တင်ကားများဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖူးစားပြောင်း အဖူး ၁၀၀၀ လျှင် ငွေကျပ် ၃၁၀၀၀၀ မှ ၃၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မုံတိုင်ပင်ဆရာတော် (အပိုင်း-၃)

ဗိုလ်ရှိတ်(ရတနာပူရ)

**အင်းဝမြို့တွင် ပညာသင်**

မုံတိုင်ပင်ဆရာတော်သည် အမရပူရမြို့တော်ရှိ အောင်မြေဘုံမိစံကျောင်းတိုက်တွင်လည်း ပညာသင်ကြားခဲ့သလို အင်းဝမြို့တော်သို့ သွား၍လည်း ပညာသင်ကြားခဲ့သည်။ အမရပူရမြို့နှင့် အင်းဝမြို့မှာ မဝေးလှပါ။ ဘိုးတော်ဗဒုံမင်းသည် အင်းဝမှ အမရပူရမြို့သို့ ပြောင်းရွှေ့စိုးစံခဲ့သောကြောင့် အင်းဝမှာ နေပြည်တော်အဖြစ်မှ လျော့ကျခဲ့ရသည်။ ထိုသို့ နေပြည်တော်အဖြစ်မှ လျှော့ကျခဲ့သော်လည်း အင်းဝစည်ကားမှုသည် လျော့ကျမသွားခဲ့ပေ။ အင်းဝတွင် စာသင်တိုက်ကြီးများ၊ လူနေရပ်ကွက်များရှိနေဆဲသာ ဖြစ်သည်။ အင်းဝမြို့ကိုလည်း မြို့ဝန်တစ်ဦးက အုပ်ချုပ်ရသည်။ ဘိုးတော်ဗဒုံမင်းလက်ထက် အင်းဝမြို့ဝန်မှာ ဇေယသူရကျော်ထင် ဖြစ်သည်။ ထိုသို့ စာသင်တိုက်ကြီးများရှိသောကြောင့် မုံတိုင်ပင်ဆရာတော်သည် အမရပူရမှ အင်းဝမြို့သို့ပြောင်း၍ ပညာသင်ကြားခဲ့ခြင်းဖြစ်သည်။

အင်းဝမြို့ရှိ မုံတိုင်ပင်ဆရာတော်၏ ဆရာမှာ ဦးသုနန္ဒဖြစ်သည်။ မုံတိုင်ပင်ဆရာတော်သည် ဆရာအရင်းဖြစ်သည့် ဦးသုနန္ဒကျောင်းသို့ ကြေးခေါင်းလောင်းကြီးတစ်လုံး လှူဒါန်းခဲ့သည်။ ကြေးခေါင်းလောင်းကြီးသည် ကြေးချိန် တစ်ရာ့ငါးပိဿာငါးဆယ်ကျပ်သားရှိသည်။ ခေါင်းလောင်းကို မိမိ၏ ဆွေမျိုးတစ်စုကိုအမှီပြု၍ လှူဒါန်းရခြင်းဖြစ်သည်။ ခေါင်းလောင်းလှူဒါန်းသည့်နှစ်မှာ သက္ကရာဇ်၁၁၆၃ ခုနှစ် နယုန်လဖြစ်သည်။ ထိုအကြောင်းကို မုံတိုင်ပင်ဆရာတော်သည် ''ပူရရတနာ၊ မြို့အောင်ချာ၌ ပညာစက္ခု၊ နောင်လာရှုသား၊ ဦးသုနန္ဒ၊ ထေရမဟာ၊ မြတ်ဆရာအား၊ ဆွေညာတစု၊ အမှီပြု၍၊ စေ့ငုသေချာ၊ ကောင်းမြတ်စွာနှင့် ကြေးမှာချိန်ကျ၊ရေတွက်ဆသော်၊ တရာ့ငါးပိဿာ၊ စွန်းလာတသွယ် ငါးဆယ်ကျပ်ဆောင်း၊ ကြေးခေါင်းလောင်းကို၊ ငွေပေါင်းနှစ်ပိဿာ၊ စွန်းလာတရပ်၊ ဆယ့်ငါးကျပ်နှင့်၊ လျောက်ပတ်တင့်စွာ၊ လုပ်ပြီးခါမှ၊ ကောဇာသက္ကရာဇ်၊ ရေတွက်စစ်သော်၊ ဇော်နှစ်လုံးနောက်၊ ခြောက်နှင့်သုံးခု၊ ဥတုဂိမ္ဟန္တ၊ ခေါ်ဝေကြသား၊ မာသနယုန်၊ ကြုံကြိုက်ဆုံလျက်၊ ဂုဏ်တော်ကိုးဝ၊ ပြည့်စုံလှသား၊ ဒသမဟော်၊ ထက်ဝန်ကျော်လျက်၊ ဘုန်းတော်ခြောက်ဝန်၊ ဘဝဂ်လျှံ၍၊ ဉာဏ်တော် အနန္တ၊ နှိုင်းမမျှသား၊ ဓမ္မရာဇာ၊ ဓမ္မရာဇာ၊ စိန္တေယျာ၌၊ သံဝါခြိမ့်ခြိမ့်၊ ထက်ဝန်းသိမ့်မျှ၊ ဖိမ့်ဖိမ့်အုတ်အာ၊ မိုးချုံးလာသို့၊ ပြဟ္မာနတ်လူ၊ သဲသဲအူမျှ၊ ကြည်ဖြူသာခု၊ ကောင်းချီးပြု၍၊ နုမောဒနာ၊ ခေါ်စိမ့်ငှါလျှင်၊ လျှံဝါထိတ်ထိတ်၊ ပွဲထင်ပြိတ်မျှ၊ ကရဝိက်ငှက်မင်း၊ ရွှေလည်စင်းလျက်၊ သံညွှင်းသာယာ၊ ဟောဝန္တာက၊ ကျူးလာသောနှယ်၊ ရှေ့တော်ဝယ်၌၊ နာဘွယ်ပျံ့လှိုင်း၊ တကြိုင်ကြိုင်ဖြင့်၊ သံပြိုင်သံလိမ့်၊ တခြိမ့်ခြိမ့်နှင့်၊ သံအိမ့်သံလွင်၊ သဲသဲတင်မျှ၊ သဒ္ဓါဒါန၊ ဖြစ်စိမ့်ငှာဟု၊ မယာကုသလ၊ သောမနဖြင့်၊ ရွှင်ပြစေတနာ၊ လှူဒါန်းပါ၏" ဟူ၍ လင်္ကာဖွဲ့ဆိုသီကုံးထားခဲ့သည်။

ထိုလင်္ကာအရ မုံတိုင်ပင်ဆရာတော်သည် အင်းဝမြို့၌ ပညာသင်ကြားခဲ့ကြောင်း သိရသော်လည်း အင်းဝမြို့ရှိ မည့်သည့်ကျောင်းဟု မသိရပေ။ ထိုအကြောင်းကို လင်္ကာအတွင်း၌လည်းရေးဖွဲ့မထားပေ။ ပညာသင်ပေးခဲ့သည့် ဆရာအမည်ကိုသာ လင်္ကာအတွင်း၌ ထည့်သွင်းရေးဖွဲ့ထားသဖြင့် ဆရာမှာ ဦးသုနန္ဒဟု သိရခြင်းဖြစ်သည်။

**ပညာသင်ခရီးအချုပ်**

မုံတိုင်ပင်ဆရာတော်၏ ပညာသင်ခရီးကို ကြည့်မည့်ဆိုလျှင် ကျွဲကျောင်းပေါင်းသင်အရွယ်မှစ၍ စတင်ပညာသင်ကြားခဲ့ရာ ၂၃နှစ် အရွယ်ထိဖြစ်သည်။ ၁၆ နှစ်မတိုင်မီသာမဏေမဝတ်မီက အရပ်ဝတ်ဖြင့် လာသင်သည်။ ၁၆ နှစ်အရွယ် သာမဏေပြုပြီးချိန်မှစ၍ ၂၃ နှစ်အထိ သာမဏေဘဝဖြင့် စာသင်သည်။ စာသင်ရာတွင် မုံတိုင်ပင်ဆရာတော်အနီးဝန်းကျင်ရှိ ဒေသတွင်းဆရာများမှစ၍ အမရပူရ၊ အင်းဝ နေပြည်တော်ထိ စာပေသင်ကြားခဲ့သည်ကို တွေ့ရသည်။ မုံတိုင်ပင်ဆရာတော် စာပေသင်ကြားရာဌာနများကို စာရင်းချုပ်ကြည့်လျှင် ဤသို့တွေ့ရမည်ဖြစ်သည်-

၁။ ထီးဆောင်းကုန်းကျောင်းဆရာတော်ဦးအာစရန္ဒ

၂။ မုံလှကျောင်းဆရာတော်

၃။ အောင်မြေဘုံမိစံကျောင်းတော်။ အမရပူရ။ ဦးကဝိသာရ

၄။ ဦးသုနန္ဒ (အင်းဝမြို့)

အဆိုပါ လေးနေရာတွင် ပညာသင်ကြားခဲ့စဉ် ရဟန်းမခံရသေးပေ။ သာမဏေဘဝဖြင့်သာဖြစ်သည်။ သို့သော် ဆရာတော်သည် အသက် ၂၃ နှစ်အရွယ် ရဟန်းခံပြီးသော်လည်း ရဟန်းလေးဝါတိုတိုင် ပညာဆက်လက်သင်ကြားခဲ့သည်ကို တွေ့ရသည်။ မုံတိုင်ပင်ဆရာတော် ရေးသားခဲ့သည့် ''သိမ်အကြောင်းမှတ်တမ်းသင်ပုန်းပျဉ်စာ"၌ အောက်ပါအတိုင်း ရေးသားထားသည်။

''မုံတိုင်ပင်အနောက်ကျောင်း ဝံသပါလမည်သောဆရာတော်သည် မောင်ရှင် ခုနစ်ဝါ၊ ရဟန်း ၁၁ ဝါ၊ အသက် ၃၄ နှစ် ရှိသတည်း။ ၎င်း ၃၄ နှစ်တွင်း၌ ဝိနည်း ငါးကျမ်း၊ သုတ်သုံးကျမ်းကို အဋ္ဌကထာနှင့်တကွ အကုန်သင်သတည်း။ ညဝါမှာ ဟောရိုးသာကုန်သတည်း။ ဤမှတပါးလည်း သင်မိသည့်စာရှိသေး၏။ မောင်ရှင်ခုနစ်ဝါ၊ ရဟန်း လေးဝါ ဆရာတို့ထံ၌ ယခင်ကျမ်းတို့ကို ကြိုးပမ်း၍ သင်သတည်း" ဟူ၍ ရေးသားထားသည်။ ထို့ကြောင့် မုံတိုင်ပင်ဆရာတော်သည် ရဟန်းလေးဝါအထိ စာသင်ကြားခဲ့ကြောင်းသိရသည်။ ရဟန်းလေးဝါတွင် ပညာသင်ကြားခဲ့ရာ၌ မည်သည့်ဆရာတော်တို့ထံ ပညာသင်ကြားခဲ့သည်ကို မသိရပေ။ ဆရာတော်၏စာပေများတွင် ရဟန်းဘဝက သင်ကြားခဲ့သည့် ဆရာများကို မတွေ့ရချေ။ ထိုသို့ မတွေ့ရသောကြောင့် ရဟန်းဘဝက ဆရာများသည်လည်း အောင်မြေဘုံမိစံကျောင်းဆရာတော်နှင့် အင်းဝမြို့ ဦးသုနန္ဒဆရာတော်တို့ပင်ဖြစ်ဖွယ်ရှိသည်။ ထို့ကြောင့် အထွေအထူး မရေးခဲ့ခြင်းဖြစ်သည်။

မုံတိုင်ပင်ဆရာတော်ကို ရဟန်းလေးဝါထိ ပညာသင်ကြားပေးခဲ့သော ဆရာများမှာ ဆရာတော် ဦးသုနန္ဒဖြစ်သည်ဟု ဆက်စပ်တွေးနိုင်သည်မှာ ခေါင်းလောင်းလှူဒါန်းခဲ့သည့် နေ့စွဲဖြစ်သည်။ မုံတိုင်ပင်ဆရာတော်နှင့် ဆွေမျိုးတစ်စုတို့ စုပေါင်း၍ ခေါင်းလောင်းလှူသောနေ့မှာ သက္ကရာဇ် ၁၁၆၃ခု၊ နယုန်လဖြစ်သည်။ မုံတိုင်ပင်ဆရာတော်ရဟန်းခံသည့်နေ့မှာ သက္ကရာဇ် ၁၁၆၃ ခု၊ တန်ခူးလဆန်း ၁၀ရက်နေ့ (၁၈၀၂ခု၊ မတ် ၁၂) ဖြစ်သည်။ ရဟန်းခံပြီးမှ ခေါင်းလောင်းကိုလှူဒါန်းခဲ့သဖြင့် ဦးသုနန္ဒထံ ရဟန်းဘဝဖြင့် ဆက်၍ ပညာသင်ကြားခဲ့ဟန်ရှိသည်။

**မုံတိုင်ပင်ဆရာတော်၏ဉာဏ်စွမ်း**

မုံတိုင်ပင်ဆရာတော်သည် ဉာဏ်ရည်အလွန်ကောင်းသည်။ စာပေသင်ကြားရာတွင် ဉာဏ်စွမ်းဉာဏ်စထက်မြက်သောကြောင့်သင်သမျှစာ ခဏနှင့်ပင်ရသည်။ ဘိက္ခုပါတိမောက်နှင့် ဘိက္ခုနီပါတိမောက်၊ သဒ္ဒါကျမ်းတို့ကို နှုတ်တော်ပင်ဟစရာမလိုဘဲ ကြည့်ကာမျှဖြင့်ရသည်။ မောဂ္ဂလာန်သဒ္ဒါကျမ်းကို မှောက်လှန်ပစ်နိုင်အောင် ကျွမ်းသည်။ ဝိဂြိုဟ်ကျမ်းအမျိုးအစားဖြစ်သော ဂဠုန်ပျံကျမ်းကို အကြံရဲရင့်သည်။ ဉာတ်နှင့် နေတ္တိကျမ်းကိုလည်း မြင်ရုံဖြင့်သိသည်။ အဘိဓာန်ကိုလည်းရုံဖန်ရုံခါ ကြည့်ရုံမျှဖြင့် သိသည်၊ နားလည်သည်။

❖**မုံတိုင်ပင်ဆရာတော်သည် ဉာဏ်ရည်အလွန်ကောင်းသည်။ စာပေသင်ကြားရာတွင် ဉာဏ်စွမ်းဉာဏ်စ ထက်မြက်သောကြောင့် သင်သမျှစာ ခဏနှင့်ပင်ရသည်။ ဘိက္ခုပါတိမောက်နှင့် ဘိက္ခုနီပါတိမောက်၊ သဒ္ဒါကျမ်းတို့ကို နှုတ်တော်ပင်ဟစရာမလိုဘဲ ကြည့်ကာဖြင့်ရသည်။ မောဂ္ဂလာန်သဒ္ဒါကျမ်းကို မှောက်လှန်ပစ်နိုင်အောင် ကျွမ်းသည်။ ဝိဂြိုဟ်ကျမ်းအမျိုးအစားဖြစ်သော ဂဠုန်ပျံကျမ်းကို အကြံရဲရင့်သည်။ ဉာတ်နှင့် နေတ္တိကျမ်းကိုလည်းမြင်ရုံဖြင့်သိသည်။ အဘိဓာန်ကိုလည်းရုံဖန်ရုံခါ ကြည့်ရုံမျှဖြင့်သိသည်၊ နားလည်သည်။** ❖

ပိဋကသုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မခန္ဓာပေါင်း ၈၄၀၀၀၊ မြားမြောင်လှသောဘုရားဟော ပိဋကတ်ကိုလည်း ဆရာမြတ်ထံမှ မြင်းပျံကဲ့သို့ လျှင်မြန်စွာ သင်ယူတတ်မြောက်သည်။ အာဂုံဆောင်နိုင်သည်။ ပိဋကသုံးပုံတွင်သာမက ပိဋကသုံးပုံ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာတို့ကိုပါ နေ၊ လကဲ့သို့ ဉာဏ်ထက်၏။ဉာဏ်ကောင်း၏။ထိုအကြောင်းများကို မုံတိုင်ပင်ဆရာတော်သည် သုံးပုံအိတ်ထောင့်ကျမ်းနိဂုံး၌ သံပေါက်စီ၍ ထားခဲ့သည်။

၁။ နှစ်စောင်ပါတိမုတ်၊ သဒ္ဒါရုပ်၊ လျှာနှုတ်မဟပါ။

၂။ အနက်သမ္ဗန်၊ အဘိဓာန်၊ ရုံခါကြည့်ရုံသာ။

၃။ သဒ္ဒါမျိုးဆန်၊ မောဂ္ဂလ္လာန်၊မှောက်လန် ဉာဏ်ထဲမှ။

၄။ ဝိဂြိုဟ်မျိုးဆန်၊ဂဠုန်ပျံ၊ အကြံရဲရင့်စွာ။

၅။ ဉာတ်နှင့်နေတ္တိ၊ကျမ်းသတ္တိ၊ မြင်သိရှိတိုင်းသာ။

၆။ တဒ္ဓိတ်အာချာတ်၊ ကိတ်ဥဏာဒိ၊ ပြတ်သည့် ခါးပမာ။

၇။ ပိဋကသုံးသွယ်၊ ငါးနိကာယ်၊ သုံးသွယ် မြတ်အင်္ဂါ။

၈။ ရှစ်သောင်းလေးထောင်၊ ကျမ်းကုန်အောင်၊ မြားမြောင်ဒေသနာ။

၉။ ဆရာမြတ်ထံ၊ သင်လေ့အံ၊ မြင်းပျံကဲ့ပမာ။

၁၀။ ဆရာမြတ်လှ၊ မေးကိုကြွ၊ နေလဥပမာ။

၁၁။ ဆရာသခင်၊ နှုတ်တော်ပြင်၊ နေလဥပမာ။

မုံတိုင်ပင်ဆရာတော်သည် ပညာသင်ကြားရာတွင် ဉာဏ်ကောင်းလွန်းသောကြောင့် သာမဏေဘဝကပင် ပိဋကသုံးပုံကို အာဂုံဆောင်နိုင်သည်။ ယခုခေတ်ကဲ့သို့ တိပိဋကရေဘွဲ့များ မုံတိုင်ပင်ဆရာတော်ခေတ်ကပေးမည်ဆိုလျှင် မုံတိုင်ပင်ဆရာတော်သည် တိပိဋကဘွဲ့ရမည်မှာ သေချာသည်။ ထိုကဲ့သို့ မုံတိုင်ပင်ဆရာတော်၏ ဂုဏ်ရည်ကို ဆီးဘန်နီကျောင်းတိုက် ဓမ္မကထိက ဆရာတော် အရှင်စာရိန္ဒာသဘက ''အကယ်၍ ယခုခေတ်တွင် ပိဋကသုံးပုံနှုတ်ငုံဆောင်အရှင်မြတ်တို့အား 'ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကရေ၊ မဟာတိပိဋကကောဝိဒ၊ တိပိဋကရေဓမ္မ ဘဏ္ဍာဂါရိက" ဟူသော ဘွဲ့တံဆိပ်တော်များ ဆက်ကပ်သကဲ့သို့ ထိုခေတ်ထိုအချိန်က တိပိဋကရေဘွဲ့တံဆိပ်တော်ဆက်ကပ်သော ထုံးထမ်းစဉ်လာ ရှိခဲ့ပါမူ သာမဏေရှင်ပရမသည်'တိပိဋကရေသာမဏေကျော်' ဟူသော ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံယူရမည်မှာ သေချာလှပေသည်။ ထို့ကြောင့် သာမဏေရှင်ပရမအား ' တိပိဋကရေ သာမဏေကျော်' ဟု ပညတ်တွင်ခေါ်သမုတ်ကြသော်လည်း လွန်အံ့မထင်ပါပေ" ဟူ၍ ရေးသားခဲ့ပေသည်။

**ရဟန်းဘဝသို့**

မုံတိုင်ပင်ဆရာတော်သည် ၁၆နှစ်အရွယ်တွင် ရှင်သာမဏေပြုပြီး ရှင်သာမဏေဝါခုနစ်ဝါ အရ၊ သက်တော် ၂၃ နှစ် အရွယ်တွင် ရဟန်းခံခဲ့ပါသည်။ ရဟန်းခံရသည့် အသက် ၂၀ အရွယ်ထက် သုံးနှစ်လွန်မှ ရဟန်းခံခဲ့ခြင်းဖြစ်သည်။ မုံတိုင်ပင်ဆရာတော် ရဟန်းခံသောနေ့မှာ ၁၁၆၃ ခုနှစ်၊ တကူးလဆန်း ၁၀ ရက်၊ သောကြာနေ့ (၁၈၀၂ ခု ၊ မတ် ၁၂)နေ့ မွန်းလွဲ ၂၇ ဖဝါးအချိန်ဖြစ်သည်။ ထို့နေ့တွင် ရှင်သာမဏေဘဝမှ ရဟန်းဘဝသို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။

မုံတိုင်ပင်ဆရာတော်ကြီးရဟန်းခံရာ သိမ်မှာ မူးမြစ်ရေသိမ်၌ဖြစ်သည်။ မုံတိုင်ပင်ရွာ၏ အရှေ့ဘက်နှစ်မိုင်ခန့်အကွာတွင် အင်ပင်ရွာရှိသည်။ အင်ပင်ရွာ၏ အရှေ့ဘက်ကပ်လျက်တွင် မူးမြစ်သည် တောင်မြောက်စီးဆင်းနေသည်။ ထိုအင်ပင်ရွာဆိပ်ကမ်း မူးမြစ်နဒီသိမ်အတွင်း၌ ရဟန်းခံခဲ့ခြင်းဖြစ်သည်။ မုံတိုင်ပင်ဆရာတော်သည် ရဟန်းခံနေ့စွဲနှင့် ရဟန်းခံရာ မူးမြစ်နဒီသိမ်ဖြစ်ကြောင်းကို နှောင်းလူတို့အမှတ်အသားမမှားစေရန် သုံးပုံဟင်းလေးကျမ်းနိဂုံး၌ '' ကောဇာသက္ကရာဇ်၊ အစ်နှစ်လုံးခံ၊ ခြောက်သုံးရုံလျက်၊ လမွန်တာကူး၊ ဆန်းဦးတက်ရောက်၊ ဆယ်ရက်မြောက်၌၊ သောကြာနေ့တိမ်း၊ ညချမ်းယိမ်းဝယ်၊ နှစ်ဆယ်ခုနစ် ဘုရား၊ ဆာယာသွားတွင်၊ ရွာအင်ပင်၏၊ ရှေ့ခွင်မျက်နှာ၊ မဝေးကွာသား၊ ဆာယာရိပ်ငြိမ်၊ နဒီသိမ်၌၊ အချိန်သင့်ရောက်၊ ပဉ္စင်းမြောက်သည်" ဟူ၍ တိတိကျကျ ရေးဖွဲ့ထားသည်။ မုံတိုင်ပင်ဆရာတော် ရဟန်းခံရာ အင်ပင်ရွာသည် ယခုတိုင်အောင် မုံတိုင်ပင်ရွာ၏ အရှေ့ဘက်၌ တည်ရှိနေပါသည်။

**၃။ ဥပဇ္ဈာယ်ဆရာနှင့် ကာရကသံဃာများ**

မုံတိုင်ပင်ဆရာတော်ကို သာမဏေဘဝမှ ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ ရောက်အောင် ချီးမြှောက်ပေးသော ဥပဇ္ဈာယ်ဆရာတော်မှာ ဘထွေးတော်စပ်သည့် ကွမ်းအုံဆရာတော် ဦးဥတ္တမစာရဖြစ်သည်။ ဆရာတော် ဦးဥတ္တမစာရအပါအဝင် ကမ္မဝါဆရာတော်၊ ကာရက သံဃာတော် စုစုပေါင်း သံဃာတော် ၁၁ ပါးက ရဟန်းဘောင်ရောက်အောင်သွတ်သွင်းချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ထိုဆရာတော် ၁၁ ပါး၏ ဘွဲ့အမည်များကို မုံတိုင်ပင်ဆရာတော်သည် သုံးပုံဟင်းလေးကျမ်းနိဂုံး၌ လင်္ကာသီကုံး၍ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ထိုလင်္ကာမှာ-

''ချီးမြှောက်ကမ္မဝါ၊ ဆရာမှာကား၊ ဥတ္တမစာရ၊ကွမ်းအုံကလျှင်၊ မည်ရထင်ပေါ်၊ ဆရာတော်နှင့်၊ခေါ်ဝေါ်သညာ၊ မုံလှရွာက၊ ဦးဉာဏဟု၊ သဒ္ဓမ္မစာရီ၊ သညီထင်ရှား၊ ဖုန်းပုဏ္ဏကား ရွှေကျောင်း၊ ပေါင်းသုံးပါးဝယ်၊ ဥပဇ္ဈာယ်မှာ၊ ဥတ္တမာစာရ၊ ကာရကကား၊ ရှစ်ပါးသင်္ချာ၊ ပညာဇောတ၊ မည်ရတွင်ရှောင်း၊ တူးမောင်းနောက်တိုက်၊ ရှေ့၌လည်းကောင်း၊ တကျောင်းတိုက်ပြု၊ သုမင်္ဂလ၊ ဆရာမှလျှင်၊ ဂါမသညာ၊ ရွာသာယာ၌၊ ပညာရာမ၊ တူကွပါဝင်၊ မုံတိုင်ပင်က၊ ကလျာဏနှင့်၊ စည်းမရွာတွင်၊ စန္ဒလင်္ကာ၊ ပျော်ရာတသီး၊ ရွာသစ်ကြီးက၊ကောင်းခြီးရေးရှု၊ ကေတုမာလာ၊ ရပ်မင်းရွာတွင်၊

စာမျက်နှာ ၅ သို့ ➤

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပွင့်ဖြူမြို့နယ်၌ ပဲကြီး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲကြီးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၉၈၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲကြီးစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ဧက ၁၆ ဒသမ ၆၈တင်းထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်းမိုးသီးနှံ စိုက်ပျိုးရာသီက ပဲကြီး ၉၈၁ ဧကစိုက်ပျိုးပြီး ပဲကြီးစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှု ရှိခဲ့ပါတယ်။ ပဲကြီးစိုက်ခင်းတွေကို ဒီနေ့မှာ အားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်၊ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ စိုက်ပျိုးရေမျိုးစနစ်တကျ သုံးစွဲရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနှင့် သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲတတ်စေရေးစသည့် တောင်သူပညာပေး လုပ်ငန်းများအပြင် သီးနှံ ရိတ်သိမ်းခြွေလှေ့ချိန်တွင်လည်းအထွက်နှုန်းလျော့နည်းမှုမရှိစေရေးအတွက် အချိန်မီသီးနှံရိတ်သိမ်းခြွေလှေ့ နည်းပညာနှင့် ရိတ်သိမ်းပြီးသီးနှံများ အရည်အသွေးကောင်းမွန်စေရန် အမိုးအကာအောက်တွင် စနစ်တကျထားသို သိမ်းဆည်းနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးသီးနှံများကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးခြင်းနှင့် အထွက်နှုန်းများ တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေမည့်အပြင်ပို့လျှံမှုကိုရောင်းချနိုင်၍ တောင်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် ဒေသမရွေး ပဲကြီးသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

➤ စာမျက်နှာ ၄ မှအဆက်

ဂုဏာသဘ၊ စသည် သံဃာ၊ ဆယ့်တဖြာတို့၊ သမ္မာနုဂ္ဂဟ၊ ချီးမြှောက်ကြ၍၊ ဥပသမ္ပဒမည်မှန်း၊အထက်ငြမ်းသို့၊ တက်လှမ်းကူးမြောက်၊ အပြီးရောက်သည်" ဟူ၍ ဖြစ်သည်။ထိုလင်္ကာအရ မုံတိုင်ပင်ဆရာတော်ကို ရဟန်းဘောင်သို့ သွတ်သွင်း ချီးမြှောက်ခဲ့သော ဆရာတော်များကို အောက်ပါအတိုင်းတွေ့ရမည်ဖြစ်သည်။

**ဥပဇ္ဈာယ်ဆရာတော်**

၁။ ကွမ်းအုံဆရာတော်ဦးဥတ္တမစာရ

**ကမ္မဝါဆရာတော်သုံးပါး**

၁။ ကွမ်းအုံဆရာတော်ဦးဥတ္တမစာရ

၂။ မုံလှဆရာတော် ဦးဉာဏ

၃။ ပုဏ္ဏားရွှေကျောင်းဆရာတော်ဦးသဒ္ဓမ္မစာရ

**ကာရကသံဃာတော် ရှစ်ပါး**

၁။ တူးမောင်းအနောက်ကျောင်းဆရာတော်ဦးပညာဇောတ

၂။ တူးမောင်းအရှေ့ကျောင်းဆရာတော်ဦးသုမင်္ဂလ

၃။ မုံတိုင်ပင်ဆရာတော် ဦးကလျာဏ

၄။ စည်းမကျောင်းဆရာတော် ဦးစန္ဒလင်္ကာရ

၅။ ရွာသစ်ကြီးကျောင်းဆရာတော် ဦးကေတုမာလာ

၆။ မင်းရွာကျောင်းဆရာတော် ဦးဂုဏာသဘ

၇။ ရွာသာယာဂိုဏ်းထောက်ဆရာတော် ဦးပညာရာမ

၈။ ထီးဆောင်းကုန်းကျောင်းဆရာတော် ဦးအာစာရမ္ဘ

လင်္ကာတွင် ကာရကသံဃာတော်ရှစ်ပါးဟု ပြထားသော်လည်း အမှန်တကယ် ရေတွက်ကြည့်သည့်အခါ ခုနစ်ပါးသာတွေ့ရသည်။ ထီးဆောင်းကုန်းကျောင်းဆရာတော် မပါပေ။ လင်္ကာတွင် မပါသော်လည်း အထက်စာရင်းတွင် ထည့်သွင်းဖော်ပြရခြင်းမှာ လင်္ကာအစတွင် " အာစာရမ္ဘာ၊ မည်ရတွင်ထူး၊ လက်ဦးဆရာ" ဟူ၍ ထည့်သွင်းရေးသားထားသဖြင့် ထည့်သွင်းရေတွက်ထားခြင်းဖြစ်သည်။

**ဘွဲ့အမည်ပြောင်းခြင်း**

မုံတိုင်ပင်ဆရာတော်၏ သာမဏေဘဝကဘွဲ့အမည်မှာ ရှင်ပရမဖြစ်သည်။ ၎င်းဆရာဖြစ်သည့် ထီးဆောင်းကုန်းကျောင်း ဆရာတော်ဦးအာစာရမ္ဘက ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုအမည်သည်နေ့နံနှင့် မညီပေ။ မုံတိုင်ပင်ဆရာတော်သည် ဗုဒ္ဓဟူးသား ဖြစ်သည်။ ရှင်ပရမအမည်သည် ကြာသပတေးနံ ဖြစ်နေသည်။ ထို့ကြောင့် ရဟန်းခံသောအခါတွင် နေ့နံနှင့် ကိုက်ညီစေရန် ဘထွေးတော်စပ်သည့် ကွမ်းအုံဆရာတော် ဦးဥတ္တမစာရက ဝံသပါလဟူ၍ ဘွဲ့အမည်သစ်ပေးခဲ့သည်။ ထို့ကြောင့် မုံတိုင်ပင်ဆရာတော်သည် သာမဏေအမည်ရှင်ပရမမှ ရဟန်းဘွဲ့အမည် ဝံသပါလသို့ ပြောင်းလဲခဲ့ပေသည်။ ထိုအကြောင်းကိုလည်း မုံတိုင်ပင်ဆရာတော်သည် သုံးပုံဟင်းလေးကျမ်းနိဂုံး၌–

"အာစာရမ္ဘ၊ မည်ရတွင်ထူး၊ လက်ဦးဆရာ၊ မိန့်ခဲ့မှာသည်၊ မြတ်ရာမှန်လှ၊ ပရမဟု၊ နာမရွှန်းဝေ၊ သာမဏေက၊ ခေါ်ဝေါ်ကြသား၊ တွင်ထအမည် ထူးလည်ချိုသာ၊ ကောင်းထုံစွာလည်း၊ နေ့နာမသင့်၊ ဖြစ်သဖြင့်လျှင်၊ ထပ်ဆင့်တကြောင်း၊ အမည်ဟောင်းကိုစွန့်ရှောင်းပယ်ခွာ၊ မှည့်သည်မှာကား၊ မင်္ဂလာ မြတ်မွန်၊ နိမိတ်ညွှန်၍၊ ဝံသပါလ၊ အန္တတ္တာဖြင့်၊ ဝါကျအစုံ၊ ချစ်ကြည်ယုံ၍၊ ကွမ်းအုံဂါမာ၊ မြတ်သောရွာက၊ ဆရာနိသျှည်း၊ ဘွဲ့ယဉ်စည်း၍၊ နေ့လည်းသင့်စွာ၊ ခေါ်ရာလည်းကောင်း၊ မှည့်တုံ့ရှောင်းသား" ဟူ၍ ရေးဖွဲ့ထားသည်။

### အမှားပြင်ဆင်ချက်

- ဘဝတိုက်ပွဲ ရင်ဆိုင်နွဲရင်း
  လဲကျမချိ ရှုံးဖူး၏။

- နဖူးလက်တင် ကြောင်းကျိုးယှဉ်၍
  ရှုမြင်တိပ ပြန်တွေးဆမှ
  ငါ့မှာလုံးလုံး ဘဝဆုံးအောင်
  ကျရှုံးခဲ့သည် မဟုတ်ပြီ။

- သတိမဆောင် အသိခေါင်၍
  မအောင်မြင်နိုင် မဖြစ်နိုင်သည့်
  နိုင်ခွင့်နည်းပါး နည်းလမ်းမှားကို
  ငါကားသုံးမိ အဖြေသိ။

- ရည်ရွယ်မှန်းသည့်
  ပန်းတိုင်တစ်ထောက် လှမ်းကိုင်ရောက်ဖို့
  ပြီးမြောက်ပိုင်နိုင် အောင်မြင်နိုင်သည့်
  ဖြစ်နိုင်ခွင့်သာ နည်းလမ်းရှာလျက်
  ငါသည် ယနေ့ ဖွဲ့ဉာဏ်ပွေ့ကာ
  မကွေ့ဦးတည် စိုက်မတ်ချီအံ့
  ယုံကြည်အားတက် မိဋ္ဌာန်ချက်ဖြင့်
  နက်ဖြန်များစွာ ငါ့ရှေ့မှာ။ ။

**ချစ်စုအောင်**

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတတို့ ယခုလအတွင်းတွေ့ဆုံနိုင်ကြောင်း ရုရှားအစိုးရပြောကြား



မော်စကို ဖေဖော်ဝါရီ ၁၉

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ အနေဖြင့် ယခုလအတွင်း လူချင်းတွေ့ဆုံဆွေးနွေးနိုင်ဖွယ်ရှိကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

သို့ရာတွင် သမ္မတဒေါ်နယ်ထရန့်နှင့် သမ္မတပူတင်တို့၏ ထိပ်သီးဆွေးနွေးပွဲအတွက်ပြင်ဆင်ရာတွင် ပုံမှန်ထက်အချိန်ယူရနိုင်ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမိထရီပက်စကော့ဗ်က ယနေ့သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အကယ်၍ ဖြစ်မြောက်ခဲ့ပါက အဆိုပါထိပ်သီးဆွေးနွေးပွဲသည် ရုရှားသမ္မတတစ်ဦးနှင့် အမေရိကန်သမ္မတ တစ်ဦးတို့အတွက် ၂၀၂၁ ခုနှစ်နောက်ပိုင်း ပထမဆုံးထိပ်သီးဆွေးနွေးပွဲ ဖြစ်လာလိမ့်မည်ဖြစ်သည်။

ရုရှားသမ္မတ ပူတင်သည် ဒေါ်နယ်ထရန့်မတိုင်မီ အမေရိကန်သမ္မတရာထူးရယူခဲ့သော သမ္မတဟောင်း ဂျိုးဘိုင်ဒင်နှင့် ၂၀၂၁ ခုနှစ်ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ဖူးသည်။

ရုရှားနှင့် အမေရိကန်အစိုးရအဆင့်မြင့် တာဝန်ရှိသူများသည် ယူကရိန်းပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် ပထမခြေလှမ်းအဖြစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသည် မကြာမီကာလအတွင်း သမ္မတဒေါ်နယ်ထရန့်နှင့် သမ္မတပူတင်တို့ကြား ထိပ်သီးဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် လမ်းဖွင့်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဟောင်ကောင်၏ ၂၀၂၄ ခုနှစ် လူဦးရေ ၇ ဒသမ ၅၃ သန်းကျော်ထိရှိကြောင်း တရုတ်မီဒီယာများ သတင်းထုတ်ပြန်

ပေကျင်း ဖေဖော်ဝါရီ ၁၉

တရုတ်နိုင်ငံ ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ၂၀၂၄ ခုနှစ် လူဦးရေသည် သုညဒသမ ၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး စုစုပေါင်း လူဦးရေ ၇ ဒသမ ၅၃သန်းကျော်ထိရှိလာခဲ့ကြောင်း တရုတ်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဟောင်ကောင်ဒေသသို့ ဝင်ရောက်လာသည့် လူသစ် ၂၁၀၀၀ တို့ကြောင့် ဟောင်ကောင်၏ ၂၀၂၄ ခုနှစ် လူဦးရေဆက်လက်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ယင်းအပြင်၂၀၂၄ ခုနှစ်အတွင်း ဟောင်ကောင်ဒေသ၌ ကလေးမွေးဖွားမှုနှုန်း ၁၁ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး ၃၆၇၀၀ထိမွေးဖွားခဲ့ကြောင်း တရုတ်မီဒီယာများ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လူဦးရေသည် ၂၀၂၄ ခုနှစ်တွင် တတိယမြောက်နှစ်အဖြစ် ဆက်လက်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လူဦးရေမှာ ၂၀၂၄ ခုနှစ်တွင် သုံးနှစ်ဆက်တိုက်မြင့်တက်လာခဲ့သော်လည်း တရုတ်ပြည်မကြီး၏ လူဦးရေမှာ ၂၀၂၄ ခုနှစ်အတွင်း တတိယမြောက်နှစ်အဖြစ် ဆက်တိုက်ကျဆင်းခဲ့သည်။

ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စီးပွားရေးကိုမြင့်တင်ရန်နှင့် ကိုဗစ်ကပ်ဘေးအလွန်ကာလ နိုင်ငံတကာပုံရိပ်ကို ပြန်ထိန်းထားနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ပိုင်ဆိုင်ခွင့်အငြင်းပွားကျွန်းပေါ်၌ ဆောက်လုပ်ရေးလုပ်ငန်းများ ဗီယက်နမ်နိုင်ငံပြုလုပ်နေမှုကို တရုတ်နိုင်ငံကန့်ကွက်

ပေကျင်း ဖေဖော်ဝါရီ ၁၉

တောင်တရုတ်ပင်လယ်ဒေသ ပိုင်ဆိုင်ခွင့်အငြင်းပွား ကျွန်းတစ်ကျွန်းပေါ်၌ ဗီယက်နမ်နိုင်ငံက ဆောက်လုပ်ရေး လုပ်ငန်းများ လုပ်ဆောင်နေမှုကို တရုတ်နိုင်ငံက ကန့်ကွက်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဘာကေးကနေဒါ အမည်ရှိ တောင်တရုတ်ပင်လယ်ဒေသ သန္တာကျွန်းပေါ်၌ ဗီယက်နမ်နိုင်ငံက ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို တရုတ်အစိုးရက ကန့်ကွက်ထားကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

စပရက်သ်လေကျွန်းစုဒေသ၌ တည်ရှိသော ဘာကေးကနေဒါ သန္တာကျွန်းကို ဗီယက်နမ်နိုင်ငံက ၁၉၈၀ ပြည့်နှစ်ကာလများကပင် စတင်ထိန်းချုပ်ထားသည်။

သို့ရာတွင် တရုတ်နိုင်ငံအပါအဝင် အခြားတောင်တရုတ်ပင်လယ်ဒေသနိုင်ငံများကလည်း ယင်းကျွန်းကို ပိုင်ဆိုင်ခွင့်ရရန် တောင်းဆိုထားကြသည်။

ဘာကေးကနေဒါ သန္တာကျွန်းမှာ တရုတ်အချုပ်အခြာပိုင်နက်နယ်မြေ၏အစိတ်အပိုင်းတစ်ခုဖြစ်ရာ ယင်းကျွန်းအား တရားမဝင်သိမ်းယူထားမှုကို မိမိတို့အစဉ်တစိုက် ဆန့်ကျင်ကြောင်းတရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါသတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ ဗီယက်နမ်အစိုးရက တစ်စုံတစ်ရာတုံ့ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ်မှစ၍ ဘာကေးကနေဒါသန္တာကျွန်း၏အရွယ်အစားကိုဝ၀ဆထိ တိုး၍ သဲဖို့ တည်ဆောက်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဝန်ကြီးချုပ်ဟောင်းကီရှီဒါအားလုပ်ကြံရန် ကြိုးစားသူကို ဂျပန်တရားရုံးထောင်ဒဏ် ၁၀နှစ် ချမှတ်

တိုကျို ဖေဖော်ဝါရီ ၁၉

ဂျပန်ဝန်ကြီးချုပ်ဟောင်း ဖူမီယိုကီရှီဒါကိုလုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့သူအမျိုးသားတစ်ဦးကို ဂျပန်တရားသူကြီးများက ယနေ့တွင် ထောင်ဒဏ် ၁၀ နှစ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ရီယူဂျီကီမူရာအမည်ရှိ အသက် ၂၅ နှစ်အရွယ် အဆိုပါ ဂျပန်အမျိုးသားသည် ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲ မဲဆွယ်ပွဲတစ်ခုတွင် ဝန်ကြီးချုပ်ဟောင်း ကီရှီဒါကို ပိုက်လုံးဗုံးဖြင့် ဖောက်ခွဲလုပ်ကြံရန် ကြိုးစားခဲ့သည်။

သို့ရာတွင် ကြိုးစားမှုအောင်မြင်ခြင်းမရှိခဲ့ဘဲ အခင်းဖြစ်ပွားရာ နေရာမှာပင် ဂျပန်ရဲတပ်ဖွဲ့ဝင်များက ကီမူရာကို ဖမ်းဆီးနိုင်ခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ကီရှီဒါကို လုပ်ကြံရန်ကြိုးပမ်းမှုဖြင့် ဝါကာယာမခရိုင်တရားရုံးက ကီမူရာကို ယနေ့တွင် ထောင်ဒဏ် ၁၀ နှစ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ဂျပန်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဂျပန်ဝန်ကြီးချုပ်ဟောင်းရှင်ဇို အာဘေး သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံခဲ့ပြီး တစ်နှစ်မပြည့်မီမှာပင် ဝန်ကြီးချုပ်ဟောင်း ကီရှီဒါ ထပ်မံလုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။

ဂျပန် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးသည် ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း မဲဆွယ်ပွဲတစ်ပွဲ၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံခဲ့ရပြီး ကွယ်လွန်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဒယ်လ်တာလေကြောင်းလိုင်းခရီးသည်တင်လေယာဉ် ပျံသန်းမှုမှတ်တမ်းတင်ကိရိယာများ ပြန်လည်ရရှိ

အော့တဝါ ဖေဖော်ဝါရီ ၁၉



ကနေဒါနိုင်ငံ တိုရွန်တိုပီယာဆန်လေဆိပ်အဆင်းတွင် ပျက်ကျခဲ့ပြီး တိမ်းမှောက်ခဲ့သည့် အမေရိကန်ဒယ်လ်တာ လေကြောင်းလိုင်းခရီးသည်တင် လေယာဉ်၏ ပျံသန်းမှု မှတ်တမ်းတင်ကိရိယာများကို ရှာဖွေတွေ့ရှိထားပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၈ ရက် သတင်းများတွင်ဖော်ပြထားသည်။

ဒယ်လ်တာလေကြောင်းလိုင်းမှ စီအာရ်ဂျေ ၉၀၀ အမျိုးအစား ခရီးသည်တင် လေယာဉ်သည် ဖေဖော်ဝါရီ ၁၇ ရက်က တိုရွန်တိုပီယာဆန်လေဆိပ်သို့ဆင်းသက်စဉ် ပျက်ကျတိမ်းမှောက်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် လေယာဉ်ပေါ်လိုက်ပါလာသူခရီးသည်၇၆ဦးနှင့်လေယာဉ်အမှုထမ်းလေးဦးတို့အနက် မည်သူတစ်ဦးတစ်ယောက်မျှ သေဆုံးခဲ့ခြင်းမရှိဘဲ၁၈ဦးသာဒဏ်ရာရရှိခဲ့သည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် နှင်းမုန်တိုင်းကြောင့် ရာသီဥတုအခြေအနေ ဆိုးရွားနေချိန်တွင် တိုရွန်တိုပီယာဆန်လေဆိပ်သို့ ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ၎င်းခရီးသည်တင်လေယာဉ်၏ ပျံသန်းမှုမှတ်တမ်းတင် ကိရိယာနှင့် လေယာဉ်မှူးခန်းအသံမှတ်တမ်းတင်ကိရိယာတို့ကို ပြန်လည်ရရှိထားကြောင်း ကနေဒါတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ကြောင့် ဒယ်လ်တာ လေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်ပျက်ကျမှု အကြောင်းရင်းကို ကနေဒါတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## WASP-121b နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းပေါ်တွင် သံနှင့်တိုက်တေနီယမ်ဒြပ်စင်များသယ်ဆောင်ထားသည့် လေပြင်းများတိုက်ခတ်နေ



**မက်ဒရစ် ဖေဖော်ဝါရီ ၁၉**

WASP-121b အမည်ရှိ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းပေါ်တွင် သံနှင့် တိုက်တေနီယမ်ဒြပ်စင်များ သယ်ဆောင်ထားသည့် လေပြင်းများ တိုက်ခတ်နေကြောင်း သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

WASP-121b ဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၉၀၀ ခန့် အကွာတွင်တည်ရှိပြီး သံရည်ပူ မိုးစက်များ ကျဆင်းနေတတ်မှုကြောင့် အလွန်တရာကြမ်းတမ်း သောဂြိုဟ်အဖြစ် မူလကပင် သတ်မှတ်ခံထားရသည်။

သို့ရာတွင် စပိန်သိပ္ပံပညာရှင်များ ဦးဆောင်သည့် သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့၏ ထပ်မံလေ့လာတွေ့ရှိချက်အရ WASP-121b ဂြိုဟ်ပေါ်တွင် သံနှင့် တိုက်တေနီယမ်ဒြပ်စင်များ သယ်ဆောင်ထားသည့် လေပြင်းများလည်း လှည့်ပတ်တိုက်ခတ်နေကြောင်း သိရသည်။

WASP-121b ဂြိုဟ်၏ သတ္တုဒြပ်စင်လေစီးကြောင်းများကို ချီလီနိုင်ငံ၌ တည်ဆောက်ထားသည့် ဗွီအယ်လ်တီ ရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

WASP-121b ဂြိုဟ်သည် အရွယ်အစားအားဖြင့် နေအဖွဲ့အစည်းအတွင်းရှိ ကြာသပတေးဂြိုဟ်အရွယ်အစားထက် နှစ်ဆပိုကြီးမားသော ဓာတ်ငွေ့ဂြိုဟ်ကြီးတစ်စင်းဖြစ်သည်။

အဆိုပါဂြိုဟ်သည် WASP-121 အမည်ရှိ မိခင်ကြယ်ကို ကမ္ဘာမြေအချိန်ကာလဖြင့် နာရီ ၃၀ လျှင် တစ်ပတ်ကျ လှည့်ပတ်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## 2024 YR 4 ဂြိုဟ်သိမ်နှင့် ကမ္ဘာဂြိုဟ်ဝင်တိုက်နိုင်ခြေ မူလတွက်ချက်ထားသည်ထက် ထပ်မံမြင့်တက်လာ



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

2024 YR 4 အမည်ရှိ ဂြိုဟ်သိမ်နှင့် ကမ္ဘာဂြိုဟ်တို့ ဝင်တိုက်နိုင်ခြေသည် မူလတွက်ချက်ထားသည်ထက် ထပ်မံမြင့်တက်လာကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) က ဖေဖော်ဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် 2024 YR 4 ဂြိုဟ်သိမ်နှင့် ကမ္ဘာဂြိုဟ်တို့ကြား ၂၀၃၂ ခုနှစ်တွင် ဝင်တိုက်နိုင်ခြေမှာ ၃ ဒသမ ၁ ရာခိုင်နှုန်းထိ မြင့်တက်လာကြောင်း နာဆာ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

2024 YR 4 ဂြိုဟ်သိမ်နှင့်ကမ္ဘာဂြိုဟ်တို့ကြား ၂၀၃၂ ခုနှစ်တွင် ဝင်တိုက်နိုင်ခြေမှာ ၂ ဒသမ ၁ ရာခိုင်နှုန်းထိရှိသည်ဟု နာဆာအဖွဲ့က ယခင်က ခန့်မှန်းထားကြောင်း သိရသည်။

သို့ရာတွင် လက်ရှိပျံသန်းရာလမ်းကြောင်းအရ 2024 YR 4 ဂြိုဟ်သိမ်နှင့် ကမ္ဘာဂြိုဟ်တို့ကြား ၂၀၃၂ ခုနှစ်တွင် ဝင်တိုက်နိုင်ခြေမှာ ၃ ဒသမ ၁ ရာခိုင်နှုန်းထိ ထပ်မံမြင့်တက်လာပြီဖြစ်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

2024 YR 4 ဂြိုဟ်သိမ်သည် ကမ္ဘာဂြိုဟ်အနီးတစ်ဝိုက်ရှိ ဂြိုဟ်သိမ်များအနက် ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေ တစ်ရာခိုင်နှုန်းအထက်ရှိသည့် တစ်စင်းတည်းသောဂြိုဟ်သိမ်ဖြစ်ရာ ၎င်းဂြိုဟ်သိမ်ကို နိုင်ငံတကာအာကာသအေဂျင်စီများက မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိကြောင်း၊ ၎င်းဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေရှိပြီး အကယ်၍ ဝင်တိုက်ခဲ့ပါက ဟီရိုရှီးမားနျူကလီးယားဗုံးပေါက်ကွဲမှုထက် အဆ ၁၀၀ ပြင်းထန်သည့်ပေါက်ကွဲမှုမျိုး ဖြစ်ပွားနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## အိုင်စပေ့စ်ကုမ္ပဏီ၏ Resilience လဆင်းယာဉ်က လကမ္ဘာကို အနီးကပ်ဖြတ်ကျော်ပျံသန်း၍ ဓာတ်ပုံများရိုက်ကူးခဲ့

**တိုကျို ဖေဖော်ဝါရီ ၁၉**

ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့စ်ကုမ္ပဏီ၏ Resilience လဆင်းယာဉ်သည် လကမ္ဘာကို အနီးကပ်ဖြတ်ကျော်ပျံသန်း၍ ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း ဖေဖော်ဝါရီ ၁၈ ရက် သတင်းများအရ သိရသည်။

Resilience လဆင်းယာဉ်သည် လကမ္ဘာကို ဖေဖော်ဝါရီ ၁၄ ရက်က မိုင်ပေါင်း ၅၂၂၀ အကွာမှ တစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ပြီး လမျက်နှာပြင်ကိုလည်း ဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း အိုင်စပေ့စ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Resilience လဆင်းယာဉ်သည် စတင်လွှတ်တင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Resilience လဆင်းယာဉ်သည် လကို အနီးကပ်ဖြတ်သန်းခြင်းဖြင့် လပတ်လမ်းထဲ ဝင်ရောက်ရေးအတွက် ပျံသန်းရာလမ်းကြောင်းကို ထိန်းညှိပြင်ဆင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Resilience လဆင်းယာဉ်သည် လာမည့်မေလအတွင်း လပတ်လမ်းထဲ ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း အိုင်စပေ့စ်ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

အိုင်စပေ့စ်ကုမ္ပဏီ၏ Resilience လဆင်းယာဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ကယ်လ်စီယမ်ဓာတ်စားသုံးမှုမြင့်မားပါက အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၉**

ကယ်လ်စီယမ်ဓာတ် ကြွယ်ဝသည့် အစားအစာစားသုံးမှုမြင့်မားပါက အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်ရက်လျှင် ကယ်လ်စီယမ်ဓာတ်ကို မီလီဂရမ် ၁၇၀၀ ကျော် စားပေးပါက အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေကို ၃၀ ရာခိုင်နှုန်းကျော် လျှော့ချပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၆၂ နှစ်နှင့်အထက် လူပေါင်း ၄၇၁၃၉၆ ဦးတို့၏ ကယ်လ်စီယမ်စားသုံးမှုပုံစံများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကယ်လ်စီယမ် နေ့စဉ်စားသုံးမှု အမြင့်မားဆုံးသူများသည် စားသုံးမှုအနည်းပါးဆုံးသူများထက် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ ၂၉ ရာခိုင်နှုန်းပိုနည်းပါးသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

စမ်းသပ်လေ့လာမှုတွင် ပါဝင်သူများအနက် ကယ်လ်စီယမ် နေ့စဉ်စားသုံးမှုအမြင့်ဆုံးနှုန်းမှာ အမျိုးသမီးများတွင် ၂၀၅၆ မီလီဂရမ်နှင့် အမျိုးသားများ၌ ၁၇၇၂ မီလီဂရမ်ထိရှိကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News
Trs : KKO

## နို့အချဉ်ဖောက်ချိန်တွင် ထွက်ပေါ်တတ်သည့် ဗက်တီးရီးယားတစ်မျိုးက အော်တစ်ဇင်၏ လက္ခဏာတချို့ကို လျှော့ချပေးနိုင်

**ပေကျင်း ဖေဖော်ဝါရီ ၁၉**

နို့အချဉ်ဖောက်ချိန်တွင် ထွက်ပေါ်လာတတ်သော အကျိုးပြု ဗက်တီးရီးယား တစ်မျိုးသည် အော်တစ်ဇင်ရောဂါ၏ လက္ခဏာတချို့ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၁၈ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အော်တစ်ဇင်ရောဂါကို စိတ်ကျန်းမာရေးဆေးဝါးများဖြင့် ဆေးပညာရှင်များက ကုသပေးနေရသည်။

သို့ရာတွင် တရုတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Lactobacillus Murinus ခေါ် ဗက်တီးရီးယားတစ်မျိုးသည် အော်တစ်ဇင်ရောဂါ လက္ခဏာတချို့ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များသည် အော်တစ်ဇင်လက္ခဏာများထည့်ထားသည့်ကြွက်များကို Lactobacillus Murinus ဗက်တီးရီးယားဖြင့် ရက် ၃၀ ကြာ ကုသပေးခဲ့ရာ ကြွက်များ၏ သင်ယူနိုင်မှုစွမ်းရည်နှင့် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေ ထိတွေ့နိုင်စွမ်းများ ပိုမိုအားကောင်းလာကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Lactobacillus Murinus ဗက်တီးရီးယားကုထုံးသည် လက်ရှိ အော်တစ်ဇင်ကုထုံးများကဲ့သို့ပင် ထိရောက်မှုရှိနိုင်ကြောင်း တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။

Lactobacillus Murinus ဗက်တီးရီးယားများကို ဒိန်ချဉ်နှင့်ဒိန်ခဲကဲ့သို့ နို့ထွက်ပစ္စည်းများ၌ တွေ့ရတတ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ခံစစ်ကစားသမား တိုမီယာဆု ဒဏ်ရာခွဲစိတ်မှု ပြုလုပ်ခဲ့ရဟု အာဆင်နယ်အသင်းထုတ်ပြန်

**လန်ဒန် ဖေဖော်ဝါရီ ၁၉**

ခံစစ်ကစားသမား တိုမီယာဆုသည် ဒူးဒဏ်ရာသက်သာလာခြင်း မရှိသည့်အတွက် ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရသောကြောင့် ဘောလုံးရာသီကုန်ထိ အနားယူရတော့မည်ဖြစ်ကြောင်း အာဆင်နယ်အသင်းက ထုတ်ပြန်ခဲ့သည်။

အသက် ၂၆ နှစ်ရှိ ခံစစ်ကစားသမားသည်ယခုနှစ်ဘောလုံးရာသီတွင် ဒူးဒဏ်ရာကြုံတွေ့ခဲ့ပြီးနောက် အသင်း၏ပွဲစဉ်အများအပြားကို လွဲချော်ခဲ့ရပြီး ပြီးခဲ့သည့်နှစ်အောက်တိုဘာလက ကစားခဲ့သည့် ဆောက်သမ်တန်အသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ပွဲကစားချိန်ခြောက်မိနစ်သာ ပါဝင်ခဲ့ပြီးနောက် အဆိုပါဒဏ်ရာကြောင့် ပွဲကစားနိုင်ခြင်းမရှိတော့ဘဲ လက်ရှိတွင် ဒဏ်ရာအခြေအနေမှာ သတ်မှတ်ကာလအတွင်း သက်သာလာခြင်းမရှိသဖြင့် ခွဲစိတ်ကုသမှုခံယူခဲ့ရကြောင်း သိရသည်။

တိုမီယာဆုသည် ၂၀၂၁ ခုနှစ်က ဘိုလော့ဂ်နာအသင်းမှ အာဆင်နယ်အသင်းသို့ရောက်ရှိခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့် ပြိုင်ပွဲစုံ ပွဲ ၃၀ ထိပါဝင်ကစားပေးနိုင်သော်လည်း ယခုနှစ်တွင် ဒူးဒဏ်ရာကြောင့် ပွဲကစားချိန်အကန့်အသတ်ဖြင့်သာ ပါဝင်နေရကာ လက်ရှိအချိန်ထိ ဒဏ်ရာမှာ တိုးတက်မှုမရှိ၍ ခွဲစိတ်ကုသရမည်ဖြစ်ပြီး ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် အာဆင်နယ်အသင်းတွင် တိုက်စစ်မှူး ဂျီးဆပ်မှာလည်း အရွတ် ထိခိုက်ဒဏ်ရာကြောင့်လည်းကောင်း၊ ကိုင်ဟာဗက်မှာလည်း ခြေသလုံးကြွက်သားဒဏ်ရာကြောင့်လည်းကောင်း ခွဲစိတ်ကုသမှုခံယူခဲ့ရပြီး တိုမီယာဆုအနေဖြင့် တတိယမြောက် ခွဲစိတ်မှုပြုလုပ်ခဲ့ရသည့် ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် လီဗာပူးအသင်းနှင့် ရမှတ် ခုနစ်မှတ်သာကွာဟနေပြီး လာမည့်စနေနေ့တွင် လန်ဒန်မြို့ခံပြိုင်ဘက် ဝက်စ်ဟမ်းအသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်

Ref : Fotmob

Trs : ML



### အားကစားသတင်းအတိုအထွာများ

- ❑ ရီးရဲလ်မက်ဒရစ်အသင်းတွင် ပွဲကစားခွင့်ပျောက်ဆုံးနေသည့် တောင်ပံကစားသမား အန်းဒရစ်နှင့် အဒါဂူလာတို့နှစ်ဦးအနေဖြင့် လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ထားကြောင်း သိရသည်။
- ❑ ဆဲလ်တစ်အသင်းကို တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ပထမပိုင်းပွဲကစားချိန်အတွင်းရရှိခဲ့သည့် ပါးထိခိုက်ဒဏ်ရာကြောင့် ဒုတိယပိုင်းပွဲအစတွင် လူစားလဲထွက်ခွာခဲ့ရသည်။
- ❑ ပါးမားအသင်းက အင်တာမီလန်လူငယ်အသင်းနည်းပြ ချီဗူးကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ကြောင်း ကြေညာခဲ့သည်။

ML

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်ထိ ဆက်လက်ကျင်းပသွားမည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်ထိ ရန်ကုန်မြို့နှင့် တောင်ကြီးမြို့တို့တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ISPE အသင်းနှင့် သစ္စာအားမာန်အသင်း၊ ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်း၊ ဖေဖော်ဝါရီ ၂၂ ရက်ညနေ ၃ နာရီခွဲတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ဒဂုံပေါ့အသင်းတို့ကစားမည်ဖြစ်သည်။

ဆက်လက်ပြီး ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ဒဂုံစတားအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ရှောဝတီယူနိုက်တက် အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ အသီးသီးကစားသွားမည်ဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲမပြီးဆုံးမီကတည်းက ချန်ပီယံဆုအတွက် အဖြေထွက်ပေါ်ထားပြီး ရှမ်းယူနိုက်တက်အသင်းက ပွဲ ၂၀ ကစားပြီးချိန်တွင် ၁၈ ပွဲနိုင်၊ နှစ်ပွဲသရေ၊ ရှုံးပွဲမရှိ ရမှတ် ၅၆မှတ်ဖြင့် ချန်ပီယံဆုဆွတ်ခူးထားပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၁၃ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ တစ်ပွဲရှုံးရမှတ် ၄၅ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။ STA

## ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဘာရက်တီနီတက်ရောက်

**ဒိုဟာ ဖေဖော်ဝါရီ ၁၉**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့်အီတလီတင်းနစ် ကစားသမားဘာရက်တီနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာရက်တီနီက (၇-၆၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ပထမပွဲငယ်တွင် အကောင်းဆုံး ကစားနိုင်ခဲ့သော်လည်း tie-breakတွင် ရှုံးနိမ့်ခဲ့ပြီး ဒုတိယပွဲငယ်တွင် အမှားများခဲ့ကာ ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဂျိုကိုဗစ်နှင့် ဘာရက်တီနီတို့၏ ပွဲစဉ်သည် ပွဲကစားချိန် ၁ နာရီ ၃၅ မိနစ်သာကြာမြင့်ခဲ့ပြီး ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအားနှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးထားသည့် ဂျိုကိုဗစ်အတွက် တတိယမြောက် ဆုဖလားကို ဆွတ်ခူးနိုင်မည့် မျှော်လင့်ချက်အားလက်လျှော့ခဲ့ရပြီဖြစ်သည်။

အီတလီအဆင့်(၂) တင်းနစ်ကစားသမားဘာရက်တီနီအတွက် မျှော်လင့်မထားသည့်ရလဒ်ဖြစ်ပြီး ဒုတိယအဆင့်တွင် နယ်သာလန်တင်းနစ်ကစားသမား ဂရစ်စပူနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

ဘာရက်တီနီက "ဂျိုကိုဗစ်လို အကောင်းဆုံး ကစားသမားတစ်ယောက်ကို အနိုင်ကစားချင်တဲ့ ဆန္ဒကအမြဲရှိနေပါတယ်။



မျှော်လင့်မထားတဲ့ ရလဒ်မျိုးဖြစ်ပါတယ်။ အရင်တုန်းကလဲပွဲကြီးတချို့မှာဂျိုကိုဗစ်နဲ့ ယှဉ်ပြိုင်ကစားခဲ့ဖူးပါတယ်။ သူနဲ့ယှဉ်ပြိုင်ကစားခွင့်ရတဲ့ ပွဲစဉ်တိုင်းကတော့ ကျွန်တော့်အတွက် ဂုဏ်ယူစရာပါပဲ။ သူနဲ့ယှဉ်ပြိုင်ကစားရတဲ့ပွဲတော်တော်များများမှာ ကျွန်တော် ပဲရှုံးနိမ့်ခဲ့တယ်။ တစ်ကြိမ်လောက်တော့ အနိုင်ရချင်တဲ့ဆန္ဒ အခုတော့ အထမြောက်သွားခဲ့ပါပြီ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## ဖီယင်နူကို နှစ်ကျော့ပေါင်းရလဒ်ဖြင့် ရှုံးခဲ့သည့် အေစီမီလန်အသင်း ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရ

**မက်ဒရစ် ဖေဖော်ဝါရီ ၁၉**

ချန်ပီယံလိဂ် play-off ဒုတိယအကျော့ပွဲစဉ်တွင် အေစီမီလန်အသင်းက ဖီယင်နူအသင်းကို သရေရလဒ်သာ ကစားနိုင်သည့်အတွက် နှစ်ကျော့ပေါင်း နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

အေစီမီလန်အသင်းသည် ပထမအကျော့အဝေးကွင်းတွင် ဘောလုံးပိုင်ဆိုင်မှုအသာ ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ပွဲအစသုံးမိနစ်ကတည်းက သွင်းယူခဲ့သည့် ဖီယင်နူအသင်း၏ ဦးဆောင်ဂိုးကိုချေဖျက်နိုင်ခြင်းမရှိခဲ့၍ တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရပြီး ယခုဒုတိယအကျော့တွင် ပွဲစကတည်းက နိုင်ပွဲရရှိရေး ကြိုးပမ်းခဲ့ရာ ပွဲချိန်တစ်မိနစ်တွင် တိုက်စစ်မှူးဂျီမီနက်ဇ်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ ပြိုင်ပွဲကို ထိန်းချုပ်နိုင်ခဲ့သော်လည်း ပွဲကစားချိန် ၅၁ မိနစ်အရောက်တွင် ခံစစ်ကစားသမား သီယိုဟာနန်ဒက်စ် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသဖြင့် တိုက်စစ်ကစားအားကျဆင်းသွားခဲ့ရာ ပွဲကစားချိန် ၇၃ မိနစ်တွင် ဖီယင်နူအသင်းက တန်ပြန်တိုက်စစ်မှ ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သဖြင့် အေစီမီလန်အသင်းက နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အေစီမီလန်အသင်းသည် နည်းပြကွန်စီကာအို တာဝန်ယူပြီးနောက်ပိုင်း စူပါဖလားရယူနိုင်ခဲ့ကာ ကိုပါအီတာလီယာဖလားပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်ထိရောက်ရှိခဲ့သော်လည်း အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် နာပိုလီအသင်းနှင့် ရမှတ် ၁၅ မှတ် ကွာဟနေသောကြောင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန်မဖြစ်နိုင်တော့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# မြန်မာဖူဆယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား TG Unitedအသင်းနိုင်ပွဲရရှိခဲ့ပြီး ချန်ပီယံဆုအတွက် ထိပ်ဆုံးမှဦးဆောင်



ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီခွဲမှ စတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ဆက်လက်ကျင်းပခဲ့ရာ TG Unitedအသင်း နိုင်ပွဲရရှိခဲ့ပြီး ချန်ပီယံဆုအတွက် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေသည်။

မြန်မာဖူဆယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များအဖြစ် ယနေ့ နံနက် ၈ နာရီခွဲတွင် Let Wel Thone Nara FC အသင်းနှင့် Maryar FC အသင်းတို့ကစားခဲ့ရာ Let Wel Thone Nara FC အသင်းက ခုနစ်ဂိုး လေးဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီတွင် KKY FC အသင်းနှင့် YCDC Marga Youth FCအသင်းတို့ ကစားခဲ့ရာ YCDC Marga Youth FC အသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁နာရီခွဲတွင် Black Cross FCအသင်းနှင့် JZ Young FCအသင်းတို့ကစားခဲ့ရာ JZ Young FCအသင်းက ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်းအသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီတွင် Shwe Pyi Thar United အသင်းနှင့် Gold Dream FC အသင်းတို့ကစားခဲ့ရာ Gold Dream FCအသင်းက ငါးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲတွင် Pacific Sun Far FC အသင်းနှင့် 7 BrotherFCအသင်းတို့ကစားခဲ့ရာ သုံးဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ညနေ ၄ နာရီတွင်TG United အသင်းနှင့်7 Dragon FC အသင်းတို့ကစားခဲ့ရာ TG United အသင်းက ခြောက်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# Investec South African Open ပြိုင်ပွဲတွင် ရှုဝက်ဇယ်နှင့်ဘရန်ဒန်တို့ ပါဝင်ယှဉ်ပြိုင်မည်

ဒါဘန် ဖေဖော်ဝါရီ ၁၉

တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့တွင် မတ် ၂၇ ရက်၌ စတင်ကျင်းပသွားမည့်Investec South African Openဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိက၏အကောင်းဆုံးဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသော ရှုဝက်ဇယ်နှင့် ဘရန်ဒန်တို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဘရန်ဒန်သည် ၂၀၂၀ပြည့်နှစ်က Investec South African Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးခဲ့ဖူးသူဖြစ်ပြီး ရှုဝက်ဇယ်သည်လည်း ဂေါက်သီးရိုက်လောက၏ အရှိန်အဝါအကြီးဆုံး ပြိုင်ပွဲအဖြစ်သတ်မှတ်ခံထားရသည့် Masters champion ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးခဲ့ဖူးသူလည်းဖြစ်သည်။

မွေးရပ်မြေတွင် ကျင်းပသွားမည့်ပြိုင်ပွဲဖြစ်သည့်အတွက် ရှုဝက်ဇယ်နှင့် ဘရန်ဒန်တို့က အိမ်ရှင်ပရိသတ်များ၏ အားပေးမှုဖြင့် အောင်မြင်မှုရရှိရန် ပစ်မှတ်ထားနေကြကြောင်းလည်း သိရသည်။

ဘရန်ဒန်က"Investec South African Open ဂေါက်သီးရိုက်ပြိုင်ပွဲဟာ ဂေါက်သီးရိုက်လောကရဲ့ ဒုတိယမြောက် သက်တမ်းအရင့်ဆုံး ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှ ချန်ပီယံဖြစ်ခဲ့ဖူးတဲ့ အမှတ်တရတွေကို အခုထိ အမှတ်ရနေဆဲဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်တုန်းက ကာလီဘာရီကို အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ကာလီဘာရီလိုကစားသမားမျိုးကို အနိုင်ရခဲ့တာကို အမြဲတမ်းအမှတ်ရဂုဏ်ယူနေသလို တောင်အာဖရိကပရိသတ်ရှေ့မှာ ဆုဖလားကိုင်မြှောက်ခွင့်ရခဲ့တာကိုလဲ ဂုဏ်ယူနေဆဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ကစားမည့် အရေးကြီးပွဲစဉ်ကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် အန်တိုနီတေလာ တာဝန်ယူကြီးကြပ်မည်

လန်ဒန် ဖေဖော်ဝါရီ ၁၉

မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ကစားမည့် အရေးကြီးပွဲစဉ်ဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၆)ပွဲစဉ်ကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် ထိပ်တန်းဒိုင်လူကြီးတစ်ဦးဖြစ်သည့် အန်တိုနီတေလာက တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၆)အဖြစ် လာမည့် ဖေဖော်ဝါရီ ၂၃ ရက်တွင် မန်စီးတီးအသင်း အိမ်ကွင်းတွင် ကစားသွားရမည်ဖြစ်သည်။

မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် ရလဒ်ပိုင်းများ မတည်မငြိမ်ဖြစ်ခဲ့သည့်အတွက် ချန်ပီယံဆုလက်လွှတ်ရရန် ရာနှုန်းများနေသော်လည်း ချန်ပီယံလိဂ် ပြိုင်ပွဲဝင်ခွင့်အတွက်လည်း အဆင့်(၅)နေရာမှ ဘုန်းမောက်အသင်းနှင့်တစ်မှတ်၊အဆင့်(၆)နေရာမှ ချဲလ်ဆီးအသင်းနှင့် ရမှတ်တစ်မှတ်၊ အဆင့်(၇)နေရာမှ နယူးကာဆယ်အသင်းနှင့် ရမှတ်သုံးမှတ်သာ ကွာဟနေသည့်အတွက် လက်ကျန်ပွဲစဉ်များတွင် ရုန်းကန်ရဖွယ်ရှိနေသည်။



အလားတူ လီဗာပူးအသင်းသည်လည်း အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက် ရှိနေသော်လည်း အဆင့်(၂)နေရာမှ အာဆင်နယ်အသင်းနှင့် ရမှတ်ကွာဟမှုကျဉ်းမြောင်းနေသည့်အတွက် လက်ကျန်ပွဲစဉ်များတွင် ချန်ပီယံဆုအတွက် ရမှတ်လိုအပ်ချက်များရှိနေဆဲဖြစ်သောကြောင့် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ကြားထိပ်တိုက်တွေ့ဆုံသည့်ပွဲစဉ်မှာ နှစ်သင်းစလုံးအတွက် အရေးပါသည့်ပွဲစဉ် ဖြစ်လာမည်ဖြစ်သည်။

ကွင်းလယ်ဒိုင်လူကြီး အန်တိုနီတေလာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကာလရှည်တာဝန်ထမ်းဆောင်လျက်ရှိနေသည့် ကွင်းလယ်ဒိုင်တစ်ဦးဖြစ်သည့် ယခုနှစ်ဘောလုံးရာသီတွင်လည်း မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်မတိုင်မီကလည်း အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံသည့်ပွဲစဉ်အများအစုကိုလည်း တာဝန်ယူကြီးကြပ်ခဲ့သူတစ်ဦး ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# နယူးကာဆယ်အသင်းက အစ်ဆက်ကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး သတ်မှတ်ပြီး အသင်းတွင်ထိန်းသိမ်းရန်ကြိုးပမ်း

လန်ဒန် ဖေဖော်ဝါရီ ၁၉

နယူးကာဆယ် အသင်းက အသင်းမှ အဓိကတိုက်စစ်ကစားသမားအစ်ဆက်ကို လက်မလွှတ်လိုသည့်အတွက် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၆၆သန်းထိ သတ်မှတ်ပြီး အသင်းတွင် ဆက်လက်ထိန်းသိမ်းရန်ကြိုးပမ်းလျက်ရှိနေသည်။

အစ်ဆက်သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ဆိုစီဒက်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၆၃သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

အစ်ဆက်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ ပရီးမီးယားလိဂ် ၂၃ ပွဲပါဝင်ကစားထားပြီး သွင်းဂိုး ၁၇ဂိုးထိသွင်းယူနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၂၉ ပွဲပါဝင်ကစားထားရာ ၁၉ ဂိုးထိသွင်းယူနိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလကလည်း အာဆင်နယ်အသင်းက တရားဝင် ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့ပြီး လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင်လည်း အာဆင်နယ်အသင်းအပါအဝင် ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်မည်ဆိုပါက အသင်းမှ အဓိက ကစားသမားအများအစုကို လက်လွှတ်ရနိုင်သည့်အခြေအနေကြောင့် ကစားသမားများကို မြင့်မားသည့် ပြောင်းရွှေ့ကြေးများသတ်မှတ်ပြီး အသင်းတွင် ဆက်လက်ထိန်းသိမ်းရန်အတွက် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိဘောလုံးလောကတွင် ကမ္ဘာ့စံချိန်တင် အပြောင်းအရွှေ့များအဖြစ် ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ခဲ့သည့် နေမာက စတာလင်ပေါင် ၁၉၈ သန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ၎င်း၏နောက်တွင် မိုနာကိုအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ခဲ့သည့် အမ်ဘက်ပီက ၁၆၃ သန်းဖြင့် ရပ်တည်နေကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# WBC လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်မှ ဖလိုင်းလျှော့ဖီး နုတ်ထွက်သွား၍ ပက်ဒလေနှင့်အစားထိုးရန် စတီဗင်ဆင်ပြင်ဆင်

လန်ဒန် ဖေဖော်ဝါရီ ၁၉

WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအမေရိကန်လက်ဝှေ့သမား စတီဗင်ဆင်သည် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့၌ အမေရိကန်လက်ဝှေ့သမားဖလိုင်းလျှော့ဖီးနှင့်ထိုးသတ်သွားရန် ပြင်ဆင်ထားသော်လည်း ဖလိုင်းလျှော့ဖီးသည် ကျန်းမာရေးမကောင်းသလို ဆေးကုသမှုပင်ခံယူနေရသည့်အတွက် စိန်ခေါ်ပွဲမှ နုတ်ထွက်သွားခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ယင်းအတွက်ကြောင့် စတီဗင်ဆင်သည် ဖလိုင်းလျှော့ဖီးနေရာတွင်အစားထိုးရန်အတွက် ဗြိတိန်လက်ဝှေ့သမား ပက်ဒလေနှင့် ဆွေးနွေးမှု ပြုလုပ်နေကြောင်း စတီဗင်ဆင်၏Promotionကုမ္ပဏီဖြစ်သည့် Matchroom Boxingက ထုတ်ပြန်ခဲ့သည်။

ပက်ဒလေနှင့် ဆွေးနွေးမှု အဆင်မပြေခဲ့ပါက ကျူးဘားလက်ဝှေ့သမားဟာရဲရာနှင့် ဆွေးနွေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

စတီဗင်ဆင်သည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သလို ဖလိုင်းလျှော့ဖီးနေရာတွင် အစားထိုးရန် စီစဉ်နေသည့် လက်ဝှေ့သမား နှစ်ဦးစလုံးသည်လည်းရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားများဖြစ်ကြသည်။

စတီဗင်ဆင်နောက်ဆုံးထိုးသတ်ထားသည့်စိန်ခေါ်ပွဲစဉ်မှာ ၂၀၂၄ ခုနှစ်ဇူလိုင်လကဖြစ်ပြီး ပက်ဒလေသည် ပြီးခဲ့သည့် စက်တင်ဘာလကနောက်ဆုံးထိုးသတ်ထားသည်။

အလားတူ ဟာရဲရာသည်လည်း ပြီးခဲ့သည့် အောက်တိုဘာလကနောက်ဆုံးစိန်ခေါ်ပွဲထိုးသတ်ထားသည့်အတွက် ဖလိုင်းလျှော့ဖီးနေရာတွင် အစားထိုးရန် လျာထားသူနှစ်ဦးစလုံးမှာအကောင်းဆုံးပုံစံတွင်ရှိနေကြကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# စီးပွားဥစ္စာ ဖွေရှာပြည်ကျိုး ကြိုးစားစိုက်ပါ ချည်မျှင်ရှည်ဝါမျိုး

ဉာဏ်မြင့်(မဟာနည်းပညာသိပ္ပံ)

### မြန်မာ့ရေမြေနှင့် ဝါစိုက်ပျိုးမှု

စား၊ ဝတ်၊ နေရေး အရေးသုံးပါးတွင် ဝတ်ရေးဖြစ်သည့် အဝတ်အထည်များသည် လူသားများ မဖြစ်မနေ အသုံးပြုရသည့် ပစ္စည်းဖြစ်သည်။ အဝတ်အထည်၊ အသုံးအဆောင်ဖူလုံရေးသည် လူ့ဘဝတွင် အရေးကြီးလှသည်။ ထို့ကြောင့် ပြည်တွင်းဖြစ် အဝတ်အထည်ဖူလုံရန်အတွက် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ဝါမှ တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် အစဉ်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ဝါသည် အပူပိုင်းဒေသတွင် ဖြစ်ထွန်းသည့်သီးနှံဖြစ်၍ မြန်မာနိုင်ငံတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးဖြစ်ထွန်းပြီး ဝါအများဆုံးထုတ်လုပ်သည့် ဒေသများဖြစ်သည်။

၎င်းဒေသများအပြင် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စုစုပေါင်းထုတ်လုပ်မှုတန်ချိန် ၅၁၂၈၁၄ တန် ဖြင့် အမြင့်ဆုံးဖြစ်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၂၆၂၂၇၇ တန်အနိမ့်ဆုံးသို့ လျော့ကျရောက်ရှိခဲ့သည်။ နိုင်ငံတော်အစိုးရ၏ အားပေးမှုဖြင့် ၂၀၂၂ - ၂၀၂၃ ခုနှစ်တွင် ဝါထုတ်လုပ်မှု သိသိသာသာ ပြန်လည်ကောင်းမွန်လာပြီး တန်ချိန် ၃၂၃၀၆၆ သို့ မြင့်တက်လာသည်။ မြန်မာ့ချည်ထည်လုပ်ငန်းအတွက် အဓိက အချက်အချာကျသော မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ထုတ်လုပ်မှုတိုးတက်လာခြင်းကြောင့် ပြန်လည်ဦးမော့လာခြင်းဖြစ်သည်။

### ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေး

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသွင်းကုန်များ လျှော့ချနိုင်ရန် ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများမှ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်သည်။

ဝါသီးနှံသည် မြန်မာနိုင်ငံ၏အဓိက သီးနှံ ၁၀ မျိုးတွင် ပါဝင်ပြီး တစ်နိုင်ငံလုံးတွင် ဝါစိုက်ဧက စုစုပေါင်း ၅ သိန်းခန့်ရှိသည်။ ၎င်းဧက ၅ သိန်းမှ တစ်ဧကလျှင် ပိဿာချိန် ၇၀၀ ခန့် ထွက်ရှိမည်ဆိုလျှင် လူဦးရေ သန်း ၅၀ အတွက် တစ်ဦးလျှင် ချည်ပိတ်ကိုက် ၃၀ ခန့် အသုံးပြုနိုင်မည်ဖြစ်သည်။ ၎င်းပမာဏမျှရှိသော ဝါကုန်ကြမ်းများကို ချည်ချောများထုတ်လုပ်နိုင်မည်ဆိုလျှင် ပြင်ပမှချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သည့်အပြင် အဆင့်မီသည့် ချည်ထည်များတိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်း အထည်ချုပ်လုပ်ငန်းများ ခိုင်မာအားကောင်းလာမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာစေမည်ဖြစ်သည်။

### တန်ဖိုးမြင့်ချည်ထည်များ တိုးတက်ထုတ်လုပ်

မြန်မာနိုင်ငံမှထွက်ရှိသည့် ချည်မျှင်ရှည်ဝါဂွမ်းများ၏ ဂွမ်းမွေးအရှည်သည် ၂၀ မီလီမီတာမှ ၃၀ မီလီမီတာသာရှိပြီး အနိမ့်ဆုံး ချည်နံပါတ် ၁/၁၆ ချည်မှစ၍ ၁/၂၀ ချည်၊ ၁/၄၀ ချည်နှင့် အချောဆုံး ၁/၆၀ ချည်ထိ ထုတ်လုပ်နိုင်သည်။ ၁/၁၆ ချည်မှ ဖလန်နယ်ပိတ်၊ ဇင်ပိတ်၊ ချည်စောင်၊ စားပွဲခင်းနှင့် လက်သုတ်ပဝါတို့ ထုတ်လုပ်နိုင်သည်။ ၁/၂၀ ချည်မှလည်း ဖလန်နယ်ပိတ်၊ အမျိုးသားဝတ် ၁/၂၀ ချည်လုံချည်၊ ခြင်ထောင်ဇာ၊ ခြင်ထောင်ပိတ်၊ မျက်နှာသုတ်ပဝါ၊ ချွေးသုတ်ပဝါနှင့် အနီးပိတ် ထုတ်လုပ်နိုင်သည်။ ၁/၄၀ ချည်မှ အမျိုးသားဝတ် ၁/၄၀ ချည်ချောလုံချည်၊ အမျိုးသမီးဝတ်လုံချည်၊ စွပ်ကျယ်၊ တီရှပ်တို့ ထုတ်လုပ်နိုင်ပြီး ၁/၆၀ ချည်မှ အမျိုးသားဝတ် ချည်လုံချည်များ ထုတ်လုပ်နိုင်သည်။

ယခုနှစ်တွင် ဝါမျိုးစုံ စိုက်ပျိုးရန် ဧက ၆ သိန်းကျော်လျာထားပြီး ချည်မျှင်ရှည်ဝါ ဧက ၄ ဒသမ ၇ သိန်းကျော် စိုက်ပျိုးမည်ဟု သိရသည်။ အဆင့်မီ ချည်ချောထည်များထုတ်လုပ်နိုင်ရန် ဂွမ်းမွေးအရှည် ၃၃ မီလီမီတာမှ ၃၄ မီလီမီတာ ရှည်သည့် (Extra-long stable cotton)) အလွန်ရှည်ချည်မျှင်ရှည်ဝါမျိုးများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုးချဲ့စိုက်ပျိုးနိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြလျက်ရှိသည်။

**❖အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ် မှန်ကန်စွာ ဆောင်ရွက်ပြီး ဝါအထွက်နှုန်းတိုးတက်စေရေး ဆောင်ရွက်ရန်လိုသည်။ တစ်ဖက်တွင် ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့် အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကို အခြေခံသည့် စက်မှုလုပ်ငန်းကို အစိုးရ၊ လုပ်ငန်းရှင်များနှင့် ဝါစိုက်တောင်သူများအပါအဝင် ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။ ❖**

မိမိတို့နိုင်ငံတွင် အရည်အသွေးကောင်းမွန်သည့် A Grade အမျိုးအစားဝါများ ပြောင်းလဲစိုက်ပျိုးနိုင်လျှင် ပြည်ပမှတင်သွင်းမှုများ လျော့နည်းသက်သာစေမည်ဖြစ်သည်။ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဝါကြိတ်စက်များကို ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်နိုင်မည်ဆိုလျှင် အလုပ်အကိုင်၊ အခွင့်အလမ်းများနှင့်အတူ အထည်ချုပ်လုပ်ငန်းများအတွက်ပါ အထောက်အကူကောင်းများ ရရှိစေမည်ဖြစ်သည်။

### ဝါအခြေခံစက်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်

အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ် မှန်ကန်စွာဆောင်ရွက်ပြီး ဝါအထွက်နှုန်းတိုးတက်စေရေး ဆောင်ရွက်ရန်လိုသည်။ တစ်ဖက်တွင် ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့် အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကို အခြေခံသည့် စက်မှုလုပ်ငန်းကို အစိုးရ၊ လုပ်ငန်းရှင်များနှင့် ဝါစိုက်တောင်သူများအပါအဝင် ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

ဝါသည် ကမ္ဘာမြေကြီးက ပေးသည့် စွယ်စုံရ သီးနှံများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ လူတို့အသက်ရှင်နေထိုင်ရေးအတွက် စား၊ ဝတ်၊ နေရေး ဟူသော အခြေခံလိုအပ်ချက် (၃) ခုရှိသည်။ ထို(၃)ခု စလုံးကို ဝါသီးနှံက ဖြည့်တင်းပေးနိုင်သည်။

ဝါဂွမ်းသည် အဝတ်အထည်၊ မျက်နှာသုတ်ပဝါ၊ မွေ့ရာနှင့် အခြားအထည်အလိပ်များ အပါအဝင် ထုတ်ကုန်အမျိုးမျိုးပြုလုပ်ရန် အသုံးပြုသည့် သဘာဝအမျှင်တစ်မျိုးဖြစ်သည်။

ဝါဂွမ်း၏ ၈၀ ရာခိုင်နှုန်းခန့်ကို အဝတ်အထည်များတွင် အသုံးပြုကြသည်။ အိမ်တွင်းအလှဆင်ပစ္စည်းများတွင် ၁၅ ရာခိုင်နှုန်းကို အသုံးပြုကြပြီး ကျန် ၅ ရာခိုင်နှုန်းမှာ စစ်ထုတ်ခြင်းနှင့် စုပ်ယူခြင်းကဲ့သို့သော အသုံးအဆောင်များအတွက် အများဆုံး အသုံးပြုကြသည်။

ဝါစေ့ကို ပြန်လည်စိုက်ပျိုးရန်မျိုးအဖြစ်သာမက ဆီကြိတ်၍ စားသုံးဆီအဖြစ် လည်းကောင်း၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ အလှကုန်များကဲ့သို့သော ဆီအခြေခံ ထုတ်ကုန်များအတွက် စက်မှုကုန်ကြမ်းသုံးဆီအဖြစ် လည်းကောင်း တွင်ကျယ်စွာ အသုံးပြုနိုင်သဖြင့် ဝါအခြေခံစက်မှုလုပ်ငန်းများ တိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာမှုနှင့်အတူ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

### ဝါစေ့ဆီနှင့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်မှု

ဝါကြိတ်စက်ရုံမှ ထွက်ရှိလာသော ဝါစေ့များကို တိုက်ရိုက်ဆီကြိတ်ခြင်း၊ ဝါစေ့ခွံကို ခွဲပြီး ဝါစေ့အဆန်အား ဆီကြိတ်ခြင်းနှင့် လင်တာဂွမ်းချွတ်ပြီး ထွက်ရှိလာသည့် ဝါစေ့ကတုံးကို ဝါစေ့ခွံခွဲ၍ ဆီကြိတ်ခြင်း စသည့် ပုံစံသုံးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့အနက်ဝါစေ့များကို လင်တာဂွမ်းချွတ်ပြီးမှ ဆီကြိတ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။

ဝါစေ့ဆီကို ကြိတ်ခြေရုံဖြင့်ရရှိသောဆီကြမ်းမှာ စားသုံးရန်အတွက် မသင့်သေးဘဲ နည်းပညာသုံး၍ ပြန်လည်ပြုပြင်ပြီးသော ဆီချောကိုသာ စား၍ရနိုင်သော (Edible) အဆင့် သတ်မှတ်သည်။ ဆီကြမ်းပိဿာ ၁၀၀ ကို သန့်စင်လျှင် စားသုံးနိုင်သည့်အဆင့် ဆီသန့်အကြည် ၈၇ ပိဿာ တစ်နည်းအားဖြင့် ၈၇ ရာခိုင်နှုန်း ရရှိမည်ဖြစ်သည်။ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘရာဇီး၊ အမေရိကန်၊ တူရကီ၊ ဥဇဘက်ကစ္စတန်နှင့် ဩစတြေးလျနိုင်ငံတို့တွင် ဝါစေ့ဆီကို စားသုံးဆီအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

ဝါစေ့ခွံများကို နွား၊ သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းများတွင် အစာအဖြစ်နှင့် သဘာဝမြေဩဇာအတွက် ရောစပ်ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သည်။

### အခြားပစ္စည်းများ ထုတ်လုပ်နိုင်မှု

ဝါစေ့ဆီတွင် ကျန်းမာရေးအတွက် ကောင်းကျိုးအများအပြားရှိသည်။ အနာကျက်မြန်စေသောကြောင့် ဒဏ်ရာများတွင် လိမ်းပေးနိုင်သည်။ နာကျင်ရောင်ရမ်းမှုကို သက်သာစေနိုင်သောကြောင့် ဝါစေ့ဆီကို လိမ်းပေးခြင်းဖြင့် အဆစ်ရောင်ခြင်း၊ အဆစ်လွဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အစာအိမ်အောင့်ခြင်းများအတွက် သုံးစွဲနိုင်ခြင်း၊ သွေးအတွင်း ကိုလက်စထရောကို လျှော့ချပေးနိုင်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာအကျိုးကျေးဇူးများရှိကြောင်း တွေ့ရှိရသည်။

ဝါစေ့ဆီကြမ်းကို ပိုးသတ်ဆေး၊ အဝတ်လျှော်ဆပ်ပြာ၊ အသားအရေထိန်းသိမ်းရန် သုံးစွဲရသည့် အလှကုန်ပစ္စည်းများ၊ ဗောက်ပျောက်ခေါင်းလျှော်ရည်နှင့် နေလောင်ခံခရင် စသည့်ထုတ်ကုန်ပစ္စည်းများတွင် သုံးစွဲကြသည်ကိုလည်း တွေ့ရသည်။

### လိုအပ်သည့်ချည်ထည်များ တိုးမြှင့်ထုတ်လုပ်

မြန်မာနိုင်ငံအနေဖြင့် ဝါစိုက်ပျိုးရေး အောင်မြင်စေရန် အခြေအနေကောင်းများရှိနေသော်လည်း ပြည်ပမှ နှစ်စဉ် ချည်နှင့်ပိတ်ထည်များကို ပမာဏများစွာ တင်သွင်းနေရသည်။ ထို့ကြောင့် ဝါ စိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်ပြီး နိုင်ငံတကာ အဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ချည်ထည်များကို အထည်ချုပ်လုပ်ငန်းများ၌ဖြစ်စေ၊ ပြည်ပသို့ ပြန်လည်တင်ပို့ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေလုံလောက်မှုရှိမည်ဖြစ်သည်။

အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးများကို တိုးချဲ့စိုက်ပျိုးခြင်းမှသည် အဆင့်မီအထည်အလိပ် ထုတ်လုပ်ခြင်းထိ ဝါတန်ဖိုးတိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းသည် ကမ္ဘာ့ဝါကဏ္ဍတွင် မြန်မာနိုင်ငံ၏ရပ်တည်ချက်ကို ပိုမိုအားကောင်းစေမည်ဖြစ်သည်။ သွင်းကုန်မှီခိုမှု လျှော့ချရန်၊ ပြည်တွင်းအထည်အလိပ်လုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ဝါအထွက်နှုန်း အရည်အသွေးမြှင့်တင်ရန် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည့်နည်းတူ ဝါစိုက်တောင်သူများကလည်း ရေရှည်တည်တံ့သော အလေ့အကျင့်များနှင့် နည်းပညာတိုးတက်မှုများကို လက်ခံကျင့်သုံးခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

### နိုင်ငံတော်က အားပေးမြှင့်တင်


မြန်မာနိုင်ငံတွင် လက်ရှိစိုက်ပျိုးထားသည့် ဝါစိုက်ဧက ငါးသိန်းသည် တစ်ဧက ဝါအထွက်နှုန်း ပိဿာ ၇၀၀ ရှိပါက ဝါပိဿာ သန်း ၃၅၀ ထွက်ရှိပြီး ချည်ပိတ်ကိုက် ၁၃၇၀ ဒသမ ၆ သန်း ထွက်ရှိမည်ဖြစ်သည်။ နိုင်ငံအတွင်းရှိ ပျမ်းမျှလူဦးရေ သန်း ၅၀ ဖြင့် တွက်ချက်ကြည့်ပါက တစ်ဦးလျှင် ချည်ပိတ် ၂၇ ဒသမ ၄၁ ကိုက် အသုံးပြုနိုင်မည်ဖြစ်သည်။ ဝါပိဿာ သန်း ၃၅၀ တွင် ဝါစေ့ပိဿာ သန်း ၂၁၀ ထွက်ရှိပြီး ၎င်းကို အဆင့်ဆင့် ကြိတ်ခွဲသန့်စင်ပါက စားသုံးရန်သင့်သော ဝါစေ့ဆီ ပိဿာ ၁၈ ဒသမ ၁၉ သန်းခန့် (၂၉၇၀၅ တန်) ထွက်ရှိနိုင်ကြောင်း သိရှိရသည်။ ဝါစိုက်ဧက ငါးသိန်းအတွက် တစ်ဧက ဝါအထွက်နှုန်းပိဿာ ၅၀၀ ရှိသည်ဆိုလျှင် ဝါပိဿာ သန်း ၂၅၀ မှ ချည်ပိတ်ကိုက် ၉၇၉ သန်း ထွက်ရှိမည်ဖြစ်ပြီး စားသုံးရန်သင့်သော ဝါစေ့ဆီပိဿာ ၁၂ ဒသမ ၉၉ သန်းခန့် (၂၁၂၁၈ တန်) ထွက်ရှိနိုင်မည်ဖြစ်သည်။ ဝါစိုက်ပျိုးရေးကို အောင်မြင်စွာဆောင်ရွက်ခြင်းဖြင့် ဘက်ပေါင်းစုံမှ နိုင်ငံခြားငွေသုံးစွဲရမှုကို များစွာသက်သာနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှုသည် အဓိကဖြစ်သောကြောင့် မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်သည်။ ရှိပြီးသားစိုက်ပျိုးရေးထွက်ကုန်များကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက်များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများကို လိုအပ်ချက်မရှိစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိသောကြောင့် မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံတွင်း ဝါစိုက်ပျိုးနိုင်သည့် ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီချည်ထည်ထုတ်လုပ်နိုင်သည့် ချည်မျှင်ရှည်ဝါမျိုးများစိုက်ပျိုးရေးကို အရင်းအနှီး၊ နည်းပညာ၊ သွင်းအားစုတို့ဖြင့် အဘက်ဘက်မှ ပံ့ပိုးကူညီအားပေးဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံ့စီးပွားရေးတိုးတက်ရန်နှင့် လူမှုစီးပွားဘဝများမြင့်မားလာစေရန် သဘာဝက ပေးထားသည့်စိုက်ပျိုးရေးဆိုင်ရာအခြေခံကောင်းများကို ထိရောက်စွာ အသုံးချ၍ ဝါစိုက်ပျိုးမှုတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက ကြိုးတပ်ဒရုန်းများ ပစ်လွှတ်ရန်နှင့်ထိန်းချုပ်ရန် Cerberus ယာဉ်တင်ပစ်လွှတ်ထိန်းချုပ်ရေးစနစ်ကို တီထွင်ထုတ်လုပ်လျက်ရှိ



ရုရှားနိုင်ငံသည် ကြိုးတပ်ထားသော ဒရုန်းများကို ပစ်လွှတ်ရန်နှင့် ထိန်းချုပ်ရန် ဒီဇိုင်းထုတ်ထားသည့် Cerberus ဟု အမည်ပေးထားသော ယာဉ်တင်ပစ်လွှတ်ထိန်းချုပ်ရေးစနစ်ကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ပစ်လွှတ်ထိန်းချုပ်ရေးစနစ်သည် ရွေ့လျားမိုဘိုင်းလ်ပလက်ဖောင်းတစ်ခုအနေဖြင့် လုပ်ဆောင်နိုင်ပြီး ဘေးဘယ်ညာ အပြန်အလှန်ချိတ်ဆက်ထားသောဒရုန်းများကို Optical Fibers ကြိုးများဖြင့် ဆက်သွယ်နိုင်မည့် အထိုင်ငုတ် ၁၂ ခုထိ တပ်ဆင်ပေးထားမည်ဖြစ်သည်။ ဤစနစ်ဖြင့် ချိတ်ဆက်ထားသော ဒရုန်းများ (အဆက်မပြတ်စွမ်းအင်ရရှိရန်အတွက် ကေဘယ်လ်ကြိုးမှတစ်ဆင့် မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် ချိတ်ဆက်ထားသော မောင်းသူမဲ့လေယာဉ်စနစ်များ) ကို ထောက်လှမ်းလုပ်ဆောင်ခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းနှင့် ပစ်မှတ်များကိုတိုက်ခိုက်နိုင်သည့် ဒရုန်းများစသည်ဖြင့် ဒရုန်းအမျိုးမျိုးကို အတွဲလိုက် လည်ပတ်နိုင်စေမည်ဖြစ်သည်။ ရုရှားတပ်မတော်ကို မစ်ရှင်အများအပြားလုပ်ဆောင်နိုင်သည့် ဒရုန်းအမြောက်အမြား အလုံအလောက်ပံ့ပိုးပေးနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

Cerberus စနစ်ဖန်တီးသောကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာ Mikhail Klimchuk က အဆိုပါ ပစ်လွှတ်ထိန်းချုပ်မှုစနစ်ကို ကြိုးများဖြင့် တိုက်ရိုက်ချိတ်ဆက်ထားသည့် ဒရုန်းအစုအဝေးအတွက် ပြီးပြည့်စုံသော အမိန့်ပေးထိန်းချုပ်ရေးဌာနအဖြစ် ရည်ညွှန်းဖော်ပြခဲ့ကြောင်း ပြောကြားခဲ့သည်။

Cerberus စနစ်သည် ကင်းထောက်ခြင်းနှင့် တိုက်ခိုက်မှုမစ်ရှင်များအပြင် ထောက်လှမ်းရေးသတင်းအချက်အလက်များစုဆောင်းခြင်းနှင့် ခံစစ်ပြင်ဆင်ခြင်းတို့အပါအဝင် ကိုယ်ပိုင်၊ ကိုယ်တိုင် အလိုအလျောက်ဆင်နွှဲနိုင်မည့်စစ်ဆင်ရေးများတွင် ပိုမိုကျယ်ပြန့်စွာအသုံးချလာနိုင်စေမည်ဖြစ်သည်။ တိုက်ခိုက်လာနိုင်မည့်ရန်သူ့ဒုံးကျည်များကို လှည့်ဖြားနိုင်စေရန် အပူငွေ့ထုတ်လွှတ်နိုင်သည့်ကိရိယာများကို တပ်ဆင်လွှတ်တင်နိုင်မှု သို့မဟုတ် အလုံးစုံကာကွယ်ရေးကို အားကောင်းစေရန်အတွက် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ညှိနှိုင်းလုပ်ဆောင်နိုင်မည်ဖြစ်သည်။

အဆိုပါစနစ်တွင် ဉာဏ်ရည်တုကိုပေါင်းစပ်ထည့်သွင်းထားပြီး ဒရုန်းအစုအဝေးသည် တိုးတက်ပြောင်းလဲနေသော စစ်မြေပြင်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေမည့် လက်နက်စွမ်းအားစုတစ်ရပ်အဖြစ် လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ လိုအပ်ပါက တိုက်ပွဲဝင်လုပ်ငန်းစဉ်များကို အလိုအလျောက်လုပ်ဆောင်ရန် ဉာဏ်ရည်တုနည်းပညာသုံး(ဖြုတ်လွယ်၊ တပ်လွယ် ဖွဲ့စည်းတည်ဆောက်မှုဒီဇိုင်း) ပရိုဂရမ်ဖြင့် ထည့်သွင်းရေးသားနိုင်မည်ဖြစ်ကြောင်း အမှုဆောင်ဒါရိုက်တာ Mikhail Klimchuk က ပြောကြားခဲ့သည်။

ရုရှားအင်ဂျင်နီယာများသည် လက်ရှိတွင် အဆိုပါစနစ်ကို လာမည့် ဩဂုတ်လတွင် ကျင်းပပြုလုပ်မည့် Army 2025 ဖိုရမ်၌ တရားဝင်ထုတ်ဖော်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

Russia Developing Cerberus System for Managing Swarm of Tethered Drones ကို ဘာသာပြန်ဆိုထားပါသည်။

## ဟိုက်ပါဆောနစ်ဒရုန်းအသစ်ကိုတီထွင်ထုတ်လုပ်ရန် အမေရိကန်ကုမ္ပဏီများ ပူးပေါင်းကြိုးပမ်းလာ




အမေရိကန်နိုင်ငံ Alabama အခြေစိုက် ATRX ကုမ္ပဏီနှင့် Cummings Aerospace ကုမ္ပဏီသည် အသံ၏အမြန်နှုန်း ငါးဆထိ ပျံသန်းနိုင်မည့် နောက်ဆုံးပေါ် ဟိုက်ပါဆောနစ်ဒရုန်းအသစ်ကို တီထွင်ထုတ်လုပ်ရန် ပူးပေါင်းကြိုးပမ်းလာကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါမိတ်ဖက်အဖွဲ့သည် မြန်နှုန်းမြင့်တာဘိုဒုံးပျံကို တိုက်ပွဲဝင်လက်တွေ့စမ်းသပ်မှု သရုပ်ပြထားပြီးဖြစ်သော မောင်းသူမဲ့လေယာဉ်စနစ်(UAS) တွင် ပေါင်းစပ်ကာ အသံထက်မြန်သော စူပါဆောနစ်နှင့် နောက်ဆုံးတွင် ဟိုက်ပါဆောနစ်အလျင်နှုန်းများထိ ရောက်ရှိပျံသန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီများအနေဖြင့် ၎င်း၏ 3D ပုံနှိပ်နည်းပညာသုံးမော်ဂျူလာ (ဖြုတ်လွယ်၊ တပ်လွယ်)ဒီဇိုင်းနှင့် စီးပွားရေးဖြစ်သုံး အလွယ်တကူဝယ်ယူရရှိနိုင်သည့် ဟာ့ဒ်ဝဲများအတွက် လူသိများသော တန်ဖိုးနည်း ကာမီကာဇီဒရုန်းအမျိုးအစား Cummings Aerospace ကုမ္ပဏီထုတ် Hellbound မောင်းသူမဲ့လေယာဉ်ထက် အရွယ်အစားပိုကြီးသော ဗားရှင်းတစ်မျိုးကို အသုံးပြုသွားမည်ဖြစ်သည်။

"ခေတ်သစ်စစ်မြေပြင်မှာ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ လေပိုင်နက်ထဲကို ပိုမိုမြန်ဆန်စွာပျံသန်းနိုင်တဲ့စနစ်တွေ လိုအပ်လာပါတယ်"ဟု Cummings Aerospace ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Sheila Cummings က ပြောကြားခဲ့သည်။

ATRX ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မှုသည် ကျွန်ုပ်တို့ကို တတ်နိုင်သောဈေးနှုန်းဖြင့် ယာဉ်တစ်စီးတည်းတွင် စွမ်းဆောင်ရည်နှစ်မျိုးစလုံးကို ရရှိနိုင်စေမည့် ATR-powered UAS စနစ်တစ်ခုကို တီထွင်ထုတ်လုပ်နိုင်စေမည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ မိတ်ဖက်ကုမ္ပဏီနှစ်ခုသည် လာမည့် နှစ်နှစ်ခန့်အတွင်း ဒေါင်လိုက်လွှတ်တင်နိုင်မည့် ဟိုက်ပါဆောနစ်ဒရုန်းကို စမ်းသပ်နိုင်ရန် ရည်မှန်းထားသည်။ ATR-powered UAS ဟု သုံးနှုန်းထားခြင်းမှာ ATRX ကုမ္ပဏီထုတ် မြန်နှုန်းမြင့်တာဘိုဒုံးပျံကို တွန်းအားပေးစနစ်အဖြစ် အသုံးပြုမည်ဖြစ်သောကြောင့်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ကြည်းတပ်သည် မြင့်မားလွန်းသောအလျင်နှုန်းကြောင့် သာမန်လေကြောင်းရန်ကာကွယ်ရေးစနစ်များက ကြားဖြတ်ဟန့်တားမှုကို ရှောင်ရှားလုပ်ဆောင်နိုင်ဖွယ်ရှိသည့် အသံထက်မြန်သောဟိုက်ပါဆောနစ်ဒုံးဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာပြုလုပ်ခဲ့ကြသည်။ ဤသို့ စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းနေကြသော်လည်း ကမ္ဘာပေါ်တွင် မည်သည့်တပ်မတော်မှ ဟိုက်ပါဆောနစ်ဒရုန်းများကို တိုက်ပွဲဝင်အသင့်ဖြန့်ကြက်အသုံးပြုနိုင်ခြင်းမျိုးမရှိသေးပေ။ အကယ်၍ ATRX ကုမ္ပဏီနှင့် Cummings Aerospace ကုမ္ပဏီသည် ၎င်းတို့ သတ်မှတ်ထားသောအချိန်ကာလတစ်ခုအတွင်း ကုန်ကျစရိတ်နည်း၊ အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒရုန်းကို တီထွင်နိုင်ခဲ့မည်ဆိုပါက ကမ္ဘာ့တစ်ဝန်းရှိ နိုင်ငံတကာတပ်မတော်များအတွက် ဤထူးခြားဆန်းကြယ်သောစွမ်းဆောင်ရည်ကို ပိုင်ဆိုင်အသုံးပြုနိုင်မှုတွင် ပထမဆုံးအဖြစ် မှတ်တမ်းဝင်သွားမည်ဖြစ်သည်။ ATRX ကုမ္ပဏီ၏ တာဘိုဒုံးပျံအင်ဂျင်သည် ပြေးလမ်း သို့မဟုတ် ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်မည်ဖြစ်ကာ Mach 5 ထိ ရောက်ရှိပျံသန်းနိုင်မည်ဖြစ်သည်ဟု ATRX ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Felix Bustos III က ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ တာဘိုဒုံးပျံအင်ဂျင်ကို တီထွင်ထုတ်လုပ်နေဆဲဖြစ်ပြီး ဒရုန်းတွေအတွက် အလွန်ထူးခြားတဲ့ စွမ်းရည်ကို ပေးစွမ်းနိုင်စေဖို့ အမြန်ဆုံးလုပ်ဆောင်နေပါတယ်"ဟု ATRX ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Felix Bustos III က ထည့်သွင်းပြောကြားခဲ့သည်။

US Firms Join Forces to Develop New Hypersonic Drone for Military ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the 77th Anniversary of Chin National Day (20 February 2025)

**Esteemed China ethnic national brethren,**

On this special occasion of the 77th Anniversary of Chin National Day which falls on 20 February 2025, I extend my heartfelt wishes for prosperity and auspiciousness to all Chin ethnic groups and all national peoples of the Union. May everyone be blessed with good fortune and well-being.

On 20 February 1948, a public assembly in Falam abolished the system of local governance and chose the regional democratic governance system. This date was designated as "Chin National Day," and it has been celebrated annually with great honour for 77 years. In the Republic of the Union of Myanmar, including the Chin ethnic group, all indigenous peoples of the Union have lived together for centuries on the same land, sharing the same water, and uniting with family values. As a result, they have been able to stand proudly and with dignity in the world. Even during the time when Myanmar lost its independence and sovereignty, the Union spirit of all ethnic groups helped to regain it.

The struggle for the nation's independence and the process throughout history, as well as the time when the nation was built after gaining independence, saw the Chin ethnic group standing side by side with the Union's other ethnic groups, united in spirit and action. During the period of British colonial rule, Chin ethnic leaders such as Bo Khai Kam, Bo Con Bik, Bo Lall Lwe, and Bo Thaung Linh, along with the Chin people, bravely fought in resistance with other ethnic groups. Even during the struggle for independence, leaders like U Thong Za Khup, Naing-Ngan Gonyi (First Class) award winner U Kio Mang, Wunna Kyaw Htin U Hlur Hmong, Thiri Pyanchi U Thaung Cin Thang, and Independence Mawgun award winner (First Class) Thadoe Maha Sithu U Vammathumong were found to have fought courageously in battles.

Naing-Ngan Gonyi (First Class) award winner Thiri Pyanchi U That Ling who participated in drafting three Constitutions of the State in 1947, 1974 and 2008, Lt-Col Hrang Thio, Lt-Col Lyan Ciin Zamg, Captain Thura Aung San Thuria Taik Chun, Colonel Zeya Kyaw Thin Van Kul, and Naing-Ngan Gonyi (First Class) award winner Maj-Gen Thaung Za Khai, who fought against internal insurgency in the post-independence era, each served their respective duties with dedication for the benefit of the State.

For the durability of the nation and the Union, and for perpetuation of sovereignty, many Chin ethnic heroes, sacrificed their lives, blood, and sweat for the State and the Tatmadaw. These heroes, who played significant roles in the history, are worthy of great honour and respect for the Chin State and the Chin ethnic people.

Currently, there is a significant threat to the nation due to violent conflicts, violations of the law, and destructive actions within the country, including in certain areas of Chin State. These threats pose a severe danger to the nation. It is essential to pay special attention to preventing the spread of hatred among the people, which is being fueled by internal and external destructive groups, and to protect the long-standing bonds of unity and fraternity that have existed for thousands of years among national brethren of the Union. Everybody needs to prevent instigation against people and the implementation of narrow-minded racism.

The terror acts currently being faced stem from the outcome of the 2020 general election, where election fraud was exposed and annulled. Instead of objectively assessing the situation, these acts began due to a desire to seize power through immoral means, starting with violent protests. Some ethnic armed organizations, with misguided attitudes towards the State and its people, also took advantage of the ensuing instability to launch terror attacks and destroy peaceful regions. As a result of these events, innocent civilians' lives, homes, and belongings, as well as public infrastructure in areas including Chin State, have been severely damaged and destroyed, leaving people in poverty and suffering, which is well known to all.

The local ethnic people are the ones who are directly experiencing the negative consequences of armed terrorism. The losses incurred are primarily the nation's resources and infrastructure. In a situation where progress and development are underway, the damage and destruction caused by such reckless actions reduce the country's strength and require considerable time and resources to restore the original state. The government is also providing financial support to employees and citizens who have been displaced due to these terror acts. Therefore, we urge all ethnic people, including the Chin, to cooperate and participate in efforts to end these violent conflicts and achieve peace and stability for both the country and the people.

The State Administration Council has set two political visions: to strengthen a genuine disciplined multiparty democratic system and to build a union based on democracy and a federal system. It has also set two national visions: ensuring prosperity of the nation and food security. To achieve these objectives, the Council has defined five-point Roadmap and nine objectives, which are being actively implemented. The Council is committed to promoting the national interest and the welfare of the people by bringing an end to armed conflicts, ensuring a stable and peaceful environment, and advancing economic and social progress. In order to improve the socioeconomic life of the people, priority will be given to economic development. If the economy improves, other sectors such as politics, society, and health will also see progress and improvement.

As a result, agricultural produce will be able to increase production more effectively according to regional needs, and priority should be given to developing livestock farming businesses that align with the region. The agricultural and livestock products produced locally should be further enhanced and developed into high-quality MSME products. Efforts should also be made to ensure food security in the region, meet domestic needs, and increase exports. The government is providing necessary technology, capital, and production capacity for operating MSME businesses with continuous aid plans.

As the country needs to initiate the plans to build a Union based on democracy and federalism and implement socio-economic life of individuals, the government is striving to ensure the development of all sectors, including education. All children of school age should have the opportunity to attend school, receive a school education, and improve their transition between grades. In addition to vocational education, they should be able to complete higher levels of education. By doing so, we aim to cultivate educated young people who will contribute to the nation's future. Only then can we ensure the prosperous future of the nation, led by capable and knowledgeable youth.

The State Administration Council is actively working to successfully hold free and fair multiparty democratic general elections, which is its ultimate goal. Only after resolving armed conflicts in respective areas can elections be conducted in a fully free and fair manner. The State Administration Council is committed to implementing the ceasefire agreements under the Nationwide Ceasefire Agreement (NCA) in the ongoing armed conflicts. Therefore, discussions have been held with ethnic armed groups, and the Council continues to offer opportunities for open dialogue, welcoming ongoing discussions and fostering a durable peace.

The State Administration Council is committed to ensuring for all voters to be free from threats, oppression, unlawful coercion, and group dominance, and to conducting a fair, dignified, and accurate election. For free and fair elections to be held, it is essential that the entire country remains stable and peaceful. Therefore, we urge all Chin ethnic people to unite with love for their region, nation, and the union, and to work together to ensure peace and stability in their regions and the success of the upcoming election.

The stability and peace of the nation, along with the rule of law, are crucial for the country's development and nation-building. Therefore, I kindly urge all ethnic peoples, including the Chin nationals, to work together with the government in achieving a ceasefire in armed conflicts. I sand this message of goodwill that may the Chin people, based on the spirit of union and patriotism, contribute to the benefit of Chin State and the Union in honouring the 77th Anniversary of Chin National Day.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses opening ceremony of Myanmar Food Industry Development Forum (2025)


Senior General Min Aung Hlaing addresses the opening ceremony of Myanmar Food Industry Development Forum (2025).

**Nay Pyi Taw February 19**

The opening ceremony of Myanmar Food Industry Development Forum (2025) was held at MICC2 here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Joint SAC Secretary General Ye Win Oo, SAC members, union ministers, union level dignitaries, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, deputy ministers, heads of department, the president and members of Union of Myanmar Federation of Chambers of Commerce and Industry, the chair and members of Myanmar Food Processors and Exporters Association, representatives of affiliated associations, entrepreneurs, officials and invited guests.

In his keynote address, the Senior General said a nation's economic development is measured by GDP. Calculation of GDP is based on three major sectors – agricultural sector, industrial sector and services sector. In setting up an industrial nation based on agriculture, agricultural raw materials play a pivotal role, while electricity and energy are also important inputs. Hence, the three commissions, industrial development commission, electric and energy development commission and agriculture development commission, were set up for harmonious advancement of the country's industrial sector and economy.

Food, clothing and shelter are the three main components for survival. Of the three, food is an essential and most basic daily requirement. Distribution of quality food at fair prices will ensure food sufficiency and accessibility for the public and availability of food that meets export standards. In this regard, the government is applying multiple means for the progress of the internal food production industry.

Emergence of a better economic environment for development of food industry, increase in production of quality and safe food all along the production chain of the industry, assurance of domestic food sufficiency and import-substitution for export market penetration, adoption of new measures for continuous development of food industry, simplification of food industry-related laws and procedures, and broader distribution of techniques, norms and information are the goals of the forum. The country has an adequate quantity of main raw material supply ready for food industry. The total number and percentage of food manufacturing enterprises is highest at 23,887 or 49.63% among the registered private industries.

Of the registered private industries in industrial zones, the number of food production businesses was the highest at 2004. Of the 49,025 registered MSMEs, those related to the food industry take the top position with a total number of 9984. Serious attention must be paid to the food industry whose number is high in the private production and business sectors.

The objective of fostering the growth and success of MSME businesses is to bolster the domestic economy, in other words, to support domestic manufacturing. In this effort, the primary and essential requirement for manufacturing is raw materials. Therefore, the policy has been established to prioritize the production of domestic and regional raw materials. Regionally produced agricultural and farming products serve as reliable raw materials. From this point, it will be necessary to take gradual steps to replace imports and boost exports. During the recent MSME exhibition held across various states and regions, numerous positive developments were observed. It is a fact that enhanced product quality and packaging have significantly boosted sales and purchasing power. Therefore, efforts must be made to meet the needs of and support local food businesses that are focused on ensuring domestic consumption and expanding exports. This is why the Myanmar Food Industry Development Forum is being held today. It is believed that this forum will provide an opportunity to observe, discuss, and exchange insights on the weaknesses, strengths, challenges, and opportunities within the local food industry.

Only through collective efforts to ensure that tasks are carried out efficiently and swiftly can progress be made. Therefore, all are urged to further strengthen government-private sector cooperation, keeping national and public interests at the forefront. Only through close cooperation between the government and the private sector to meet needs can production and the flow of commodities be improved. It is essential to openly discuss the challenges faced by those working on the ground, identify solutions, and coordinate their implementation. The key point to remember is that everyone must implement the projects quickly and efficiently, understanding that they are working for the benefit of the country.

Therefore, it is important to encourage and support business owners


Senior General Min Aung Hlaing inspects food products.


Senior General Min Aung Hlaing observes food products.

See Page 15

# Members of so-called MDY PDF terrorists who assassinated innocent people after accusing them of being informers in Mandalay Region detained with weapons, ammunition

**Nay Pyi Taw February 19**


The CRPH, the NUG, the PDF under their command, which have been designated as terrorists by the government, and organizations and individuals relating to them are committing acts of terror through various means including mainly targeting and assassinating innocent people including government employees, blowing off and destroying public places and robbing public properties, with the aim of disrupting the government mechanism by undermining the stability of the state and causing fear among the public.

While hundred-household administrator U Win Oo, who lived at No. 80 in Aung Tharyar Ward in Chan Aye Tharzan Township in Mandalay Region was sitting in front of Aung Kyaw Soe Betel Shop near his house on 26 January, 2025, two men (still under investigation) on a motorcycle fired two rounds of pistol at him and drove away, resulting in his death of gunshot wound on his throat.

In connection with the incident, security forces took measures to uncover the criminals and detained Nan Win Soe aka Naing Win Soe, 38 and Min Khant aka Gugu, 20, at their house on 113rd street between 48th and 49th roads in Htontone Ward in Chan Mya Tharzi Township together with one 9MM bullet in the morning of 2 February thanks to the cooperation and tips of people who protest acts of terror.

Following their confessions, Aung Aung aka Aung Lay, 36, who lived on 113rd street between 47th and 48th roads in Htontone Ward in Chan Mya Tharzi Township, was detained with four home-made pistols, 17 rounds of 9MM pistols, 11 MG1 plastic grenades, one 91 grenade and one Chinese grenade in the same morning.

Following the confessions of Nan Win Soe aka Naing Win Soe, Zaw Zaw Tun aka Zaw Thet aka Fatty, 28, who lived in Myananda Ward in Palate town, was detained at the combined checkpoint in Hwehnitgaing Village in Sintgain Twonship in the evening of 3 February. Following the confession of Zaw Zaw Tun aka Zaw Thet aka Fatty, Tun Tun Myint, 50, who lived in Kywe Napha Village in Sintgaing was detained in the morning of 5 February and Thurain Tun, 26, who lived in Plot 501, Kyunlone Oatshaung Ward in Chan Mya Tharzi Township was detained in the evening of 6 February.




In the case, six male defendants who murdered innocent people in Mandalay region were detained together with four home-made pistols, 18 rounds of 9mm pistol and 13 assorted grenades.

According to the confessions of the defendants, they became acquaintances with defendant at large Min Thant Kyaw aka Win Tun aka Phaund Daing and brought and kept four home-made pistols, 31 rounds of 9mm and 15 grenades at the house of Aung Aung aka Aung Lay to carry out acts of terror under his instructions.

According to the confessions of the arrested defendants, under the orders of Min Thant Kyaw (a.k.a) Win Htun (a.k.a) Phaung Daing, a member of the MDY PDF terrorist group, they carried out 9 assassinations and 2 bombings targeting innocent civilians in Mandalay and Singai towns after accusing them of being informants.

(a) On April 27, 2024, at a bridge near the entrance of Uyin Gyi village in Singai Township, two individuals, Nan Win Soe (a.k.a) Naing Win Soe and Aung Aung (a.k.a) Aung Lay, shot and killed an innocent civilian, U Aung Win, using a pistol.

(b) On June 29, in Chanmyathazi Township, at the Thanlyat Hmaw Taung neighborhood, Nan Win Soe (a.k.a) Naing Win Soe and Aung Aung (a.k.a) Aung Lay shot and killed the 100-house administrator, U Pho Kyaw, while Thurein Htun monitored the situation.

(c) On July 4, in Chanmyathazi Township, at the "Ngwe San Dar" tea shop in Kyun Lone U Shaung neighborhood, Nan Win Soe (a.k.a) Naing Win Soe and Aung Aung (a.k.a) Aung Lay shot and killed the 100-house administrator, U Tin Lin, with Thurein Htun monitoring the situation.

(d) On July 14, in Amarapura Township, at the corner of Bagaya Curve on the Sagaing-Mandalay road in Hmantan neighborhood, Nan Win Soe (a.k.a) Naing Win Soe and Aung Aung (a.k.a) Aung Lay shot and killed the one-house administrator, U Kyaw Sein, from Tha Lay Swa village, using a pistol, while Zaw Zaw Htun (a.k.a) Zaw Thet (a.k.a) Fatty monitored the situation.

(e) On October 13, in Pyigyitagon Township, at the corner of 125th Street and 62nd Street in Ward-F, Nan Win Soe (a.k.a) Naing Win Soe and Aung Aung (a.k.a) Aung Lay shot and killed traffic police officers who were conducting vehicle and traffic inspections, with Zaw Zaw Htun (a.k.a) Zaw Thet (a.k.a) Fatty monitoring the situation.

(f) On December 6, in Amarapura Township, at the Myitnge neighborhood in Aung Mingalar ward, Nan Win Soe (a.k.a) Naing Win Soe and Aung Aung (a.k.a) Aung Lay shot and killed the 100-house administrator, U Zaw Thura Htun, using a pistol, with Zaw Zaw Htun (a.k.a) Zaw Thet (a.k.a) Fatty monitoring the situation.

(g) On January 1, 2025, in Myitnge town, Yankin ward, near the ward administrator's office along the Sagaing-Myitnge road, the ward administrator U Soe Nay Htun was accused of being an informant and was shot and killed by Nan Win Soe (a.k.a) Naing Win Soe and Aung Aung (a.k.a) Aung Lay using a pistol.

(h) On January 15, in Singai town, an innocent civilian, Tun Nai Oo, from Kywe Na Phar (South) village, was accused of being an informant. Tun Tun Myint paid 50,000 kyats to have him assassinated, and Nan Win Soe (a.k.a) Naing Win Soe and Aung Aung (a.k.a) Aung Lay carried out the killing using a pistol.

(i) On January 26, in Chanmyathazi Township, Aung Tharyar neighborhood, the 100-house administrator U Win Oo was accused of being an informer and was shot and killed by Nan Win Soe (a.k.a) Naing Win Soe and Aung Aung (a.k.a) Aung Lay using a pistol.

Additionally, according to the confessions of the arrested defendants, under the orders of Min Thant Kyaw (a.k.a) Win Htun (a.k.a) Phaung Daing, a member of the MDY PDF terrorist group, they carried out 2 bombings within Mandalay city:

(a) On July 19, 2024, in Mahaaungmyay Township, at the corner of 62nd Street and 37(A) Street in Maha Myaing (2) neighborhood,

*See Page 15*


100-house administrator U Pho Kyaw, 43. (Dead).


U Tun Naing Oo, 52. (Dead).

# Representatives from Myanmar, Thailand, China hold talks to repatriate foreigners who were involved in telecom frauds, criminal activities as soon as possible



Representatives from Myanmar, Thailand and China hold talks in Mae Sot, Thailand, to repatriate foreigners who were involved in telecom frauds and criminal activities.



Representatives from Myanmar, Thailand and China hold talks in Mae Sot, Thailand, to repatriate foreigners who were involved in telecom frauds and criminal activities.

**Nay Pyi Taw February 19**

Representatives from Myanmar, Thailand and China met in Mae Sot, Thailand this morning and held talks to repatriate foreigners who were involved in telecom frauds and criminal activities as soon as possible.

Present at the meeting were the Myanmar delegation led by Deputy Chief (1) of the Myanmar Police Force Police Maj-Gen Tin Ko Ko, the delegation led by Deputy Governor Mr. Narongchai Jindaphan of Tak Province, Thailand and the delegation led by Deputy Director General Mr. Liu Ning Ning of the Criminal Investigation Department of the Ministry of Public Security, China.

During the meeting, they discussed the acceleration of crackdown on online scams and online gambling in cooperation among Myanmar, Thailand and China, proper implementation of the process for repatriation among countries of origin, transit and arrival, measures for cooperation among the countries by forming task forces and adopting action plans and matters related to repatriate foreigners to relevant third countries through Thailand as soon as possible.

100

---

*From Page 13*

who are working to improve the country's economy, while collaborating to develop the nation's industrial production sector. Business owners are also urged to strive for further development of their manufacturing industries, with a focus on public and national interests.

Following that, a video clip on Myanmar Food Industry Development was shown. Subsequently, U Aye Win, Chairman of the Myanmar Federation of Chambers of Commerce and Industry, explained the holding of the Myanmar Food Industry Development Forum (2025).

Afterward, U Aye Win, Chairman of the Myanmar Federation of Chambers of Commerce and Industry, and U Aung Shwe, Chairman of the Myanmar Food Processors and Exporters Association, presented the Senior General with a commemorative medal to mark the opening of the Myanmar Food Industry Development Forum (2025).

Following that, the attendees of the ceremony, along with the Senior General, posed for a group photo.

Afterward, the Senior General and the attendees of the ceremony toured the Myanmar Food Industry Development Forum to explore the locally produced food products and exhibits with interest. Then, the Senior General inquired about the presentations made by the officials and provided suggestions on the required measures.

The Myanmar Food Industry Development Forum (2025) will run until February 20. During the forum, sector-specific discussions will take place to foster the development of Myanmar's food production.

100

---

*From Page 14*

Nan Win Soe (a.k.a) Naing Win Soe and Aung Aung (a.k.a) Aung Lay threw a hand grenade at the Mytel office, with Zaw Zaw Htun (a.k.a) Zaw Thet (a.k.a) Fatty monitoring the situation.

(b) On January 12, 2025, in Amarapura Township, at the checkpoint on the Htonbo-PyinOoLwin road in Sauktawwa village, Nan Win Soe (a.k.a) Naing Win Soe and Aung Aung (a.k.a) Aung Lay threw a hand grenade, causing injuries to one innocent civilian, with Zaw Zaw Htun (a.k.a) Zaw Thet (a.k.a) Fatty monitoring the situation.

According to the confessions of the arrested defendants, Min Thant Kyaw (a.k.a) Win Htun (a.k.a) Phaung Daing, who remains at large, provided financial support of 1,000,000 kyats per assassination or terrorist act through Kpay. The funds were distributed as follows: 300,000 kyats each to Nan Win Soe (a.k.a) Naing Win Soe, Aung Aung (a.k.a) Aung Lay, and Zaw Zaw Htun (a.k.a) Zaw Thet (a.k.a) Fatty, and 100,000 kyats to those who monitored the situation.

Therefore, legal action will continue to be taken against the arrested defendants in accordance with the crimes they have committed. The public is urged to collectively defend against and combat terrorism, and to promptly report any information regarding the hiding places or movements of the suspects to the relevant authorities. Informants and those who assist in arrests will be rewarded appropriately and confidentially. We appeal to the entire public to cooperate and work together to restore peace and stability to our towns and villages as quickly as possible. This announcement is hereby issued for public awareness.

100

---

# UAE president rejects Palestinian displacement in talks with Rubio

**Abu Dhabi February 19**

UAE President Sheikh Mohamed bin Zayed Al Nahyan on Wednesday firmly rejected any attempts to displace Palestinians from their land during a meeting with U.S. Secretary of State Marco Rubio, state media reported.

The Emirates News Agency (WAM) said the UAE leader linked Gaza's reconstruction to a broader push for a "comprehensive and lasting peace," reiterating the UAE's commitment to a two-state solution as critical to regional stability.

Talks between the two sides focused on Middle East developments, according to WAM, particularly the Gaza crisis and its threats to regional security.

The UAE president warned that further escalation risked destabilizing the region, urging intensified efforts to contain the conflict.

The pair also reviewed opportunities to strengthen UAE-U.S. bilateral cooperation across economic, political, and humanitarian sectors, WAM added.

Rubio's visit to Abu Dhabi is the third stop of his first Middle East tour as the top U.S. diplomat. He previously visited Israel and Saudi Arabia.

Xinhua



Palestinians are seen living among the rubble of destroyed houses in Jabalia in the northern Gaza Strip, Feb. 16, 2025.





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက မြန်မာ့စားသောက်ကုန်ဖွံ့ဖြိုးတိုးတက်မှု Video Clip အား ကြည့်ရှုစဉ်။

**ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြည်တွင်းအသားတင်ထုတ်လုပ်မှု(GDP)ဖြင့် တိုင်းတာကြကြောင်း၊ အဆိုပါ GDP ကို တွက်ချက်သည့်အခါတွင်လည်း နိုင်ငံ၏လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍဟူ၍ ကဏ္ဍကြီးသုံးခုကို အခြေခံပြီးတွက်ချက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအခြေခံသည့် စက်မှုနိုင်ငံအဖြစ်ထူထောင်ရာတွင် စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ကြမ်းများသည်အဓိကဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်သည်လည်း အရေးကြီးသည့်သွင်းအားစုများဖြစ်ကြောင်း၊ထို့ကြောင့် နိုင်ငံတော်၏စက်မှုကဏ္ဍနှင့်စီးပွားရေးကို ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အပံ့ဖြစ်စေမည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်၊လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်နှင့်စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်စသည့်ကော်မရှင် သုံးရပ်ကို ဖွဲ့စည်းပေးခဲ့ခြင်းလည်းဖြစ်ကြောင်း။

လူသားတိုင်း အသက်ရှင်ရပ်တည်မှုအတွက် စားရေး၊ ဝတ်ရေး၊ နေရေးတို့သည် အဓိကအရေးကြီးသည့် အရာများဖြစ်ကြောင်း၊ယင်းသုံးခုအတွင်းတွင် စားသောက်ရေးသည်အခြေခံကျပြီး နေ့စဉ်ကြုံတွေ့နေရမည့်မရှိမဖြစ်သည့်အရာဖြစ်ကြောင်း၊အဆိုပါစားရေးကိုအဆင်ပြေစေရန်အတွက် လိုအပ်သည့် စားသောက်ကုန်များသည် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းကောင်းဖြင့်ဖြန့်ဖြူးပေးနိုင်မှသာ ပြည်သူများအတွက် အစားအစာဖူလုံမည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်အဖြစ်လည်း အဆင့်မီမီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ထို့ကြောင့်မိမိအနေဖြင့် ပြည်တွင်းစားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များအနေဖြင့် စားသောက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့်စီးပွားရေးဝန်းကျင်တစ်ရပ် ဖြစ်ထွန်းလာစေရေး၊ စားသောက်ကုန်ထုတ်လုပ်ငန်းကွင်းဆက်တစ်လျှောက် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေပြီးသွင်းကုန်အစားထိုးထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေး၊ စားသောက်ကုန်လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစီအမံသစ်များ ဖော်ဆောင်ပေးနိုင်ရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းနှင့်ပတ်သက်သည့် ဥပဒေ၊လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များတွင် ရှင်းလင်းလွယ်ကူစေရေးနှင့် နည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့် သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်ရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ စားသောက်ကုန်လုပ်ငန်းအတွက် အဓိကကျပြီး သေချာသည့်ကုန်ကြမ်းသည် နိုင်ငံအတွင်းတွင် အလုံအလောက်ထွက်ရှိကြောင်း၊ မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများထဲတွင် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းအရေအတွက်သည် စုစုပေါင်း ၂၃၈၈၇ ခုဖြစ်ပြီး ၄၉ ဒသမ ၆၃ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅ အထိမ်းအမှတ် ပြည်တွင်းမှထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများ ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

စက်မှုဇုန်များတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းမှာ လုပ်ငန်းပေါင်း ၂၀၀၄ ခုဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း၊ ထို့ပြင်ပြည်တွင်းတွင်ရှိသည့် အသေးစား၊အငယ်စားနှင့်အလတ်စားစက်မှုလုပ်ငန်းများဖြစ်သည့် MSME မှတ်ပုံတင်စာရင်းတွင်ကြည့်မည်ဆိုပါကလည်း MSME စုစုပေါင်း ၄၉၀၂၅ ခုရှိသည့်အနက် စားသောက်ကုန်လုပ်ငန်းသည် ၉၉၈၄ ခုဖြင့် အများဆုံးဖြစ်နေသည်ကိုတွေ့ရှိရကြောင်း၊ ယခုကဲ့သို့ ပုဂ္ဂလိက စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် အရေအတွက်များပြားပြီး အရေးပါသည့်စားသောက်ကုန်လုပ်ငန်းများကို သာမန်သဘောမထားဘဲ အလေးထားကြရန်လိုကြောင်း။

**MSME လုပ်ငန်းများတိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်းရည်ရွယ်ချက်မှာ အဓိကပြည်တွင်းစီးပွားရေး၊ တစ်နည်းအားဖြင့် ပြည်တွင်းကုန် ထုတ်လုပ်မှုကိုအားပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုပြုလုပ်ရာ၌ အဓိကမရှိမဖြစ်လိုအပ်သည်မှာ ကုန်ကြမ်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းထွက်၊ ဒေသထွက်ကုန်ကြမ်းများကို အဓိကထုတ်လုပ်ရန် မူဝါဒပေးထားကြောင်း၊ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကုန်ထုတ်လုပ်မှုများသည် သေချာသည့် ကုန်ကြမ်းများဖြစ်ကြောင်း၊ ထိုမှ ပြည်ပသွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်ပပို့ကုန် တိုးမြှင့်ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် သွားရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးက MSME လုပ်ငန်းများပြပွဲပြုလုပ်သည့်အခါ တိုးတက်ကောင်းမွန်မှုများကို များစွာအားရဖွယ်တွေ့ရကြောင်း၊ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပိုမိုကောင်းမွန်လာမှု၊ ထုပ်ပိုးမှုများပိုမိုကောင်းမွန်လာမှုများသည် ရောင်းအား၊ ဝယ်အားများစွာတိုးတက်စေသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅ အထိမ်းအမှတ် ပြည်တွင်းမှထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများ ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

**ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးဆောင်ရွက်ပေးနေသည့် ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရေးနှင့် အားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ယနေ့ကျင်းပပြုလုပ်ရခြင်းလည်းဖြစ်ကြောင်း၊ ယခုဖိုရမ်မှ ပြည်တွင်း စားသောက်ကုန်လုပ်ငန်းများနှင့် ပတ်သက်ပြီး အားနည်းချက်များ၊ အားသာချက်များ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို မြင်တွေ့ကြားသိဖလှယ်နိုင်ကြမည်ဟုလည်း ယုံကြည်ကြောင်း။

လုပ်ငန်းဆောင်တာများကို လုပ်သာကိုင်သာရှိပြီး မြန်ဆန်မှန်ကန်အောင် ဝိုင်းဝန်းကြိုးပမ်းပေးမှသာ အရွေ့တစ်ခုကိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှုပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်မြှင့်တင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅ အထိမ်းအမှတ် ပြည်တွင်းမှထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများ ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးအောင်ရွှေတို့က မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅ ဖွင့်ပွဲ အထိမ်းအမှတ်တံဆိပ်အားပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်အထိမ်းအမှတ် ပြည်တွင်းမှ ထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး နိုင်ငံတော်စီမံ

**MSME လုပ်ငန်းများတိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်း ရည်ရွယ်ချက်မှာ အဓိကပြည်တွင်းစီးပွားရေး၊ တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုပြုလုပ်ရာ၌ အဓိကမရှိမဖြစ်လိုအပ်သည်မှာ ကုန်ကြမ်းပင်ဖြစ်၊ ပြည်တွင်းထွက်၊ ဒေသထွက်ကုန်ကြမ်းများကို အဓိကထုတ်လုပ်ရန် မူဝါဒပေးထား၊ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်မှုများသည် သေချာသည့်ကုန်ကြမ်းများဖြစ်၊ ထိုမှပြည်ပသွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့်သွားရမည်ဖြစ်၊ ပြီးခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးက MSME လုပ်ငန်းများပြပွဲပြုလုပ်သည့်အခါ တိုးတက်ကောင်းမွန်မှုများကိုများစွာအားရဖွယ်တွေ့ရ၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပိုမိုကောင်းမွန်လာမှု၊ ထုပ်ပိုးမှုများ ပိုမိုကောင်းမွန်လာမှုများသည် ရောင်းအား၊ ဝယ်အားများစွာတိုးတက်စေသည်မှာ လက်တွေ့ပင်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအောင်ရွှေတို့က မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ် ၂၀၂၅ ဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်အား ပေးအပ်စဉ်။

**အစိုးရနှင့် ပုဂ္ဂလိကအကြား နီးနီးစပ်စပ်ပူးပေါင်းပြီး လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်မှသာ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှု တိုးတက်လာစေမည်ဖြစ်**ကြောင်း၊ မြေပြင်တွင် လက်တွေ့လုပ်ကိုင်နေသူများ၏ ကြုံတွေ့နေရသည့် အခက်အခဲများကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးအဖြေရှာပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြစေချင်ကြောင်း၊ **အဓိကခံယူထားရမည်မှာ အားလုံးသည် နိုင်ငံ့အကျိုးအတွက် လုပ်ဆောင်နေကြသည်ဆိုသည့်အသိဖြင့် လုပ်ငန်းများ သွက်လက်မြန်ဆန်အောင် အကောင်အထည်ဖော်ပေးကြရန်ဖြစ်**ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေး တိုးတက်ရန်ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များကို အားပေးကူညီမြှင့်တင်ပေးပြီး နိုင်ငံတော်၏ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် လုပ်ငန်းရှင်များဘက်မှလည်း ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကိုရှေးရှုပြီး ကုန်ထုတ်လုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့စားသောက်ကုန်ဖွံ့ဖြိုးတိုးတက်မှု Video Clip အား ပြသသည်။ ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅ ကို ဖေဖော်ဝါရီ ၂၀ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖိုရမ်ကျင်းပချိန်အတွင်း မြန်မာ့စားသောက်ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအလိုက်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**❑ နိုင်ငံပိုင်သယံဇာတများမှ**

ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများကို ထောက်ပံ့ခြင်း၊ လက်နက်ကိုင်သောင်းကျန်းသူများအားထောက်ပံ့ခြင်းများကို လုပ်ဆောင်နေကြသည်။ ထိုသို့သော မတော်လောဘဖြင့် ဥပဒေမဲ့နိုင်ငံပိုင် သယံဇာတပစ္စည်းများကို ခိုးထုတ်ကြရာတွင် ဥပဒေကို မသိနားမလည်သည့်အပြင် ဆင်းရဲသည့်ဒေသခံပြည်သူများကို ငွေကြေးဖြင့် ဆွဲဆောင်စည်းရုံးကာ အလုပ်လုပ်ကိုင်စေလျက်ရှိကြောင်းကိုလည်း တွေ့ရသည်။ယင်းသို့လုပ်ကိုင်ခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုကို အားပေးမှုမြောက်ကြောင်း ယင်းကဲ့သို့ ဥပဒေမဲ့ခိုးထုတ်မှုများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့်ပြည်သူများ သတိပြုကြရန်လိုပါသည်။

နိုင်ငံတော်အနေဖြင့် မတော်လောဘဖြင့် နိုင်ငံ၏သယံဇာတပစ္စည်းများအား ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကိုထောက်ပံ့နေမှုများအား စိစစ်ဖော်ထုတ်၍ လိုအပ်သလို တိုက်ဖျက်ဆောင်ရွက် သွားမည်ဖြစ်သည်။ သို့ပါ၍ ပြည်သူများအနေဖြင့် အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို အားပေးထောက်ပံ့မှုပြုနေသည့် ယင်းကဲ့သို့ ဥပဒေမဲ့သယံဇာတခိုးထုတ်သည့်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းမှ အထူးသတိပြုရှောင်ရှားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။ (၅၀၁)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းဝင်းထွန်းအား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၇၇ နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၇၇ နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ချစ်ကြည်လေးစားအပ်ပါသော ချင်းတိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်သည့် ၇၇ နှစ်မြောက်“ချင်းအမျိုးသားနေ့” နေ့ထူးနေ့မြတ်အခါသမယတွင် ချင်းတိုင်းရင်းသားများမျိုးနွယ်စုအားလုံးနှင့်အတူ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၁၉၄၈ ခုနှစ် ဖလမ်းမြို့လူထုအစည်းအဝေးပွဲက ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းကာ ဒေသန္တရဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနိုင်ခဲ့သော ဖေဖော်ဝါရီ ၂၀ ရက်ကို **“ချင်းအမျိုးသားနေ့”**အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြပြီး ဂုဏ်ယူစွာဖြင့် နှစ်စဉ်အခမ်းအနားများကျင်းပခဲ့သည်မှာ ၇၇ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးသည် ရှေးနှစ်ပေါင်းများစွာက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး မိသားစုပမာ စိတ်တူကိုယ်တူ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြရသောကြောင့် ကမ္ဘာ့အလယ်တွင် သိက္ခာရှိစွာဖြင့် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာလက်လွှတ်ဆုံးရှုံးခဲ့ရချိန်တွင်လည်း တိုင်းရင်းသားအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြန်လည်ရယူနိုင်ခဲ့ပါသည်။

**နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင် . . .**

**ချင်းတိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအရင်းတည်၍ ချင်းပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ထမ်းဆောင် . . .**

နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဖြစ်စဉ်တစ်လျှောက်လုံးနှင့် လွတ်လပ်ရေးရပြီး နိုင်ငံတော်တည်ဆောက်ချိန်များတွင်လည်း ချင်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့်အတူ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ လက်တွဲပါဝင်ခဲ့ကြပါသည်။ ဗြိတိသျှကိုလိုနီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်းကိုခံခဲ့ရစဉ်က ချင်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့နှင့် ချင်းတိုင်းရင်းသားများသည် အခြားသောတိုင်းရင်းသားပြည်သူတို့နှင့်အတူ ရဲဝံ့စွန့်စားစွာဖြင့် ခုခံတော်လှန်ခဲ့ကြပါသည်။ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကာလကလည်း ဦးထောင်ဇခုပ်၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) ဦးကီးယိုမန်း၊ ဝဏ္ဏကျော်ထင် ဦးလှုရ်မှုန်၊ သီရိပျံချီ ဦးထောင်ကျင်းထန်၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်) သတိုးမဟာစည်သူ ဦးဝမ္မသူးမောင်တို့သည် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့စဉ် သုံးကြိမ်လုံး ပါဝင်ဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) သီရိပျံချီ ဦးထပ်လိုင်း၊ လွတ်လပ်ရေးရပြီးကာစ ပြည်တွင်းဆူပူသောင်းကျန်းမှုကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီးဟရန်ထီးယို၊ ဒုတိယဗိုလ်မှူးကြီးလျန်ကျင့်ဇမ်း၊ ဗိုလ်ကြီးသူရအောင်ဆန်းသူရိယတိုက်ချွန်း၊ ဗိုလ်မှူးကြီးဇေယျကျော်ထင်ဗန်ကူး၊နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) ဗိုလ်ချုပ်ထောင်ဇာခိုင်တို့နှင့်အတူ ချင်းတိုင်းရင်းသားများသည် နိုင်ငံတော်အတွက် ကျရာတာဝန်အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါသည်။

ထိုသို့ နိုင်ငံတော်နှင့်ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊သွေး၊ချွေးများပေးဆပ်ခဲ့ကြသော နိုင်ငံတော်နှင့် တပ်မတော်အတွက် ထာဝရဂုဏ်ယူလေးစားနေရသည့် ချင်းတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများစွာ သမိုင်းထင်ကျန်ရစ်ခဲ့ကြသည်မှာ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားများအတွက် ဂုဏ်ယူလေးစားဖွယ် ဂုဏ်ဒြပ်များပင်ဖြစ်ပါသည်။

ယနေ့အချိန်တွင် ချင်းပြည်နယ်၏ နေရာဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံတော်ကိုပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား နှစ်ထောင်ပေါင်းများစွာ ဖြစ်တည်လာခဲ့သည့် သံယောဇဉ်တရားနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် ပြည်တွင်းပြည်ပအဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန်အတွက် သွေးခွဲရန်တိုက်ပေးမှုများ၊ ကျဉ်းမြောင်းသော လူမျိုးရေးအယူဝါဒသွတ်သွင်းနေမှုများကို အထူးသတိပြုကာကွယ်ကြရန် လိုအပ်ပါသည်။

ယခုကြုံတွေ့နေရသော အကြမ်းဖက်လုပ်ရပ်များမှာ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ်ပယ်ဖျက်ခံရသည့်အပေါ် အမှန်ကိုအမှန်အတိုင်း သုံးသပ်ရှုမြင်မှုမရှိဘဲ အာဏာကို အဓမ္မနည်းဖြင့် လိုချင်တပ်မက်သည့် ဆန္ဒကြောင့် သွေးထိုးလှုံ့ဆော်မှုများမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်နှင့်ပြည်သူတို့အပေါ် သဘောထားမမှန်ကန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ကလည်း ဖြစ်ပေါ်လာသောမတည်ငြိမ်မှုကိုအခွင့်ကောင်းယူပြီး တည်ငြိမ်အေးချမ်းနေသောဒေသများကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါသည်။ ထိုဖြစ်စဉ်များကြောင့် ချင်းပြည်နယ်အပါအဝင် ဒေသအသီးသီး၌ အပြစ်မဲ့ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများသာမက ပြည်သူပိုင်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးကာ ဆင်းရဲဒုက္ခကြုံတွေ့နေရသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

လက်နက်ကိုင်အကြမ်းဖက်မှုများ၏ ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင်ဖြစ်ပါသည်။ ထိခိုက်ဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏ အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများပင်ဖြစ်ပါသည်။ တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်ရရှိနေသည့်အခြေအနေမှာ ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏အင်အားကိုလျော့ပါးစေပြီး မူလအခြေအနေပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဝန်ထမ်းများနှင့်ပြည်သူများကို နိုင်ငံတော်က ထောက်ပံ့ငွေများချီးမြှင့်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံနှင့်ပြည်သူအတွက် ဆိုးကျိုးများကိုဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ ပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရန် ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများက အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးဟူသော နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ကို ချမှတ်ထားပြီး တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံစေရေးဟူသော အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကိုချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အကျိုး၊ပြည်သူလူထုအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး ဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာများကိုဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးကောင်းမွန်လာပါက နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးပါ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေသအလိုက်စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသနှင့်ကိုက်ညီသည့် စနစ်ကျနသောမွေးမြူရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ပစ္စည်းများမှသည် အရည်အသွေးပြည့်မီသော MSME ထုတ်ကုန်များအဖြစ် ပိုမိုတိုးမြှင့်ထုတ်လုပ်ကြရန်နှင့် ဒေသတွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး အထိပါကြိုးစားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။ လိုအပ်သည့် နည်းပညာ၊အရင်းအနှီးနှင့်ကုန်ထုတ်သွင်းအားစုတို့ကိုလည်း နိုင်ငံတော်က ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မိမိတို့ရည်မှန်းတည်ဆောက်နေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပြည်သူတစ်ဦးချင်းစီ၏ လူမှုဘဝတိုးတက်ရေးအတွက် အသိပညာ၊အတတ်ပညာပြည့်စုံကြရန်လိုအပ်ပါသောကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးအပါအဝင်ကဏ္ဍအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ခွင့်ရပြီး ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုနှုန်းတိုးတက်စေရေး၊အသက်မွေးဝမ်းကျောင်းပညာအပြင်အဆင့်မြင့်ပညာများအထိ ဆုံးခန်းတိုင်သင်ယူပြီးမြောက်စေပြီး ပညာတတ်လူငယ်များပေါ်ထွန်းလာစေရန် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ သို့မှသာ ဗလငါးတန်ပြည့်ဝသော လူငယ်များဖြင့် နိုင်ငံ့အနာဂတ်ကိုတိုးတက်အောင်မြင်အောင် ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုအောင်မြင်စွာကျင်းပပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ဒေသအလိုက်လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းမှသာ လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲများကျင်းပနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး NCA ပါသဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဆက်လက်၍လည်း လွတ်လပ်စွာဆွေးနွေးပြောဆိုကြရန် ကမ်းလှမ်းထားကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲတံခါးဖွင့်ကြိုဆိုလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် မဲဆန္ဒရှင်ပြည်သူများအားလုံးခြိမ်းခြောက်မှု၊အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ အုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှု စသည့် မတရားမှုများမှ ကင်းဝေးစေပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ တိကျမှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကျင်းပရန်အတွက် နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်ပါသည်။ သို့ဖြစ်၍ ချင်းတိုင်းရင်းသားများကလည်း ဒေသချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုချစ်စိတ်များကို အရင်းခံကာ စည်းလုံးညီညွတ်စွာဖြင့် ဒေသအတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲကြီးအောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပန်ကြားလိုပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန်မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။ ချင်းတိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်၍ ချင်းပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ၇၇ နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုလျက်သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းမှာကြား



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မန္တလေးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီးအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မြေပြင် ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့တက်ရောက်သည်။

ဦးစွာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအနေဖြင့် ပန်းခင်းစီမံချက်အဆင့်(၁)တွင် လျာထားချက် ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ပြီး ပန်းခင်းစီမံချက်အဆင့်(၂)နှင့်(၃)တို့တွင် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ရန်ကျန်ရှိမှုနှင့်ထပ်မံ၍ အသက် ၁၈ နှစ်ပြည့်လာမည့်သူများအတွက် ယခုပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်ထိ မန္တလေးတိုင်းဒေသကြီးအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း တစ်သောင်းကျော်ထုတ်ပေးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ဒေသအချို့၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်များကြောင့် ယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းသွားလာနေထိုင်မှုများရှိနေကြပြီး ယင်းတို့၏ စာရင်းအချက်အလက်များ တိကျမှန်ကန်စွာရရှိရေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေး၊ ဥပဒေနှင့်ကိုက်ညီသူများ မဲစာရင်းတွင်ပါဝင်စေရေး၊ မဲစာရင်း တစ်နေရာထက်ပိုမိုပါဝင်မှုမရှိစေရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အပြန်အလှန်ဆက်စပ်ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပန်းခင်းစီမံချက်အဆင့်(၃)လျာထားသတ်မှတ်ချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ယာယီရွှေ့ပြောင်း နေထိုင်လာသူများ စာရင်းကောက်ယူ ပြုစုဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းများ အောင်မြင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ်ရှိ ပြည်သူ့အင်အားဦးစီးဌာန အဆောက်အအုံ၌ ကချင်ပြည်နယ် ဗန်းမော်ဒေသမှ ယာယီရွှေ့ပြောင်းရောက်ရှိလာကြသည့် ခရိုင်နှင့်မြို့နယ်အချို့မှ ဝန်ထမ်းများကိုသွားရောက်တွေ့ဆုံ၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ပံ့ပိုးငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး အဆိုပါအဆောက်အအုံအတွင်း ယာယီရုံးခွဲများဖွင့်လှစ်ထားရှိမှုနှင့် ဝန်ထမ်းများနေထိုင်နိုင်ရေး၊ ရေ၊ မီး ရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ ဝါးခင်းကုန်းဓမ္မာရုံ၌ ချမ်းအေးသာစံမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် လုပ်ငန်းစဉ်အဆင့်အလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားကတ်ပြားရရှိသူများအား e-IDစနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric)ကောက်ယူ၍ ဂဏန်း၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ် ဦးစီးမှူးရုံးသို့သွားရောက်၍ မြို့နယ်ရုံးအတွင်း၌ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊လဲလှယ်နှင့် မိတ္တူလျှောက်ထားသူ ပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြားစိစစ်ဆောင်ရွက်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ်ရှိ ဧည့်ရိပ်သာခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများကိုတွေ့ဆုံမှာကြားကာ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၈၇ ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ၈၇ ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်တွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုးနှယ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မိတ်ဖက်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကြက်ခြေနီ ဗဟိုကောင်စီဝင် တိုင်းဒေသကြီး၊ ပြည်နယ်များမှကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ တာဝန်ရှိသူများ၊ မိတ်ဖက်အမျိုးသားကြက်ခြေနီအသင်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်ကအသင်း၏ လူမှုကရုဏာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ၈၇ ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ကြက်ခြေနီလှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကိုပြသသည်။



၈၇ ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက်ထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


**MSME ချေးငွေများ လျှောက်ထားနိုင်**

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေး ဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး ၃၀ ရာခိုင်နှုန်းနှင့်အထက်အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း သုံးရာခိုင်နှုန်း၊ Working Capital ၁၀၀ ရာခိုင်နှုန်း အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း လေးရာခိုင်နှုန်းနှင့် Credit Guarantee Insurance-CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ငါးရာခိုင်နှုန်းတို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့



**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ၃၁ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ပဥ္စမနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ၃၁ ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေလေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ) အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (က)အဆင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်တီးဝိုင်းအသင်း၊(ခ)အဆင့်ပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းတို့ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါစစ်တီးဝိုင်းပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟ)

**၃၁ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ပဥ္စမနေ့ ဆက်လက်ကျင်းပစဉ်။**

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Proအဆင့် တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Burmese Golf (BG) ကအဓိကကူညီပံ့ပိုးသော(President Cup) ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲများ၏ တတိယနေ့ကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတတိယနေ့အပြီး Tour Pro ဆင့်ပြိုင်ပွဲတွင် နိုင်နိုင်လင်းနှင့် သိန်းနိုင်စိုး (HAN Golf Masters)တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာ ထိပ်ဆုံးတွင် ပူးတွဲဦးဆောင်နေပြီး သီဟဌေး (HAN Golf Masters)နှင့် မျိုးဝင်းအောင် (PMA Association)တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်၍ အဆင့် (၃)နေရာတွင် ရပ်တည်လျက်ရှိသည်။ Senior Pro အဆင့်တွင်မူ မင်းနိုင်က သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျှော့ရိုက်ပြီး နှစ်ရက်ပေါင်းရိုက်ချက် ၁၃၀ ဖြင့် ပထမ၊ ခင်ဇော်ဝင်း(KPG)နှင့် စိုးကျော်ကျော်နိုင်(Taylormade)တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၅ ချက်ဖြင့် ဒုတိယတွင် ရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ယခုပြိုင်ပွဲအပြီးတွင် ဝါသနာရှင်အဆင့်၊ သက်ကြီးတန်း ဝါသနာရှင်အဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်ထိ ရန်ကုန် ဂေါက်ကလပ်(တည်းကုန်း)၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟ)

**မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် တတိယနေ့ ဆက်လက်ကျင်းပစဉ်။**




## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြင်ဦးလွင်မြို့နယ်ရှိ ဆရာတော်၊သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရွှေလမင်းဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊သံဃာတော်များနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ လောကနန္ဒာမင်္ဂလာခန်းမအတွင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၂၀ နှင့် ဒေသခံပြည်သူ ၂၁၃ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေစမ်းသပ် စစ်ဆေးပေးခြင်း၊ ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “sunny bro88(ASZW)” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြေစကောင်းကျေးရွာနေ ထင်လင်းအောင်အား ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

☆ ကျောဖုံးမှအဆက်

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၁၅၅၃ ဦးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ပြီး အမြန်ဆုံးပြည်နှင်လွှဲပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများကို ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် နယ်စပ်ဒေသများမှ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ဥပဒေနှင့်အညီ စနစ်တကျထိန်းသိမ်းလွှဲပြောင်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အွန်လိုင်းလောင်းကစားနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှု အပါအဝင် အခြားဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၅၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာတွင် ရှင်ပြုအလှူတော်မင်္ဂလာကျင်းပနေချိန်၌ PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် ရက်စက်ယုတ်မာစွာ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အသက် ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦးသေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အကြမ်းဖက်မှုကို လိုလားသူ လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ရှင်ပြုအလှူတော်မင်္ဂလာကျင်းပနေချိန်၌ ကျေးရွာ၏အရှေ့မြောက်ဘက်မှ Drone ယာဉ် နှစ်စီးဖြင့် Drop Bomb ချတိုက်ခိုက်မှုကြောင့် ကျောင်းအတွင်းရှိ ဓမ္မာရုံပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦးသေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။





PDF အကြမ်းဖက်သမားများက Drone ယာဉ် နှစ်စီးဖြင့် Drop Bomb ချတိုက်ခိုက်ခဲ့မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူများ မှတ်တမ်းဓာတ်ပုံ။

အထက်ပါဖြစ်စဉ်မှ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသူများကို ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှာက်မှုလုပ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပြီး ထိုသို့အသက်ငယ်ရွယ်သော ကလေးသူငယ်များ ပါမကျန် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာသောလုပ်ရပ်များကို ဒေသခံပြည်သူများအနေဖြင့် လက်မခံနိုင်ဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာဘုန်းတော်ကြီးတွင် ရှင်ပြုအလှူတော်မင်္ဂလာကျင်းပနေစဉ် PDF အကြမ်းဖက်သမားများက Drone ယာဉ် နှစ်စီးဖြင့် Drop Bomb ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။



# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်ရေး မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးညှိနှိုင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တွေ့ဆုံပြီး အွန်လိုင်းလိမ်လည်မှု(Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်ရေးဆွေးနွေးညှိနှိုင်းကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်တင်ကိုကို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ တာ့ခ်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Narongchai Jindaphan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။


တွေ့ဆုံစဉ် မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံပူးပေါင်း၍ (Online Scam)နှင့် (Online Gambling) တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ မူရင်းနိုင်ငံ၊ ဖြတ်သန်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံတို့အကြား လွှဲပြောင်းလက်ခံရေးလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အဆိုပါနိုင်ငံများအကြား Task Force ဖွဲ့စည်းပြီး Action Plan ရေးဆွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည့်အစီအမံများ၊ တတိယနိုင်ငံသားများကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ)




အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်း လက်ခံနိုင်ရေး မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး ညှိနှိုင်းကြစဉ်။

# PDF အမည်ခံအကြမ်းဖက်သမားများက ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ပစ်ခတ်မှုကြောင့် ကျရောက်ပေါက်ကွဲခဲ့သည့် နေရာပြပုံ။








ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့လာရောက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူအမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူအမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် ပကာရီကျေးရွာ၏ အရှေ့တောင်ဘက်သို့ အကြောင်းမဲ့လာရောက်ပစ်ခတ်မှုကြောင့် ကျေးရွာအနီးသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသမီး နှစ်ဦး ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ အဆိုပါထိခိုက်ဒဏ်ရာရရှိသူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ မြို့ရွာ၊ လူနေရပ်ကွက်များအတွင်းသို့ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဒေသခံပြည်သူ သေဆုံးမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာတစ်ဝိုက်ကို လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မဝ)

# ချောင်းဦး၊ ငါန်းဇွန်နှင့် မတ္တရာမြို့နယ်တို့တွင် လုံခြုံရေးအဖွဲ့ဝင်များက လက်နက်ကြီး၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် ပြည်သူ နှစ်ဦးသေဆုံးပြီး သာသနိကအဆောက်အအုံများပျက်စီးခဲ့ကြောင်း မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်နှင့် မတ္တရာမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ပြည်သူများထိခိုက်သေဆုံးပြီး သာသနိကအဆောက်အအုံများပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်များမှ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ အဆိုပါမြို့နယ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ပြည်သူများ သေဆုံးပြီး သာသနိကအဆောက်အအုံများပျက်စီးသည်ဆိုသည့် သတင်းမှာ သတင်းမှားသာဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်များကို ပစ်ခတ်တိုက်ခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း၊ အကြမ်းဖက်သမားများက အဆိုပါမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ကျေးရွာများကို လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးပြီး သာသနိကအဆောက်အအုံများ၊ လူနေအိမ်များ ပျက်စီးဆုံးရှုံးရခြင်းများ ရှိခဲ့သည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ယုတ်မာရက်စက်သည့်လုပ်ရပ်များကို ဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့အခြေအမြစ်မရှိသည့် သတင်းဓာတ်ပုံများကို အသုံးပြု၍ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ)




အိမ်ပြင်ပသို့ ထွန်းသောမီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# မန္တလေးတိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် MDY PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉


နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုအား အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများကို ခိုးပြတိုက်လုယက်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ဇန်နဝါရီ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် အိမ်အမှတ်(၈၀)နေ ရာအိမ်မှူး ဦးဝင်းဦးသည် နေအိမ်အနီးရှိ "အောင်ကျော်စိုး" ကွမ်းယာဆိုင်ရှေ့၌ ထိုင်နေစဉ် (စိစစ်ဆဲ) ကျား နှစ်ဦးက ဆိုင်ကယ် တစ်စီးဖြင့် ရောက်ရှိလာပြီး ပစ္စတိုဖြင့် နှစ်ချက်ပစ်ခတ်ထွက်ပြေးသွားခဲ့သောကြောင့် ရာအိမ်မှူး ဦးဝင်းဦးသည် လည်ပင်းကျည်ဖောက်ဝင် ဒဏ်ရာဖြင့် သေဆုံးခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင်သတင်းပေးမှုများကြောင့် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ၁၁၃ လမ်း၊ ၄၈ - ၄၉ လမ်းကြားတွင် တရားခံ နန်းဝင်းစိုး (ခ) နိုင်ဝင်းစိုး ၃၈ နှစ်နှင့် မင်းခန့်(ခ)ဂူးဂူး ၂၀ နှစ်တို့ နှစ်ဦးကို နေအိမ်အတွင်းမှ ၉ မမကျည် တစ်တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါနေ့နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ၁၁၃လမ်း၊ ၄၇ - ၄၈ လမ်းကြားနေ ဆက်စပ်တရားခံဖြစ်သူ အောင်အောင်(ခ)အောင်လေး ၃၆ နှစ်ကို လက်လုပ်ပစ္စတိုလေးလက်၊ ၉ မမကျည် ၁၇ တောင့်၊ MG1 ပလတ်စတစ်လက်ပစ်ဗုံး ၁၁ လုံး၊91 လက်ပစ်ဗုံးတစ်လုံး၊တရုတ်လက်ပစ်ဗုံးတစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ နန်းဝင်းစိုး (ခ) နိုင်ဝင်းစိုး၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၃ ရက် ညနေပိုင်းတွင် စဉ့်ကိုင်မြို့နယ် ဆယ့်နှစ်ကိုင်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဆက်စပ်တရားခံ ဇော်ဇော်ထွန်း(ခ)ဇော်သက်(ခ)ဖက်တီး ၂၈ နှစ် မြနန္ဒာရပ်ကွက် ပလိပ်မြို့နေသူကိုလည်းကောင်း၊ တရားခံ ဇော်ဇော်ထွန်း (ခ) ဇော်သက် (ခ) ဖက်တီး၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် ထွန်းထွန်းမြင့် ၅၀ နှစ်၊ ကျွဲနဖားကျေးရွာ စဉ့်ကိုင်မြို့နယ် နေသူကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းတွင် တရားခံ သူရိန်ထွန်း ၂၆ နှစ်၊ အကွက်အမှတ်(၅၀၁) ကျွန်းလုံးဥသျှောင်ရပ်ကွက် ချမ်းမြသာစည်မြို့နယ် နေသူကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။




၂၉-၆-၂၀၂၄ ရက်တွင် ချမ်းမြသာစည်မြို့နယ် သံလျှက်မော်တောင်ရပ်ကွက်တွင် အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် ရာအိမ်မှူး၏ မှတ်တမ်းဓာတ်ပုံ။



၁၅-၁-၂၀၂၅ ရက်တွင် စဉ့်ကိုင်မြို့နယ် ကျွဲနဖား(တောင်)ကျေးရွာနှင့် မီးသွေးဖုတ်ကျေးရွာချင်းဆက်လမ်းတွင် အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူတစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။



ဖြစ်စဉ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ ကျားခြောက်ဦးတို့ကို လက်လုပ်ပစ္စတိုသေနတ်လေးလက်၊ ၉ မမ ကျည် ၁၈ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် MDY PDF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ မင်းသန့်ကျော်(ခ)ဝင်းထွန်း(ခ)ဖောင်းဒိုင်းနှင့် ရင်းနှီးခဲ့ကာ မင်းသန့်ကျော်(ခ)ဝင်းထွန်း(ခ)ဖောင်းဒိုင်း၏စေခိုင်းမှုဖြင့် မန္တလေးမြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လက်လုပ်ပစ္စတိုသေနတ်လေးလက်၊၉ မမကျည် ၃၁ တောင့်၊ လက်ပစ်ဗုံး ၁၅ လုံးတို့ကို ယူဆောင်ခဲ့ပြီး အောင်အောင်(ခ)အောင်လေး၏ နေအိမ်တွင် သိမ်းဆည်းထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ MDY PDF အကြမ်းဖက်အဖွဲ့ဝင် မင်းသန့်ကျော်(ခ)ဝင်းထွန်း(ခ)ဖောင်းဒိုင်း၏စေခိုင်းမှုဖြင့် မန္တလေးမြို့နှင့်စဉ့်ကိုင်မြို့များအတွင်း အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်မှုကိုးကြိမ်နှင့် ဖောက်ခွဲဖျက်ဆီးမှု နှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း-

(က) ၂၀၂၄ ခုနှစ် မေ ၂၇ ရက်တွင် စဉ့်ကိုင်မြို့နယ် ဥယျာဉ်ကြီးကျေးရွာအဝင်ရှိ တံတားပေါ်၌ အပြစ်မဲ့ပြည်သူ ဦးအောင်ဝင်းကို နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့် အောင်အောင် (ခ) အောင်လေးတို့ နှစ်ဦးက ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

(ခ) ဇွန် ၂၉ ရက်တွင် ချမ်းမြသာစည်မြို့နယ် သံလျှက်မော်တောင်ရပ်ကွက်ရှိ ရာအိမ်မှူး ဦးဖိုးကျော်ကို နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး၊ အောင်အောင် (ခ) အောင်လေးတို့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး သူရိန်ထွန်းက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ဂ) ဇူလိုင် ၄ ရက်တွင် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ "ငွေစန္ဒာ"လက်ဖက်ရည်ဆိုင်၌ ရာအိမ်မှူး ဦးတင်လင်းကို နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့်အောင်အောင်(ခ)အောင်လေးတို့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ရာတွင် သူရိန်ထွန်းက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ဃ) ဇူလိုင် ၁၄ ရက်တွင် အမရပူရမြို့နယ် မှန်တန်းရပ်ကွက် စစ်ကိုင်း-မန္တလေး ကားလမ်းဗားကရာကွေ့၌ အမရပူရမြို့နယ် သာလေစွကျေးရွာရာအိမ်မှူး ဦးကျော်စိန်ကို နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ) အောင်လေးတို့ နှစ်ဦးက ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဇော်ဇော်ထွန်း(ခ) ဇော်သက် (ခ) ဖက်တီးက အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

(င) အောက်တိုဘာ ၁၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ၁၂၅ လမ်းနှင့် ၆၂ လမ်းထောင့်၌ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း စစ်ဆေးခြင်းများဆောင်ရွက်နေသောယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကို နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ)အောင်လေးတို့ နှစ်ဦးက ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဇော်ဇော်ထွန်း(ခ) ဇော်သက် (ခ) ဖက်တီးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(စ) ဒီဇင်ဘာ ၆ ရက်တွင် အမရပူရမြို့နယ် အောင်မင်္ဂလာရပ်မြစ်ငယ်ရပ်ကွက် ရာအိမ်မှူး ဦးဇော်သူရထွန်းကို နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့်အောင်အောင်(ခ) အောင်လေးတို့က ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီးဇော်ဇော်ထွန်း(ခ)ဇော်သက်(ခ) ဖက်တီးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ဆ) ဇန်နဝါရီ ၁ ရက်တွင် မြစ်ငယ်မြို့ ရန်ကင်းရပ် စစ်ကိုင်း-မြစ်ငယ်သွား ကားလမ်းဘေး၊ ရပ်ကွက်ရုံးအနီး၌ ရန်ကင်းရပ်ကွက်ရစဖမှူး ဦးစောနေထွန်းကို ဒလန်ဟုစွပ်စွဲ၍ နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့်အောင်အောင်(ခ)အောင်လေးတို့က ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

(ဇ) ဇန်နဝါရီ ၁၅ ရက်တွင် စဉ့်ကိုင်မြို့ ကျွဲနဖား(တောင်)ကျေးရွာနေ အပြစ်မဲ့ပြည်သူ ထွန်းနိုင်ဦးကို ဒလန်ဟုစွပ်စွဲပြီး ထွန်းထွန်းမြင့်က ငွေကျပ် ၅၀၀၀၀ ပေး၍ လုပ်ကြံသတ်ဖြတ်ရန်စေခိုင်းခဲ့သဖြင့် နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ)အောင်လေးတို့က ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

(ဈ) ဇန်နဝါရီ ၂၆ ရက်တွင် ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် ရာအိမ်မှူး ဦးဝင်းဦးကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ) အောင်လေးတို့က ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

ထို့ပြင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ MDY PDF အကြမ်းဖက်အဖွဲ့ဝင် မင်းသန့်ကျော်(ခ)ဝင်းထွန်း(ခ)ဖောင်းဒိုင်း၏ စေခိုင်းမှုဖြင့် မန္တလေးမြို့အတွင်း ဖောက်ခွဲဖျက်ဆီးမှု နှစ်ကြိမ်ကျူးလွန်ခဲ့ကြောင်း-

(က) ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် မဟာအောင်မြေမြို့နယ် မဟာမြိုင် (၂)ရပ်ကွက် ၆၂ လမ်း ၃၇ (အေ)လမ်းထောင့်ရှိ Mytel ရုံးကို နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ)အောင်လေးတို့ နှစ်ဦးက လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲရာတွင် ဇော်ဇော်ထွန်း (ခ) ဇော်သက် (ခ) ဖက်တီးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ခ) ဇန်နဝါရီ ၁၂ ရက်တွင် အမရပူရမြို့နယ် ဆောက်တောဝကျေးရွာ ထုံးဘို-ပြင်ဦးလွင်လမ်းစစ်ဆေးရေးဂိတ်ကို နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့်အောင်အောင်(ခ)အောင်လေးတို့ နှစ်ဦးက လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲရာတွင် ဇော်ဇော်ထွန်း(ခ)ဇော်သက်(ခ)ဖက်တီးက အခြေအနေကြည့်ရှုပေးခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် တရားခံ မင်းသန့်ကျော် (ခ) ဝင်းထွန်း (ခ) ဖောင်းဒိုင်းက လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်အတွက် Kpay ကတစ်ဆင့် လုပ်ကြံသတ်ဖြတ်မှုနှင့် အကြမ်းဖက်မှုတစ်ကြိမ်လျှင် ငွေကျပ် ၁၀ သိန်းထောက်ပံ့ပေးခဲ့ကြောင်း၊ ရရှိသောငွေကြေးများကို နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး၊ အောင်အောင်(ခ)အောင်လေးနှင့်ဇော်ဇော်ထွန်း(ခ)ဇော်သက်(ခ)ဖက်တီးတို့က တစ်ဦးလျှင် ငွေကျပ်သုံးသိန်း၊ အခြေအနေကြည့်ရှုပေးသူများကို တစ်သိန်းကျပ်ဖြင့် ပြန်လည်ခွဲဝေပေးကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့်မြို့ရွာများအမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

ဝတ္ထုတိုကဏ္ဍ

# မျက်ရည်စစ်နဲ့ လင်းတဲ့ရင်ခွင်

မောင်ကြည်လင်(ရွှေကြိုးကြာ)



(၁)

အမှောင်ထုက တဖြည်းဖြည်းလျော့ကျလာလေပြီ။ အလင်းနုနုကလည်း အမှောင်ကိုကျော်ဖြတ်ကာ တိုးဝင်နေသည်။

"ဒီအချိန်အထိ မအိပ်သေးဘူးလား မသက်နွယ်။ မနက်လဲ ဆွမ်းချက်ရအုံးမှာလေ"

ကိုဘချစ် အသံကြောင့် မသက်နွယ် အိပ်ရာက ငေါက်ခနဲ ထထိုင်လိုက်မိသည်။ မသက်နွယ် အိပ်မပျော်သည်မှာ ညပေါင်းမနည်းပေ။ ညဘက်အိပ်မပျော်တိုင်း အတွေးများ နယ်ချဲ့ခဲ့ရသည်။ ဘဝတစ်လျှောက်ပင်ပန်းခဲ့ရသည့် ဒဏ်ကဖိစီးလာသဖြင့် ဝေဒနာများစွာလည်း ခံစားခဲ့ရသည်။ မသက်နွယ် အိပ်မပျော်သည့် ညပေါင်းများစွာထဲက ယခုညမှ ကိုဘချစ် သိသည်ထင်၏။

"တော်ကရော မအိပ်သေးဘူးလား။ ဘာလုပ်နေတာလဲ ကိုဘချစ်။ အိပ်လို့လဲမပျော်ပါဘူး ကိုဘချစ်ရယ်။ ကျုပ်က မအိပ်တော့ပါဘူး။ ခဏနေ ဆွမ်းချက်တော့မှာ"

ဟုတ်ပါသည်။ ပြောဆိုနေသည့် အချိန်မှာပင် ရွာဦးကျောင်းက အုန်းမောင်းခေါက်သံထွက်ပေါ်လာသည်။ မသက်နွယ် အမှောင်ထုထဲတွင် လက်နှိပ်ဓာတ်မီးကို ရှာဖွေလိုက်သည်။ ဘေးတွင်ရှိသော ဘက်ထရီအိုးကလစ်ကို ညှပ်လိုက်သောအခါ မှိန်ပျပျမီးရောင်ကလေး ထွက်ပေါ်လာသည်။ မီးရောင်မှိန်မှိန်အောက်တွင် အိုစာလှသည့် မသက်နွယ်မျက်နှာကို ကိုဘချစ်မြင်လိုက်ရသည်။ တစ်ချိန်က ရွာကွမ်းတောင်ကိုင်ခဲ့သော မသက်နွယ်သည် အလွန်လှပခဲ့သူ ဖြစ်သည်။ ကာလသားလူပျိုများ၏ အိပ်မက်ဖြစ်ခဲ့သော မသက်နွယ်သည် ကြိုးစားရိုးသားပြီး အနေအေးသည့် ကိုဘချစ်ကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ခဲ့သည်။ ယခုအခါ ရာသီ၏ တိုက်စားမှု ၊ လောကဓံ၏ လှည့်ဖြားမှုတို့ကြောင့် ငယ်စဉ်က နုပျိုခြင်းများကို ဇရာက ဝါးမျိုခဲ့လေပြီ။ကိုဘချစ်လည်း ဇရာကို မလွန်ဆန်နိုင်ခဲ့ပါ။ မျက်နှာပေါ်က အရေးအကြောင်းများက အိုမင်းခြင်း၏ သရုပ်လက္ခဏာများပင် ဖြစ်သည်။

"အောင်ဝေတစ်ယောက် အဆင်မှပြေရဲ့လား အသိပါဘူး။ သာကြောင်း၊ မာကြောင်း သတင်းတောင်မပို့ဘူး။ ကျုပ်တို့ကို သတိမှရသေးရဲ့လား။ မေ့နေပြီ ထင်ပါရဲ့တော်"

"ဟူး"

ကိုဘချစ် သက်ပြင်းရှည်ကြီး ချလိုက်မိသည်။ မသက်နွယ်ကို ကြည့်ကာ "သတိရရင် မိဘတွေဆီ ရောက်လာမှာပေါ့"ဟု ပြောလိုက်ချင်သော်လည်း စကားလုံးများက ထွက်မလာခဲ့ပေ။ မသက်နွယ်သည် သားနှင့် အဆက်အသွယ်မရသည့် အချိန်တွင် သောကများစွာ ထမ်းပိုးခဲ့ရသည်။

"မေ့တယ်လို့တော့လဲ မဟုတ်လောက်ပါဘူး။ သူ့အိုး၊ သူ့အိမ်နဲ့ မအားတာလဲ ဖြစ်မှာပါ"

ကိုဘချစ်စကားကြောင့် မသက်နွယ် ငြိမ်သက်သွားသည်။ မသက်နွယ်ကို ငေးကြည့်ရင်းဖြင့် ကိုဘချစ်၏ မျက်လုံးများက အတိတ်တွေဆီမှာ ရှိနေလေသည်။

(၂)

"အောင်ဝေ မိန်းမခိုးပြေးလို့တဲ့"

နံနက်အာရုံမရောက်မီ သတင်းက တစ်ရွာလုံးပျံ့နေလေပြီ။

"ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာလုပ်ကိုင်စားကြမလဲ မသိဘူး"

"ခုခေတ်ကလေးတွေ ခက်လိုက်တာ။ ဘာမှ မစဉ်းစားဘူး။ လုပ်ချင်ရာတွေလုပ်တတ်ကြတယ်"

အသံအမျိုးမျိုးကို နားစွင့်ရင်းဖြင့် မသက်နွယ် ထိုင်နေမိသည်။ မျက်ရည်များက မျက်နှာတစ်ခုလုံးကို ရေဖျန်းထားသည်နှင့်ပင်တူနေသည်။

"တော်က နေနိုင်လိုက်တာနော်။ သားတစ်ယောက်လုံး မိန်းမခိုးပြေးတာကို ဘာမှမဖြစ်သလိုပဲ"

မသက်နွယ် စကားကြောင့် ကိုဘချစ် ဇနီးဖြစ်သူကိုကြည့်လိုက်သည်။

" ငါလဲ အဖေတစ်ယောက်ပဲလေ။ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျတဲ့ သားကို စိတ်ပူတာပေါ့။ သတင်းအစအနတောင်မရသေးတဲ့ သားကို စိုးရိမ်တာပေါ့။ ဒါပေမဲ့ ငါကအဖေလေ မသက်နွယ်။ ငါဘယ်လို ပေါက်ကွဲရပါ့မလဲ။ ငါဘယ်လို ဒေါသထွက်ရပါ့မလဲ။ ငါဘယ်သူ့ဆီ ရင်ဖွင့်ရပါ့မလဲ မသက်နွယ်ရယ်"

ထိုစကားကို မသက်နွယ်ကို ပြောပြလိုက်ဖို့ စိတ်ကူးမိခဲ့သည်။ ကိုဘချစ် စိတ်ထိခိုက်နေရင် မသက်နွယ် ပိုခံစားရမည်။ ထိုသို့သိနေသည့်အတွက် အသံတိတ်လျက် ရင်ထဲမှာပဲ စကားဆိုလိုက်မိသည်။

"ပြောလိုက်ရင် ဘယ်တော့မှ စကားပြန်မရဘူး။ အမြဲငြိမ်ကုပ်နေတာ။ ဒါကြောင့် သားနဲ့ မတည့်တာ။ အခုလဲ ကူဖော်မရတဲ့ သားဖြစ်သူမရှိတော့ ပြောရဆိုရ သက်သာသွားပြီဆိုပြီး ကျိတ်ဝမ်းသာနေတာပေါ့ ကိုဘချစ်"

"ဩော်… မသက်နွယ်ရယ်"

ကိုဘချစ်လည်း စကားစကို ဖြတ်တောက်ကာ မသက်နွယ်အနားက ထွက်လာခဲ့လေသည်။

(၃)

"ကိုဘချစ် ကိုဘချစ်"

"ဟေ့ ဘာဖြစ်တာလဲ မသက်နွယ်။ အရေးတကြီးနဲ့"

"ကျွန်မတို့ သားကို တွေ့ခဲ့တယ်တဲ့"

"ဟေ ဘယ်သူပြောတာလဲ။ ဘယ်သူကတွေ့ခဲ့တာလဲ"

"ဟို မြသောင်းတို့တွေ့ခဲ့တာ"

"ဘယ်မှာတွေ့ခဲ့တာလဲ"

"ရန်ကုန်မှာတဲ့။ ပန်းရန်လုပ်နေတယ်တဲ့။ သူ့မိန်းမလဲ ကိုယ်ဝန်နဲ့လို့ပြောတယ်။ အဆင်မပြေပေမဲ့ ဝမ်းတော့ ဝပါတယ်တဲ့။ ကျုပ်ဖြင့် သားကို ပြန်ခေါ်ချင်တယ် ကိုဘချစ်ရယ်"

" သားကိုခေါ်ရင် မယားလဲ ပါမယ်။ အဲဒီတော့ မသက်နွယ်က ချွေးမနဲ့တည့်အောင်ပေါင်းမှ ရမှာပေါ့"

"အိုး ဒါကတော့ ကိုဘချစ်ရယ်"

စကားပင်မဆုံး မိမိအနားကထွက်သွားသည့် ဇနီးဖြစ်သူ မသက်နွယ်ကို ကြည့်ကာ ကိုဘချစ်ပြုံးနေမိသည်။

အသက်ခြောက်ဆယ်ကျော် ပြီဖြစ်သော မသက်နွယ်သည် တစ်ခါတစ်ရံ ကလေးဆန်နေတုန်းပင်ဖြစ်သည်။

"ကိုဘချစ် ထမင်းစားမယ်"

မသက်နွယ် အသံကြောင့် ကိုဘချစ်၏ အတိတ်ရပ်ဝန်းဆီသို့ ရောက်နေသော အတွေးစလည်း လမ်းဆုံးသွားလေသည်။

(၄)

တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်က အားငယ်စိတ်ကို ပိုမိုတွန်းအားပေးနေသည်ဟု မသက်နွယ် ခံစားရသည်။ ည၏ အမှောင်ထုက စိတ်ချောက်ချားစေပြန်သည်။ မသက်နွယ်သည် တိတ်ဆိတ်ခြင်းနှင့် ချောက်ချားခြင်းတို့ကို အဖော်ပြုကာ မိန်းမောနေသည်။ ရှည်လျားသော ဘဝတစ်လျှောက်တွင် သူ့အတွက် ပျော်ရွှင်မှု၊ ဝမ်းနည်းမှုတို့ဖြင့် ပြည့်နှက်နေခဲ့သည်။ လူတစ်ကိုယ်လုံးလည်း ထုံကျဉ်နေသည်။ နှုတ်ခမ်းတွေလည်း ခြောက်သွေ့လာသည်ဟုခံစားမိသည်။ ထို့ကြောင့် ရှိသမျှ ခွန်အားကို ညစ်ထုတ်ကာ မသက်နွယ် လှုပ်ရှားလိုက်သည်။

" ကိုဘချစ်"

"မသက်နွယ် မသက်နွယ်"

မသက်နွယ်၏အဖြစ်ကို ကြည့်ကာ ကိုဘချစ် အသက်ရှူရန်မေ့သွားသည်။ အိမ်နီးချင်းများ၏ အကူအညီဖြင့် မသက်နွယ်ကို ဆေးရုံပို့လိုက်သည်။ မသက်နွယ်၏ ခန္ဓာကိုယ်တစ်ပိုင်းက လှုပ်ရှားမှု အရာမထင်နိုင်တော့ပေ။ ထိုနေ့က စ၍ မသက်နွယ်သည် ကိုဘချစ်၏ အကူအညီမပါဘဲ လှုပ်ရှားနိုင်စွမ်း နည်းပါးသွားလေသည်။

(၅)

"ရှင် ကျွန်မကို စိတ်မကုန်ဘူးလား ကိုဘချစ်"

"ဟေ ဘာစကားကြီးလဲ မသက်နွယ်။ ဘာကို စိတ်ကုန်ရမလဲ"

"ကျွန်မ အခုလိုဖြစ်နေတာ ကိုဘချစ်အတွက် အလုပ်လဲပို၊ သောကလဲများ၊ ရှေ့သွားလို့ နောက်လဲ စိတ်မချရဘူး"

"စိတ်ကုန်စရာလား မသက်နွယ်ရယ်။ ချစ်လို့ လက်ထပ်ထားတာလေ"

"ဒါပေမဲ့ ကိုဘချစ်ရယ် ရှင့်လိုအပ်ချက်တွေ ကျွန်မ မဖြည့်ဆည်းပေးနိုင်တော့ဘူး"

"ငါ ဘာမှ မလိုအပ်ဘူး မသက်နွယ်။ ငါလိုအပ်တာ မသက်နွယ် ကျန်းမာဖို့ပဲ"

"တစ်ခါတလေ သားကို တွေ့ချင်တယ် ကိုဘချစ်ရယ်"

"သူ့အဆင်ပြေတဲ့အခါ ပြန်လာလိမ့်မယ်။ ကိုယ့်ကျန်းမာရေးသာ ဂရုစိုက်၊ မေ့နေလိုက်တာ၊ ခဏနေဆွမ်းတန်းကြွတော့မယ်။ ဆွမ်းသွားလောင်းလှူရအောင်"

ဝှီးချဲလေးကိုတွန်းကာ မသက်နွယ်ကို အိမ်ရှေ့ရှိ ဆွမ်းလောင်းသည့်နေရာသို့ ခေါ်လာခဲ့သည်။

"လောဘ၊ ဒေါသတွေကို အတတ်နိုင်ဆုံး ထိန်းပါ မသက်နွယ်။ ကိုဘချစ်တို့ အသက်ရလာပြီလေ။ ခန္ဓာလဲ ဖောက်ပြန်လာတော့ လူတိုင်း ဝေဒနာတစ်မျိုးမျိုး ခံစားကြရမှာပဲ"

မသက်နွယ်သည် ကိုဘချစ်ပြောသမျှနားထောင်နေသည်။ ထို့နောက် ဆွမ်းတန်းကြွလာသည့် သံဃာတော်များကို ကိုဘချစ်၏ အကူအညီဖြင့် လောင်းလှူနေတော့သည်။

(၆)

ဝါးလုံးတန်းကို ကိုင်ကာ မသက်နွယ်ရပ်နေသည်။ ညာခြေထောက်ကို အားယူလှုပ်ရှားလိုက်သော်လည်း အနည်းငယ်သာ ရွေ့လျားမှုရှိသည်။

"အဆင်ပြေရဲ့လား မသက်နွယ်"

"ပထမဆုံးဆိုတော့ ခက်ခဲတယ် ကိုဘချစ်ရယ်"

"ကြိုးစားပြီး လျှောက်ကြည့်နော်။ ကိုဘချစ် ကူထိန်းပေးမယ်"

မသက်နွယ် လက်ကလေးကိုကိုင်ကာ ကိုဘချစ် လမ်းတွဲလျှောက်နေသည်။

"မောရင်နားလေ။ ရေလေးသောက်နော်"

မသက်နွယ် ရေခွက်ကလေးကို ကိုဘချစ်ထံက လှမ်းယူလိုက်သည်။

"ကိုဘချစ် ပင်ပန်းနေပြီနော်"

"ကိုယ့်မိန်းမအတွက် ကူညီပေးနေတာပဲ။ မပင်ပန်းပါဘူးကွာ။ ဟိုသီချင်းလိုပေါ့ မောတော့မောတာပေါ့။ ဒါပေမဲ့ မမောဘူး"

သီချင်းဆိုရင်းဖြင့်မသက်နွယ်ပါးပြင်ကို ကိုဘချစ်

စာမျက်နှာ ၂၅ သို့ ➤

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၀၉၆ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၄၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်း မြို့နယ်ခွဲမှာ ဖူးစားပြောင်း ၂၀၉၆ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ဒီနေ့ထိ ၁၅၄၄ ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေး နေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဖူးစားပြောင်း စိုက်ပျိုးရာတွင် တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ၅သိန်း ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဖူးစားပြောင်း အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်တံတားမြို့နယ် ခင်တန်းလေးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းပြီးစီးမှု စစ်ဆေး

**ကျောက်တံတား ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံတားမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘွဲ့ချင်းကျေးရွာအုပ်စု၊ ခင်တန်းလေးကျေးရွာ၌ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းနှင့်ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တံတားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ ခင်တန်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန်နှင့် ရေပေးရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီစေရန် ဆွေးနွေး မှာကြားသည်။

အဆိုပါခင်တန်းလေးကျေးရွာ၌ လမ်းအရှည်ပေ ၁၂၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက် လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းကို ယခုနှစ် ဇန်နဝါရီ ၂၃ရက် စတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၁၈ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း များ၏ နည်းပညာပံ့ပိုးမှု၊အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ကိုပြည့်**

➤ စာမျက်နှာ ၂၄ မှအဆက်

လက်ကလေးနှင့် တို့ထိလိုက်သည်။

"အို ကိုဘချစ်ကလဲ မကြီးမငယ်နဲ့"

"ဘယ်လို မကြီးမငယ်နဲ့လဲ။ အရွယ်သုံးပါးချစ်တတ်ကြတယ်လေ"

"သွားပါ ကိုဘချစ်ရယ်။ လူတွေမြင်ရင် ရှက်စရာကြီး"

အိုမင်းနေပြီဖြစ်သော မသက်နွယ်၏ မျက်နှာကလေးသည် ငယ်စဉ်ကလို နုပျိုလာသည်ဟု ကိုဘချစ်ခံစားလိုက်မိပြန်သည်။

"မရှက်ပါဘူးဗျာ။ ကိုယ့်မိန်းမကိုချစ်တာပဲ"

ပြုံးပြီးကြည့်နေသည့် မသက်နွယ်ပျော်နေမည်ဆိုလျှင် ကပြရမည်ဆိုလျှင်လည်း ကိုဘချစ် ကပြမည်သာဖြစ်သည်။

(၇)

ဆည်းဆာချိန်က လှပနေသည်။ကျေးငှက်ကလေးများက အစီအရီဖြင့် အိပ်တန်းရှာနေကြလေပြီ။

"ဒေါ်သက်နွယ်တို့ အိမ်လား"

"ဟုတ်ပါတယ်ရှင်။ ကိုဘချစ်ရေ လာပါအုံး။ ဒီမှာ ဧည့်သည်ထင်တယ်"

အိမ်ထဲက ကိုဘချစ်ထွက်လာသည်။

"ဘာကိစ္စများလဲ"

"ဒေါ်သက်နွယ်အတွက် လက်ဆောင်ပစ္စည်း လာပို့တာပါ။ လက်ခံပေးပါအုံးရှင့်"

"ဘယ်သူပို့တာလဲ။ ဘာပစ္စည်းမှ မမှာထားပါဘူး။ ပြန်ယူသွားပါဗျာ"

ကိုဘချစ် ပြန်ဖြေလိုက်သည်။

"ဒီလိုပါ ဒေါ်သက်နွယ်ရဲ့ သား ကိုအောင်ဝေက ပို့ခိုင်းလိုက်တာပါ"

"ဘာ အောင်ဝေပို့ခိုင်းတာ။ သူက ဘယ်မှာလဲ။ ဘာဖြစ်လို့ မလာတာလဲ။ သူ နေကောင်းလား"

မသက်နွယ်၏ မေးခွန်းများက အဆက်မပြတ်ထွက်ပေါ်လာသည်။

"ဒါတွေမလိုချင်ဘူး။ သူပြန်လာရင် ရပြီ"

ကိုဘချစ်၏ အသံကမျှော်လင့်ချက်များပြည့်လျှံနေသည်။

"အမေ"

ခေါ်သံကြောင့် မသက်နွယ် ရင်တစ်ခုလုံးလှုပ်ခတ်သွားသည်။

"အမေ"

"သား အောင်ဝေ။ အောင်ဝေ လူကလေး"

တစ်ဦးကိုတစ်ဦးပွေ့ဖက်ထားသည့် မသက်နွယ်တို့သားအမိကို အံ့သြစွာဖြင့် ကိုဘချစ်ငေးကြည့်နေလိုက်မိသည်။

"မသက်နွယ် မင်း မင်း ခြေထောက်တွေ၊ မင်းခြေထောက်တွေ"

မသက်နွယ် အံ့သြစွာဖြင့် သူ့ခြောက်ထောက်များကို ပြန်ငုံ့ကြည့်လိုက်သည်။ ဘယ်ခြေကို လှမ်းလိုက်သည်။ ညာခြေကို ဆက်လှမ်းပြန်သည်။ မသက်နွယ်က ခြေလှမ်းများကို ဘယ်ညာဆက်တိုက်လှမ်းနေသည်။ ထိုခြေလှမ်းများသည် သူတို့နှင့် မလှမ်းမကမ်းတွင် ရပ်နေသော သားအမိနှစ်ဦးဆီသို့ ဦးတည်နေသည်။ ထိုသားအမိနှစ်ယောက်သည်ကား...။

## သာယာအေးမြ ချင်းပြည်နယ်အလှ

- ချင်းပြည်နယ် တိုးတက်ရေး
ဆောင်ရွက်ပေး နိုင်ငံတော်၊
တည်ငြိမ်ကာလုံခြုံမှု
ပေါင်းစုလို့နေ၊
မှန်ကန်တဲ့ အတွေးအခေါ်
လမ်းကြောင်းပေါ် ရပ်တည်ရေး၊
ကိုယ့်ပြည်နယ် ကိုယ်မြတ်နိုးလို့
ကောင်းကျိုးပြုပေး။

- ၇၇ နှစ်မြောက်
ကျရောက်တဲ့ သည်ချိန်ခါ၊
ဖေဖော်ဝါရီ ၂၀ ရက်နေ့
ချမ်းမြေ့သာယာ၊
ပြည်နယ်အတွက် နေ့မြတ်မဟာ
ချစ်ကြည်စွာ စည်းလုံးရေး၊
ရိုးသားဖြူစင် ချင်းတို့အလှ
မြင်ရမည်လေး။

- ချင်းပြည်နယ်မှ အလှစု
လှော့လာမှုပြုခဲ့လျှင်၊
ရိဒ်ရေကန် အရောက်သွား
ထူးခြားလို့ပင်၊
နတ်မတောင်ရဲ့ အလှပေါ်လွင်
စိတ်ကြည်လင် အေးချမ်းရေး၊
ဇလပ်ပွင့်နီ ချယ်ရီပွင့်
ထူးတင့်လှသေး။

- အောက်ချင်းငှက်ကိုစံပြုထား
သစ္စာတရားရှိကြသည်၊
ပြည့်ဂုဏ်ဆောင် ထူးချွန်သူများ
လေးစားဂုဏ်ရည်၊
ခွဲသတ္တိနှင့် ကြိုးစားအတည်
ပြည်နယ်ဂုဏ် မြင့်မားရေး၊
သမိုင်းစဉ်လာစောင့်ထိန်းလို့
ငြိမ်းချမ်းစွာနေထိုင်မှု
ဂုဏ်ပြုတယ်လေး။ ။

(ဖေဖော်ဝါရီ ၂၀ ရက် ချင်းအမျိုးသားနေ့ ဂုဏ်ပြုကဗျာ)

**ဘုန်းမောင်ဝင်း(ဖျာပုံ)**


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# လျှောက်သောလမ်းတို့ မှန်ပါစေ

**လင်းလက်**

**မြတ်သောဘဝ**

လူမှုပတ်ဝန်းကျင်အတွက် အကျိုးရှိစေသော၊ ကောင်းသော၊ ဖြောင့်မှန်သောအမှုတို့ကို ပြုလုပ်သူသည် သူတော်ကောင်းအကျင့်ကိုကျင့်သော လူကောင်းဟုဆိုနိုင်သည်။ သူတော်ကောင်းတို့သည် ကျင်လည်ရာပတ်ဝန်းကျင်၏ အကျိုးကိုအစဉ်လိုလားပြီး လူမှုပတ်ဝန်းကျင် အေးချမ်း၊ သာယာ၊ လှပစေရေးအတွက် ထာဝရ ပေးဆပ်နေကြသူများသာဖြစ်သည်။ ပုထုဇဉ်လူသားပီပီ လုပ်ရပ်တိုင်းတွင် အမှားကင်းကင်းဖြင့် ဖြောင့်မတ်မှန်ကန်အောင်လုပ်နိုင်ဖို့ ခဲယဉ်းသည်ဟု ဆိုနိုင်သော်လည်း လူမှုပတ်ဝန်းကျင်အတွက် ထိခိုက်စေမည့်လုပ်ရပ်များကို တတ်နိုင်သမျှ ရှောင်ရှားပြီး လူမှုပတ်ဝန်းကျင်အကျိုးအတွက် တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်ရန်လိုသည်။

အနာဂတ်တွင် အရောင်တလက်လက်ဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အတွက် ပြည်သူ့ဝန်ကိုထမ်းပိုးကြရမည့် မျိုးဆက်သစ်လူငယ်များ အနေဖြင့်မကောင်းမှုဟူသမျှကို ဝေးဝေးကရှောင်ကြရန် လိုအပ်သကဲ့သို့ ကျင်လည်ရာ ပတ်ဝန်းကျင်၏ကောင်းကျိုးကို အစဉ်သယ်ပိုးနိုင်သူများဖြစ်စေရေး နည်းလမ်းရှာကြိုးစားသင့်သည်။ "စား၊ ဝတ်၊ နေရေး" ဆိုသည့် အရေးသုံးပါးကို ကြိုးစားဖြေရှင်းနေကြရသည့် လူသားများအတွက်အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုသည့်စကားနှင့်အညီ အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုကို လုပ်ကိုင်ရာတွင် သမ္မာအာဇီဝဖြင့် သူတစ်ပါးအတွက် ထိခိုက်နစ်နာမှုမရှိသော အလုပ်ဖြစ်ရန်လိုသည်။ အသက်ရှင်သန်စဉ်ကာလအတွင်း မိမိအတွက်ဆိုသည့် အတ္တစိတ်တို့ကိုဖယ်ရှားကာ ရင်ကိုမြေကတုတ်လုပ်၍ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးအတွက် အသက်ကိုပေးအပ်ထားပြီးဖြစ်သည့် တပ်မတော်သားများဘဝကား မျိုးဆက်သစ်လူငယ်များအတွက် စံနမူနာပြုစရာဘဝပင်ဖြစ်သည်။ ပြည်သူတို့အတွက်ပေးဆပ်ရင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့ကပေးအပ်သောလစာဖြင့် ဘဝကိုအသက်မွေးကာ မိမိသွေးသားတို့ကို ပြည်သူအတွက် လှူဒါန်းထားပြီးဖြစ်သည့် တပ်မတော်သားတို့သည်ကား မြင့်မြတ်သောဘဝကို ပိုင်ဆိုင်ထားကြသူများဖြစ်သည်။

**အတိတ်၏ ပုံရိပ်များ**

"ဒို့တာဝန်အရေးသုံးပါး"ကို အစဉ်ထာဝရဦးထိပ်ပန်ဆင်လျှက် တိုင်းပြည်အတွက် မိမိနိုင်ငံ ပိုင်မြေကို တစ်လက်မခန့်မျှ ကျူးကျော်လာမှုမရှိစေရေးဆိုသောစိတ်ဖြင့် အသက်နှင့်ခန္ဓာကိုအပ်နှင်းကာ ပေးဆပ်သူတို့၏ နှလုံးသားအလှပိုင်ရှင်များကြောင့်သာ ပြည်သူများ၏ဘဝလုံခြုံကာ သာယာလှပနေခြင်းပင်ဖြစ်သည်။ အကြောင်းအမျိုးမျိုးပြကာ အားနည်းသည့်တိုင်းပြည်များကို ကျူးကျော်ရန်စကာ ကိုလိုနီပြုကြသည့်ခေတ်တွင် မိမိတို့မြန်မာနိုင်ငံသည် ကံမကောင်းအကြောင်းမလှ၍ သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ မိမိတို့၏အရှင်သခင်ကို နန်းပလ္လင်ထက်မှ အတင်းဆွဲချ၍ တစ်မျိုးသားလုံးကို ကျွန်ဇာတ်သွင်းခဲ့ပြီး လူညွန့်တုံးခဲ့ရသည့်ဘဝတွင်လည်း ရရာလက်နက်ဖြင့် ပြည်သူ့အတွက်ဆိုသည့်စိတ်ဖြင့် အင်္ဂလိပ်တို့ကိုသာမက ဂျပန်တို့ကိုပါ တွန်းလှန်တိုက်ခိုက်ခဲ့သည့် ဇာတ်လမ်းတွင်လည်း တပ်မတော်သားတို့၏ အခန်းကဏ္ဍက ပဓာန ဖြစ်ခဲ့သည်။

သူ့ကျွန်ဘဝတွင်ကျခဲ့သော မျက်ရည်ကို မိမိတို့၏အသက်ခန္ဓာဖြင့် တပ်မတော်သားတို့က ကြိုးစားသုတ်ပေးခဲ့သည်။ လွတ်လပ်ရေးရပြီး အင်္ဂလိပ်တို့က ကိုလိုနီစနစ်အရသွေးခွဲအုပ်ချုပ်ခဲ့သဖြင့် အမျိုးသားရေးစိတ်ဓာတ်များ လျော့နည်းသွားကာ အမှောင်လမ်းသို့ လျှောက်လှမ်းသူများ၏ ရန်စွယ်ဟူသမျှကိုလည်း တွန်းလှန်တိုက်ဖျက်ခဲ့သည်။ လွတ်လပ်ရေးကို ပေးခဲ့ရသည်ဆိုသော်လည်း အင်္ဂလိပ်တို့သည် မျိုးဆက်သစ်လူငယ် ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တပ်မတော်သားများနှင့် ပြည်သူများ၏တွဲလက်များကို ရိုက်ချိုးပစ်ရန် တောင်တန်း၊ ပြည်မဇာတ်လမ်းကိုလည်းဆင်ခဲ့သည်။ အိန္ဒိယတွင် လွတ်လပ်ရေးပေးရမည်ဆိုသည့် အချိန်တွင် ငြိမ်းချမ်းရေး ဗိသုကာပညာရှင်ကြီးဟုပင် တစ်ကမ္ဘာလုံးကတင်စားခဲ့ရသည့် ဂန္ဓီက မည်မျှပင် တရားဟောခြင်း အစာငတ်ခံဆန္ဒပြခြင်းတို့လုပ်ခဲ့စေကာမူ အင်္ဂလိပ်တို့က ဘာသာတရားအကြောင်းပြု၍ ဟိန္ဒူနှင့် အစ္စလာမ်ကို ကမ္ဘာ့ရန်ဖြစ်အောင်သွေးခွဲခဲ့သဖြင့် အိန္ဒိယနိုင်ငံနှစ်ခြမ်းကွဲခဲ့သည်။

**❖ပြည်သူများ၏ဘဝလုံခြုံရေး၊ အသက်ရှင်သန်ရေးနှင့် နိုင်ငံပိုင်နက်နယ်မြေဆုံးရှုံးလက်လွှတ်မခံရစေရေးနှင့် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို တွန်းလှန်ချေဖျက်ချေမှုန်းရေး၊ အားနည်းချို့ယွင်းပျက်စီးသွားစေရေးအန္တရာယ်အမျိုးမျိုးတို့မှကင်းဝေးစေရန် ကြိုတင်မှန်းဆစီမံဆောင်ရွက်ခြင်းသည် နိုင်ငံတော်လုံခြုံရေး၏အနှစ်သာရပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများမှတစ်ဆင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးပညာရပ်များကို လေ့ကျင့်သင်ကြားပေးနေခြင်းပင်ဖြစ်သည်။ ❖**

**သွေးခွဲစကားကြောင့် ဆုံးရှုံးခဲ့ရမှု**

ကိုလိုနီဘဝသို့ကျရောက်ပြီး လွတ်လပ်ရေးပြန်ရခဲ့သည့်နိုင်ငံတိုင်းတွင် ဒဏ်ရာ၊ ဒဏ်ချက်များများစွာရှိခဲ့သည်။ သမိုင်း၊ ရိုးရာ၊ ယဉ်ကျေးမှု၊ အစဉ်အလာကြီးမားခဲ့သည့် ကိုရီးယားနိုင်ငံသည်လည်း ကိုလိုနီစနစ်ဆိုးနှင့် သွေးခွဲမှုစနစ်ဆိုးကြောင့်ပင် နှစ်ခြမ်းကွဲခဲ့ရပြီး ယနေ့တိုင် ကမ္ဘာ့ရန်ဘက်နိုင်ငံများဖြစ်နေရသည်။ တိုင်းတစ်ပါးတို့၏ ရန်သည် အလွန်အင်မတန် ကြောက်စရာကောင်းလှသည်။ ကမ္ဘာကြီးကို စွဲကိုင်လှုပ်နိုင်သည့် အခြေအနေနှင့်စွမ်းအားတို့ကိုပိုင်ဆိုင်ထားသည့် ဆိုဗီယက်ယူနီယံသည် ပြင်ပရန်နှင့် ပယောဂများကိုကာကွယ်နိုင်စွမ်းအားနည်းခဲ့သဖြင့် တိုင်းတစ်ပါးတို့၏ရန်ကို တွန်းလှန်နိုင်ခြင်းမရှိ စည်းလုံးညီညွတ်မှုလည်း ပျောက်ဆုံးသွားကာ အစိတ်စိတ်အမြွှာမြွှာကွဲခဲ့ရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို ပြန်ကြည့်သည့်အခါတွင်လည်း လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များ၏ စည်းလုံးညီညွတ်မှုစွမ်းပကားကို အင်္ဂလိပ်တို့လက်လျှော့ခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာ့တပ်မတော်သားများနှင့် ပြည်သူပြည်သားတို့၏ ပြတ်သားသောစိတ်ဓာတ်တို့နှင့် "ရောဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်း" မြစ်ကြီးလေးသွယ်တို့အတွင်း စီးဆင်းနေသော ရေအလျဉ်ကဲ့သို့ ထာဝစဉ်စီးဆင်းနေသော မျိုးချစ်စိတ်ဓာတ်တို့ကြောင့် ပင်လုံစာချုပ်ကို ချုပ်ဆိုပြနိုင်ခဲ့သည်။ နှစ်ပေါင်းတစ်ရာကျော် သွေးခွဲအုပ်ချုပ်ခြင်းခံခဲ့ရပြီး အိမ်ကြက်ချင်း အိုးမဲသုတ်မှုဒဏ်အကြွင်းအကျန်အချို့က လောင်မြိုက်သွားသည့်အခါ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အမျိုးသားခေါင်းဆောင်ကြီးများကျဆုံးခဲ့ရသည်။

မတရားရယူထားသောပစ္စည်းကိုပြန်ပေးရသည့်အချိန်တွင် မစားရသည့်အမဲ သဲနှင့်ပက်ဆိုသကဲ့သို့ ပြုလုပ်တတ်သည့် အင်္ဂလိပ်တို့၏စနက်သည် လွတ်လပ်ရေးနှင့်အတူ တိုင်းရင်းသားများကိုသွေးခွဲကာ ပြည်တွင်းစစ်ကိုမီးမွှေးခဲ့သည်။ "လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ၊ လွတ်လပ်ရေးရယူစဉ်ကာလ၊ လွတ်လပ်ရေးကို အစဉ်ထိန်းသိမ်းနေသည့်ကာလ" စသည့် ကာလသုံးပါးစလုံးတွင် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံသည့်တပ်မတော်နှင့် မျိုးချစ်လူငယ်များအပါအဝင် ပြည်သူတို့၏တွဲလက်များခိုင်မြဲနေ၍သာ မြန်မာနိုင်ငံ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲမသွားခြင်းဖြစ်သည်။ အာရှဒေသတွင် ပထဝီအနေအထားအရ အချက်အချာကျပြီး နောင်တစ်ချိန်တွင် အရောင်တောက်ပလာမည့် ကြယ်ပွင့်တစ်ပွင့် ဖြစ်သဖြင့် ထိုစဉ်အချိန်ကတည်းက အားနည်းအောင်အမျိုးမျိုး လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ "ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း" ဆိုသည့် တိုင်းရင်းသားတို့၏သွေးသည် အမျိုးသားရေးစိတ်ဓာတ်များ ထာဝစဉ်ကိန်းအောင်းနေပြီး မြန်မာဆိုသောမြေကို လှပသာယာအောင်ပုံဖော်ကြမည့်ရွှေရောင်လက်များဖြစ်သဖြင့် ထိုလက်များကို အားနည်းသွားအောင် မသမာသူအချို့က ယခုအချိန်ထိ ကြိုးစားနေကြခြင်းဖြစ်သည်။

**ခေတ်သစ်ကိုလိုနီများ**

အားကြီးသူက အားနည်းသူကို လက်ဝါးကြီးအုပ်ဗိုလ်ကျအုပ်ချုပ်စိုးမိုး၍ အားနည်းသူက ရှိခိုးဦးတင်ကာ ကျွန်ဘဝရောက်ရသည့် ခေတ်ကကုန်ခဲ့ပြီဖြစ်သော်လည်း နောက်ကွယ်မှကြိုးကိုင်ခြယ်လှယ်ကာ ရုပ်သေးရုပ်လုပ်ချင်ကြသည့် ခေတ်သစ်ကိုလိုနီများက ရှိနေကြသည်။ မြန်မာနိုင်ငံသည်လည်း အာရှကျားဟုပင် တင်စားရလောက်သည်အထိ တိုးတက်နေပြီဖြစ်ပြီး မည်သည့်နိုင်ငံကမျှ ထိကပါး ရိကပါးလုပ်ကာ ကျူးကျော်ရန်စဝံ့သည့်အခြေအနေမျိုး မဟုတ်တော့ပေ။

ထိုအခါ ခေတ်သစ်ကိုလိုနီဝါဒကို လက်ကိုင်ထားကြသည့်နိုင်ငံအချို့က မြန်မာနိုင်ငံအတွင်းတွင် နှစ်ပဋိစ္ဆေဒကြာမြင့်စွာ တည်ရှိခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်စီးသွားအောင် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်လာကြသည်။ ကမ္ဘာ့မဟာအင်အားကြီးနိုင်ငံများသည် ကိုယ်တိုင် "စီးပွားရေးနှင့် စစ်ရေးအင်အား" တောင့်တင်းခိုင်မာအောင် ကြိုးစားတည်ဆောက်နေကြသကဲ့သို့ ပထဝီအနေအထားအရ အချက်အချာကျသည့်နိုင်ငံများတွင် စစ်စခန်းများတည်ဆောက်ခြင်းကအစပြု၍ ထိုနိုင်ငံများကို မိမိတို့အလိုရှိရာ ကပြအသုံးတော်ခံကြသည့် ကြိုးဆွဲရုပ်များဖြစ်အောင် ကြိုးစားနေကြသည်။

အရှေ့တောင်အာရှ၊ အရှေ့အာရှ၊ အာရှဒေသတို့မှအစပြု၍ ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်နိုင်သည့် စွမ်းအားကိုရယူနိုင်သည့် ပထဝီအနေအထားပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံကိုလည်း ပစ်မှတ်ထားလာကြပြီး ၎င်းတို့အလိုရှိရာဇာတ်လမ်းကို ကပြစေ၍မရသည့်အခါ ခြေပုန်းခုတ်သွေးထိုးသပ်လျှိုမှုများပြုလုပ်လာကြသည်။ ဒီမိုကရေစီအကြောင်းပြကာ မရေရာမသေချာသည့် စွပ်စွဲချက်များဖြင့် စီးပွားရေးပိတ်ဆို့မှုများကို ပြုလုပ်ကြသည်။ မြန်မာ့အိမ်တွင်းရေးဇာတ်ညွှန်းကို ကမောက်ကမနှင့် လှပစွာကမရအောင် ဝင်ရောက်နှောင့်ယှက်ကြသည်။ အဆိုးဆုံးသောနည်းလမ်းမှာ မျိုးဆက်သစ်လူငယ်များကို ပြည်သူ့ရင်ခွင်မှစွဲထုတ်၍ မဟုတ်သည့်လမ်းကိုလိုက်ကာ အနာဂတ်ပျောက်ဆုံးသူများဖြစ်အောင် ကြံဆောင်နေကြခြင်းဖြစ်သည်။

**လျှောက်သောလမ်းတွင် ပန်းတို့ဝေ**

လုံခြုံရေးဟူသောဝေါဟာရမှာ လက်တင်ဝေါဟာရ Secures မှဆင်းသက်လာပြီး အန္တရာယ်မှကင်းလွတ်ခြင်း၊ လုံခြုံစိတ်ချရခြင်းဟု အဓိပ္ပာယ်ရသည်။ ပြည်သူများ၏ ဘဝလုံခြုံရေး၊ အသက်ရှင်သန်ရေးနှင့် နိုင်ငံပိုင်နက်နယ်မြေဆုံးရှုံးလက်လွှတ်မခံရစေရေးနှင့် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို တွန်းလှန်ချေဖျက်ချေမှုန်းရေး၊ အားနည်းချို့ယွင်းပျက်စီးသွားစေရေး အန္တရာယ်အမျိုးမျိုးတို့မှကင်းဝေးစေရန် ကြိုတင်မှန်းဆစီမံဆောင်ရွက်ခြင်းသည်နိုင်ငံတော်လုံခြုံရေး၏အနှစ်သာရပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများမှတစ်ဆင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးပညာရပ်များကို လေ့ကျင့်သင်ကြားပေးနေခြင်းပင်ဖြစ်သည်။ မြန်မာလူငယ်တို့သည် ပညာအရာတွင် သူတကာထက်သာလွန်ပြီး ကိုယ်ကျင့်သီလနှင့် စာရိတ္တတို့ကောင်းမွန်ကြသူများဖြစ်သည်။ လူမှုပတ်ဝန်းကျင်တွင် အများအကျိုးအတွက် ထာဝစဉ် သယ်ပိုးနေကြသူများဖြစ်သည်။ ထိုသူများကိုယ်တိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးပညာရပ်များကို သင်ကြားတတ်မြောက်ပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ အများအကျိုးဆောင်ရွက်ခွင့်ကို ရရှိမည့် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပါ ပြဋ္ဌာန်းလိုက်သည့်အခါ မနာလိုသူများကကြောက်ကန်ကန်၍ အမျိုးမျိုးဝေဖန်တိုက်ခိုက်ကြသည်။ မိမိနိုင်ငံနှင့် မိမိလူမျိုးအတွက်ဟုဆိုလျှင် မိမိ၏နံရိုးကိုပင် စည်းရိုးလုပ်၍ ကာကွယ်ပေးကြမည့် နိုင်ငံ့သားကောင်းများက ပြည်သူ့စစ်မှုထမ်းသင်တန်း မဖွင့်လှစ်မီကပင် အမည်စာရင်းကြိုတင်ပေး၍ မြန်မာ့သွေးကို ပြလိုက်သည့်အခါ ထိုသူများ အံ့ဩမှင်သက်ကာ လက်မှိုင်ချနေရတော့သည်။

"သူများမောင်မှာ စစ်သံကြားလျှင် နာဖျားဥပါယ်ခိုကြတယ်။ နှမလေးမယ်တို့မောင်မှာ စစ်သံကြားလျှင် ရွှေခါးပိုက်ကာအိုးစားဖက်ကို လိုက်လို့ရှာသည်" ဆိုသည့် စစ်မှာတမူကဗျာပါ စာသားကို လက်တွေ့ပြသလိုက်သည့် မြန်မာလူငယ်များ၏ စိတ်ဓာတ်ကား ကြက်သီးထဖွယ်ပင်ဖြစ်သည်။ "ငါ့သားများစစ်ထဲဝင်ရင်လေ သူ့ကိုပြောလိုက်စမ်းပါကွာ၊ စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင်တကယ့် ယောကျ်ားမြတ်ဖြစ်စေနိုင်တဲ့ တရားတွေကို သင်ကြားပေးတဲ့ ကျောင်းကြီးပေါ့" ဆိုသကဲ့သို့ပင် မြင့်မြတ်သူတို့ ကွန်းခိုရာရပ်ဝန်းသို့ ရောက်ရှိလာကြသည့် လူငယ်များ၏ မျိုးချစ်စိတ်တို့ဖြင့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇)သည်ပင် အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်သည်။ ယောကျ်ားကောင်းယောကျ်ားမြတ်တို့ လျှောက်သောလမ်းတွင် မည်သို့သော အခက်အခဲအတားအဆီးများရှိစေကာမူ တော်ဝင်ပန်းတို့ပွင့်လန်းလာရစမြဲဖြစ်သဖြင့် ထိုသူများ၏လက်တွင် မြန်မာ့အနာဂတ်မှာ ပန်းရောင်စုံများ လှပဝေဆာစွာဖူးပွင့်နေသော ရွှေရောင်လွှမ်းသော ပန်းခင်းကြီးဖြစ်နေမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါတော့သည်။

**ကိုးကား**

-နေ့စဉ်ထုတ်သတင်းစာများ။

# သြစတြေးလျနိုင်ငံ အာသာမြစ်ကမ်းခြေတွင် လင်းပိုင် ၁၅၇ ကောင် သောင်တင်နေ



**ကင်ဘာရာ ဖေဖော်ဝါရီ ၁၉**

သြစတြေးလျနိုင်ငံ တက်စမေးနီးယားနယ်မြေ အတွင်းရှိ အာသာမြစ်ကမ်းခြေ၌ ယနေ့တွင် လင်းပိုင် ၁၅၇ ကောင် သောင်တင်နေသည်ဟု တက်စမေးနီးယားနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ လင်းပိုင်များသည် အမည်မသိဝေဒနာ ခံစားနေရပြီး မည်သည့်ကိစ္စကြောင့် သောင်တင်နေသည်ကို စိစစ်နေဆဲဖြစ်ကြောင်း၊ သောင်တင်နေသည့် လင်းပိုင်အများစုမှာ အလျားပေ ၂၀ ခန့်ထိ ရှည်လျားပြီး ပေါင် ၃၀၀၀ ခန့်ထိ အလေးချိန်ကြီးမားကြောင်း၊ သောင်တင်နေသည့် လင်းပိုင် ၁၅၇ ကောင်အနက် အကောင်ရေ ၉၀ ထိ အသက်ရှင်လျက်ရှိပြီး ကျန်လင်းပိုင်များမှာ သေဆုံးနေကြောင်း တက်စမေးနီးယား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"အာသာမြစ် ကမ်းခြေမှာ လင်းပိုင် ၁၅၇ ကောင် သောင်တင်နေတယ်။ အမည်မသိဝေဒနာကြောင့် အခုလို သောင်တင်နေတာပါ။ အခုထိတော့ အဖြေရှာနေဆဲဖြစ်ပါတယ်။ သောင်တင်နေတဲ့ လင်းပိုင်တွေထဲက အကောင်ရေ ၉၀ ကတော့ အသက်ရှင်လျက်ရှိနေဆဲဖြစ်ပါတယ်။ ဆေးကုသမှုတွေ ပြုလုပ်ပေးနေပါတယ်။ ဘာကြောင့်မှန်း မသိတဲ့အတွက် ပုံမှန်အတိုင်း ပြန်ဖြစ်အောင် ဆေးကုသမှု ပြုလုပ်ပေးဖို့တော့ ခက်ခဲပါတယ်။ ဝေဒနာသက်သာအောင်လောက်ပဲ ဆေးကုသပေးနိုင်မှာဖြစ်ပါတယ်"ဟု တက်စမေးနီးယား အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဘရန်ဒန်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ပေါ်တူဂီနိုင်ငံတွင် ယခုနှစ်အတွင်း အန္တရာယ်ရှိသည့် ငလျင်များဆက်တိုက်လှုပ်ခတ်လာနိုင်

**လစ္စဘွန်း ဖေဖော်ဝါရီ ၁၉**

ပေါ်တူဂီနိုင်ငံ၌ ယနေ့တွင် အသေးစားငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ခဲ့ပြီးနောက် ယခုနှစ်အတွင်း အန္တရာယ်ရှိသည့် ငလျင်များ ဆက်တိုက်လှုပ်ခတ်မှု ဖြစ်ပေါ်လာနိုင်ကြောင်း Portuguese Institute of the Sea and Atmosphere (IPMA) က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လှုပ်ခတ်ခဲ့သည့် ငလျင်မှာ ပြင်းအား ၂ ဒသမ ၄ မဂ္ဂနီကျူသာရှိခဲ့သည့်အတွက် ငလျင်လှုပ်ခတ်မှုမှာ သိသာမှုမရှိခဲ့သော်လည်း ထပ်မံလှုပ်ခတ်နိုင်သည့် ငလျင်များမှာ ပြင်းအားများပြီး အန္တရာယ်ရှိလာနိုင်ကြောင်း၊ ထပ်မံလှုပ်ခတ်လာနိုင်သည့် ငလျင်များမှာ ပြင်းအား ၄ မဂ္ဂနီကျူမှ ၅ မဂ္ဂနီကျူထိရှိလာနိုင်ကြောင်း၊ ပြင်းအားများသည့်ငလျင်များ ဆက်တိုက်လှုပ်ခတ်လာပါက ဆူနာမီလှိုင်းအန္တရာယ်ကိုလည်း သတိပြုရမည်ဖြစ်ကြောင်း Portuguese Institute of the Sea and Atmosphere (IPMA) က ထုတ်ပြန်ခဲ့သည်။

"ဖေဖော်ဝါရီ ၁၉ ရက်က ပြင်းအား ၂ ဒသမ ၄ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ ငလျင်ပြင်းအား နည်းတဲ့အတွက် ပျက်စီးဆုံးရှုံးမှုမရှိခဲ့သလို သတိမထားမိကြပါဘူး။ ဒါပေမဲ့ ဒီနှစ်အတွင်းမှာ ပြင်းအားများတဲ့ ငလျင်တွေ ဆက်တိုက်လှုပ်ခတ်လာနိုင်တဲ့လက္ခဏာတွေကို တိုင်းတာတွေ့ရှိထားပါတယ်။ လှုပ်ခတ်လာနိုင်တဲ့ ငလျင်တွေကတော့ ပြင်းအား များလာနိုင်တယ်။ ပြင်းအားတွေက ၄ မဂ္ဂနီကျူကနေ ၅ မဂ္ဂနီကျူထိ မြင့်တက်လာနိုင်ပါတယ်။ ပြင်းအားများတဲ့ငလျင်တွေ ဆက်တိုက်လှုပ်ခတ်နိုင်တဲ့အတွက် ဆူနာမီလှိုင်းတွေလဲ ဖြစ်ပေါ်လာနိုင်ပါတယ်။ ရှေ့လျှောက် ငလျင်အန္တရာယ်ကို အထူးသတိပြုသင့်ကြောင်း အသိပေးအပ်ပါတယ်"ဟု Portuguese Institute of the Sea and Atmosphere (IPMA) မှ ပြောရေးဆိုခွင့်ရှိသူ ပေါ်လိုအဲလ်ဗက်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အမေရိကန်နိုင်ငံ စင်စင်နာတီပြည်နယ်တွင် အိုဟိုင်းယိုးမြစ်ရေမြင့်တက်မှုကြောင့် အသေးစားရေကြီးရေလျှံမှုဖြစ်ပွားနေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

အမေရိကန်နိုင်ငံ စင်စင်နာတီပြည်နယ်ကို ဖြတ်သန်းစီးဆင်းနေသည့် အိုဟိုင်းယိုးမြစ်ရေမြင့်တက်မှုကြောင့် အသေးစားရေကြီးရေလျှံမှု ဖြစ်ပွားနေကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အိုဟိုင်းယိုးမြစ်ရေသည် ပုံမှန်ထက် နှစ်ပေထိ မြင့်တက်နေပြီး ဆက်လက် မြင့်တက်လာပါက အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း၊ အသေးစားရေကြီးရေလျှံမှု ဖြစ်ပေါ်နေခြင်းသာဖြစ်သော်လည်း ဖေဖော်ဝါရီ ၂၁ ရက်ထိ ရေဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"အိုဟိုင်းယိုးမြစ်ရေမြင့်တက်မှုတွေဖြစ်ပေါ်နေပါတယ်။ ပုံမှန်ထက် နှစ်ပေလောက်ထိ မြစ်ရေမြင့်တက်နေတယ်။ ဟာမီတန်ကောင်တီနဲ့ ကလာမော့ကောင်တီတို့မှာ အသေးစားရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ကုန်းနိမ့်ပိုင်းတွေမှာ ရေဘေးအန္တရာယ် အထူးသတိထားရမှာဖြစ်ပါတယ်။ မြစ်ရေဆက်လက်မြင့်တက်လာမယ်ဆိုရင်တော့ ရေဘေးအန္တရာယ် ဆိုးရွားလာနိုင်ပြီး ပိုပြီးတော့ အန္တရာယ်ရှိလာနိုင်ပါတယ်" ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။



အသေးစား ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည့် ဧရိယာများမှာ ဟာမီတန်ကောင်တီနှင့် ကလာမော့ကောင်တီတို့ဖြစ်ပြီး ကုန်းနိမ့်ပိုင်းဧရိယာများတွင် ရေလွှမ်းမှု အဓိက ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ရေလွှမ်းနေသည့်ဧရိယာများသို့ ဦးတည်မောင်းနှင်နေသော မော်တော်ယာဉ်များကို ယာဉ်ထိန်းရဲများက နောက်ပြန်လှည့်ရန်နှင့် ရေလွှမ်းနေသည့် လမ်းများကို အသုံးမပြုစေရေးအတွက် စောင့်ကြပ်မှုများလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# နယူးဇီလန်နိုင်ငံ အိုတာဂိုဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရ

**ဝယ်လင်တန် ဖေဖော်ဝါရီ ၁၉**

နယူးဇီလန်နိုင်ငံ အိုတာဂိုဒေသတွင် ဖေဖော်ဝါရီ ၁၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အဓိကလမ်းမကြီးတချို့ ရေလွှမ်းနေသည့်အတွက် လမ်းများကို ယာယီပိတ်ထားရကြောင်း နယူးဇီလန်အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုများ ဖြစ်ပေါ်နေကြောင်း၊ သစ်ပင်ကြီးများ လဲကျမှုကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရန်အန္တရာယ်ရှိ၍ လမ်းများကို ယာယီပိတ်ထားခြင်းဖြစ်ကြောင်း အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဖေဖော်ဝါရီ ၁၈ ရက်က အိုတာဂိုဒေသမှာ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ လမ်းမကြီးတချို့ကို ယာယီပိတ်ထားပါတယ်။ ဖေဖော်ဝါရီ ၁၉ ရက် အစောပိုင်းမှာတော့ လမ်းတချို့ကို ယာယီပြန်ဖွင့်ပေးလိုက်ပါပြီ။ ပျက်စီးနေတဲ့ လမ်းတချို့ကိုတော့ ပိတ်ထားဆဲဖြစ်ပြီး လိုအပ်တဲ့ပြင်ဆင်မှုတွေ ပြုလုပ်ပေးနေပါတယ်။ သစ်ပင်ကြီးတွေ လဲကျမှုလဲရှိနေတဲ့အတွက် ရှင်းလင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု နယူးဇီလန်အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လမ်းပိုင်းတချို့လည်း ပျက်စီးနေပြီး လမ်းများကိုယာယီပိတ်ကာ ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ မီလာဖလက်ဒေသနှင့် လောရန့်ဒေသတို့ကို ဆက်သွယ်ထားသည့် အမှတ်(၈) အဝေးပြေး လမ်းမကြီးမှာလည်း ယာယီပိတ်ထားသည့် လမ်းများတွင် ပါဝင်နေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သော ကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



# တရုတ်နိုင်ငံနှင့်ပြောင်းလဲဖြစ်ပေါ်နေသော ကမ္ဘာ့စီးပွားရေးအခင်းအကျင်း

မောင်စိန်အိ(နဘဲမြေ)

ကမ္ဘာ့စီးပွားရေးတွင် တရုတ်နိုင်ငံသည် တိုးတက်လာလျက်ရှိသည်။ လွန်ခဲ့သောနှစ် ၂၀၀ ကျော်လောက်က ကမ္ဘာလုံးဆိုင်ရာစီးပွားရေးပုံစံကို ဗြိတိသျှအင်ပါယာက ပထမဆုံးလွှမ်းမိုးချုပ်ကိုင်ခဲ့သည်။ ထို့နောက် အမေရိကန်သည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကို လက်ဝါးကြီးအုပ်သူအဖြစ် လွှမ်းမိုးချုပ်ကိုင်လာခဲ့သည်။ သို့သော် မတူကွဲပြားသောချိတ်ဆက်မှုနှင့်ကွန်ရက်များသည် နိုင်ငံပေါင်းစုံပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုစနစ်ကို ဆောင်ကြဉ်းလာနိုင်ခဲ့သည်။

လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်း တရုတ်နိုင်ငံသည် နိုင်ငံတစ်ဝန်းဖွံ့ဖြိုးတိုးတက်ရန် တွန်းအားပေးဆောင်ရွက်ခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီ(CPC)ဗဟိုကော်မတီ၏ မျက်နှာစုံညီ ညီလာခံများက အမျိုးသားမူဝါဒများချမှတ်ကာ တိုင်းပြည်စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ကျင်းပပြုလုပ်ခဲ့သော အကြိမ် ၂၀ မြောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏တတိယအကြိမ် မျက်နှာစုံညီ ညီလာခံ၌ တရုတ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုနက်ရှိုင်းသောပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

**တရုတ်နိုင်ငံခေတ်မီတိုးတက်မှုကို နားလည်ခံစားကြည့်ခြင်း**

တရုတ်နိုင်ငံ၏ခေတ်မီတိုးတက်မှုကို နားလည်ရန် ကမ္ဘာ့နိုင်ငံများနှင့် တရုတ်နိုင်ငံ၏စီးပွားရေးဆိုင်ရာဆက်ဆံရေးကို ဦးစွာလေ့လာရန် လိုအပ်သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့နိုင်ငံဒေသ ၁၅၀ ကျော်တို့နှင့် အဓိကကုန်သွယ်မှုမိတ်ဖက်အဖြစ်ရပ်တည်လျက်ရှိသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ စစ်တမ်းများအရ တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် လာမည့် ၅ နှစ်ကျော်ကာလအတွင်း ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုတွင် ၂၀ ရာခိုင်နှုန်းခန့်ပါဝင်လာမည်ဟု ဆိုသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏မူဝါဒသည် ကမ္ဘာကြီးတိုးတက်မှုအတွက် များစွာအရေးပါလျက်ရှိသည်။

အနောက်နိုင်ငံများ၏ အကြောင်းအကျိုးများနှင့် မတူညီသောအချက်မှာ တရုတ်နိုင်ငံသည် ကမ္ဘာ့အခြားနိုင်ငံများနှင့်ထိတွေ့ဆက်ဆံမှုကို လျှော့ချခြင်းထက် ပိုမို၍ပင် တိုးချဲ့လုပ်ဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံက ၂၀၂၀ ပြည့်နှစ်တွင် စတင်ချမှတ်ခဲ့သော ဖွံ့ဖြိုးတိုးတက်မှုပုံစံသစ်သည် ပြည်တွင်းဈေးကွက်ကို အဓိကထားပြီး ပြည်တွင်းနှင့် ပြည်ပဈေးကွက်များကိုတစ်ခုနှင့်တစ်ခု အထောက်အကူပြုရန် ခွင့်ပြုပေးထားသည်။

တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည် ပြည်တွင်းဈေးကွက်ကိုဗဟိုပြုထားရှိသည်။ ပြီးခဲ့သော ၂၅ နှစ်ကျော်ကာလအတွင်း ကုန်ထုတ်လုပ်မှုမြင့်တက်လာသောကြောင့် ပြည်တွင်းစားသုံးမှုလည်း မြင့်တက်လာခဲ့သည်။ ပြည်ပပို့ကုန်သည် ထုတ်ကုန်အားလုံး၏ ၂၀ ရာခိုင်နှုန်းထက်ကျော်လွန်ခြင်းမရှိခဲ့ပေ။ အဆိုပါကာလအတွင်း တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုသည် သိသိသာသာ တန်ဖိုးမြင့်တက်လာခဲ့သည်။ သိပ္ပံနှင့် နည်းပညာစွမ်းဆောင်ရည်များ ပေါင်းစပ်မှုနှင့်အတူ နည်းပညာကျွမ်းကျင်မှု တိုးတက်လာခြင်းသည် တရုတ်ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို ရိုးရှင်းမှုမှသည် ပိုမိုနက်နဲသော ထုတ်ကုန်များအဖြစ်သို့ ပြောင်းလဲရာတွင် အထောက်အကူဖြစ်ခဲ့သည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သော ၂၅ နှစ်ကျော်ကာလအတွင်း တိုးတက်လာသောစွမ်းဆောင်ရည်များဖြင့် တိုးတက်မှုပုံစံသစ်တစ်ရပ်သို့ ရောက်ရှိလာနေပြီဖြစ်သည်။ အဆိုပါတိုးတက်မှုပုံစံသစ်ကို အရေအတွက်မှအရည်အသွေးသို့ပြောင်းလဲမှုများဖြင့် ဝိသေသပြုထားသည်။ စက်ရုပ်များဖြင့်မော်တော်ကားထုတ်လုပ်ခြင်း၊ ဒေတာခွဲခြမ်းစိတ်ဖြာမှုနှင့် ဉာဏ်ရည်တုနည်းပညာ(AI)တို့ဖြင့် မြန်နှုန်းမြင့် ဒေတာကွန်ရက်များနှင့် ဒေတာအချက်အလက်စုဆောင်းမှုလုပ်ငန်းစဉ်များသည် စက်ရုံအလုပ်ရုံများ၊



တိုးတက်နေသော တရုတ်စီးပွားရေးဇုန်များကို တွေ့ရစဉ်။

ကုန်လှောင်ရုံများ၊ ဆိပ်ကမ်းများနှင့် အုပ်ချုပ်ထောက်ပံ့မှုနေရာများတွင် ပြောင်းလဲဆောင်ရွက်ရန် စတင်နေပြီဖြစ်သည်။

တရုတ်နိုင်ငံသည် အရည်အသွေးမြင့်မားသော စီးပွားရေးတိုးတက်မှုကို ဆက်လက်ဖော်ဆောင်ရာတွင် ဒေသတွင်းအခြေအနေများကို အခြေခံလျက် အရည်အသွေးရှိသော ကုန်ထုတ်စွမ်းအားသစ်များကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်လျက်ရှိသည်။ အကြိမ် ၂၀ မြောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ တတိယအကြိမ်မျက်နှာစုံညီ ညီလာခံ၌ ချမှတ်ခဲ့သော တရုတ်နိုင်ငံအဆင့်မြင့်တိုးတက်အောင် တည်ဆောက်ရေး၊ ပိုမိုနက်ရှိုင်းစွာပြုပြင်ပြောင်းလဲရေးဆိုင်ရာဆုံးဖြတ်ချက်အရ တရုတ်နိုင်ငံသည် လက်တွေ့စီးပွားရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေးတို့ကြား အပြည့်အဝပူးပေါင်းဆောင်ရွက်ရေးစနစ်များကို မြှင့်တင်သွားမည်ဖြစ်သည်။

မော်တော်ကားလုပ်ငန်းသည် စွမ်းအင်လိုအပ်ချက်မြင့်မားသည်။ ထို့ကြောင့် စွမ်းအင်ကူးပြောင်းမှုလုပ်ငန်းစဉ်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မြှင့်တင်မှုနှင့်အပြိုင် လုပ်ဆောင်လျက်ရှိသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကူးပြောင်းမှုသည် လေထုအရည်အသွေးတိုးတက်ပြီး ကုန်ကျစရိတ်သက်သာသည်။ လက်ရှိအချိန်တွင် ပြန်လည်ပြည့်ဖြိုးမြဲထုတ်လုပ်မှုသည် သမားရိုးကျရေအားလျှပ်စစ်ထုတ်လုပ်မှုစနစ်များထက် ကုန်ကျစရိတ်များစွာသက်သာသည်။

စွမ်းအင်သည် မော်တော်ကားလုပ်ငန်းအတွက်သာမက လူမှုစီးပွားရေးစနစ်များရှိဒေတာနှင့် ဉာဏ်ရည်တုနည်းပညာအသုံးပြုမှုတွင်လည်း များစွာအရေးပါလျက်ရှိသည်။ ဒေတာစင်တာများသည် စွမ်းအင်လိုအပ်ချက်မြင့်မားပြီး ဒစ်ဂျစ်တယ်အသုံးပြုမှုသည် စီးပွားရေးနှင့် လူမှုရေးကဏ္ဍများကို ဖြည့်ဆည်းပေးနိုင်မည်ဆိုလျှင် ကုန်ကျစရိတ်သက်သာသောစွမ်းအင်ဖြန့်ဖြူးမှုသည် များစွာအရေးပါလျက်ရှိသည်။ ဒေတာအချက်အလက်သည် အချိန်မီဆုံးဖြတ်ချက်ချမှတ်ခြင်းအပြင် ငွေပေးချေမှုစနစ်များနှင့် အရင်းအနှီးဈေးကွက်များအတွက်လည်း လိုက်လျောညီထွေသင့်မြတ်အောင် ဆောင်ရွက်ပေးသည်။

လွန်ခဲ့သောဆယ်စုနှစ်အတွင်း အီလက်ထရောနစ်အထောက်အကူပြုကုန်သွယ်မှုနှင့် အွန်လိုင်းငွေပေးချေမှုပလက်ဖောင်းများတွင် တရုတ်နိုင်ငံ၏ဦးဆောင်မှုသည် မျိုးဆက်သစ်ဒစ်ဂျစ်တယ်ပေးချေမှုအတွက် အုတ်မြစ်များချမှတ်နိုင်သည်။ အမှန်တော့ ဒစ်ဂျစ်တယ်ပေးချေမှုစနစ်သည် ပြည်တွင်းဈေးကွက်အတွင်းသိသိသာသာတိုးတက်နေပြီဖြစ်သည်။

**ဖွံ့ဖြိုးတိုးတက်မှုအဆင့်သစ်**

အရောင်းကွင်းဆက်၌ ဒစ်ဂျစ်တယ်စနစ်တိုးတက်လာခြင်းသည် ထုတ်လုပ်မှုစွမ်းဆောင်ရည်မြှင့်တင်ရေးနောက်တစ်ဆင့်သို့ ကူးပြောင်းရန်မောင်းနှင်အား တစ်ရပ်အဖြစ်မျှော်မှန်းနိုင်မည်ဖြစ်သည်။ အရောင်းကွင်းဆက် ဘဏ္ဍာငွေဖန်တီးပေးခြင်းအပါအဝင် အရောင်းကွင်းဆက်ဒစ်ဂျစ်တယ်အသုံးချမှု၊ ပေးချေမှုစနစ်များသည် ပိုမိုဈေးနှုန်းချိုသာမြန်ဆန်လာမည်ဟုမျှော်မှန်းရသည်။

နည်းပညာမြင့်ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဒစ်ဂျစ်တယ်အသုံးပြုငွေပေးချေမှုများနှင့် သန့်ရှင်းသောစွမ်းအင်စနစ်များပေါ်ထွက်လာမှုသည် တိုင်းပြည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအပြင် ကမ္ဘာ့အခြားစီးပွားရေးလုပ်ငန်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ၂၀၁၀ ပြည့်လွန်နှစ်များတွင် တရုတ်နိုင်ငံ၏စီးပွားရေးတိုးတက်မှုများစွာသည် မြို့ပြတည်ဆောက်မှု၊ အိမ်ရာတည်ဆောက်မှုတွင်ရင်းနှီးမြှုပ်နှံမှုတို့ဖြင့် အရှိန်အဟုန်ပိုမိုရရှိလာခဲ့သည်။ လူနေအိမ်ရာဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၇ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းကျော်ထိရှိခဲ့သည်။

တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်မှစ၍ လျှပ်စစ်စွမ်းအင်သုံးကားသစ်(NEV)ထုတ်လုပ်မှုတွင် ကမ္ဘာ့ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။ တရုတ်နိုင်ငံသည် မျိုးဆက်သစ်သတင်းအချက်အလက်နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ၊ လေကြောင်းနှင့်အာကာသ၊ စွမ်းအင်သစ်၊ ပစ္စည်းအမည်သစ်၊ အဆင့်မြင့်အသုံးအဆောင်ပစ္စည်းများ၊ ဇီဝဆေးဝါး၊ ကွန်ပျူတာနည်းပညာကဲ့သို့သော မဟာဗျူဟာမြောက် စက်မှုလုပ်ငန်းများ တိုးတက်မှုအဆင့်မြှင့်တင်ရေးအတွက် မူဝါဒနှင့်စီမံအုပ်ချုပ်မှုစနစ်များကိုလည်း မြှင့်တင်သွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် တရုတ်လျှပ်စစ်စွမ်းအင်သုံးကားသစ်ထုတ်လုပ်သူများသည် ကမ္ဘာ့ဦးဆောင်သူများဖြစ်လာပြီဖြစ်သည်။ ဥရောပသမဂ္ဂနှင့် အမေရိကန်တို့သည် တရုတ်နိုင်ငံထုတ် လျှပ်စစ်စွမ်းအင်သုံးကားသစ်များ၏ သက်ရောက်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုမြင့်တက်နေသည့်အချိန်တွင် ကျန်ကမ္ဘာ့နိုင်ငံများသည် ဈေးနှုန်းချိုသာသော တရုတ်နိုင်ငံထုတ်လျှပ်စစ်ကားများကို လိုလိုလားလား လက်ခံလျက်ရှိသည်။ တရုတ်ကုမ္ပဏီများသည် နည်းပညာတင်ပို့ရာတွင် ဦးဆောင်ရပ်တည်နေသည့်အပြင် ကမ္ဘာ့နိုင်ငံများတွင် စက်ရုံများတည်ထောင်ခြင်းဖြင့် အရင်းအနှီးများကိုလည်း တင်ပို့လျက်ရှိသည်။

ကုန်ကျစရိတ်သက်သာသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အခြေခံအဆောက်အအုံသည်လည်း ကမ္ဘာတစ်ဝန်းစွမ်းအင်ရရှိနိုင်မှုအပေါ် သက်ရောက်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်း၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တိုးတက်မှုကို အလေးထားလုပ်ဆောင်လျက်ရှိသကဲ့သို့ နည်းပညာများကိုလည်း ပြည်ပသို့တင်ပို့လျက်ရှိသည်။ စီးပွားရေးတိုးတက်မှုနှင့် GDP တိုးတက်မှုတို့သည် စွမ်းအင်သုံးစွဲမှုနှင့် ဆက်နွှယ်လျက်ရှိသည်။ ကုန်ကျစရိတ်သက်သာသော စွမ်းအင်ရရှိနိုင်မှုသည် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ တိုးတက်မှုအတွက်အတားအဆီးများကို ဖယ်ရှားနိုင်မည်ဖြစ်သည်။

လွန်ခဲ့သော ၂၅ နှစ်ကျော်ကာလအတွင်း တရုတ်နိုင်ငံသည် ကုန်သွယ်မှုပိုငွေပြသည့်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။ အဆိုပါကာလအတွင်း ငွေကြေးအင်အားကြွယ်ဝသောဥရောပသမဂ္ဂ၊ အမေရိကန်တို့နှင့် ကုန်သွယ်မှုပြုလုပ်ခဲ့သည်။ သို့သော် ပြီးခဲ့သောဆယ်စုနှစ်အတွင်း ကုန်သွယ်မှုပုံစံသည် တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည်။ ရပ်ဝန်းနှင့်ပိုးလမ်းမ(BRI)တွင် ပါဝင်သောနိုင်ငံများနှင့်ကုန်သွယ်မှုပိုမိုမြင့်တက်လာခဲ့သည်။ တောင်အာရှ၊ အာဖရိကနိုင်ငံများနှင့် ကုန်သွယ်မှုတိုးတက်လာခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံသည် ပိုးလမ်းမမှတစ်ဆင့် အလယ်အာရှနိုင်ငံများနှင့်လည်း ကုန်သွယ်မှုမြှင့်တင်ခဲ့သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံနှင့် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ၏ ကုန်သွယ်မှုတန်ဖိုးသည် ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဂျပန်နိုင်ငံတို့နှင့် ကုန်သွယ်မှုထက်ပိုမိုခဲ့သည်။

ဆိုရလျှင် လွန်ခဲ့သောရာစုနှစ်များတွင် လက်ဝါးကြီးအုပ်စီးပွားရေးပုံစံသည် ကမ္ဘာ့နိုင်ငံများနှင့်ပြည်သူများကို ကျပ်တည်းမှုဖြစ်ပေါ်စေခဲ့သည်။ ဓနအင်အားကြွယ်ဝမှုသည် အနည်းငယ်သောကုမ္ပဏီကြီးများလက်ဝယ်တွင်စုပုံနေခဲ့သည်။ ထို့ကြောင့် လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၏စီးပွားရေးတိုးတက်မှုပုံစံသည် ကမ္ဘာ့နိုင်ငံများနှင့်ပြည်သူများပေါ်ကြွယ်ဝမှုရရှိစေရန်ဖြစ်သည်။ ပြိုင်ဆိုင်မှုဈေးကွက်များသည် ဝယ်ယူစားသုံးသူများကို တွက်ခြေကိုက်စေမည်ဖြစ်သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် အတိတ်သမိုင်းကြောင်း၏ ကိုလိုနီစီးပွားရေးပုံစံကိုဆန့်ကျင်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်ကြိုးပမ်းလာလျက်ရှိသည်။

**ကိုးကား**

**– China and the Changing Global Economic Order By BEIJING REVIEW**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# အရက်၏ဆိုးကျိုးများကို အရက်ပုလင်းများပေါ်တွင် ရေးသားဖော်ပြခြင်း

ဆေးလိပ်ဘူးများတွင် ဆေးလိပ်၏ဆိုးကျိုးများ၊ ဆေးလိပ်ကြောင့်ဖြစ်ပွားရသည့် ကင်ဆာရောဂါများ အကြောင်းကိုဖော်ပြထားကြသည်။ အရက်ပုလင်းများ ပေါ်တွင်လည်း အရက်ကြောင့်ဖြစ်ရသည့် ကင်ဆာ ရောဂါများအကြောင်းကိုဖော်ပြနိုင်ရန် ကျန်းမာရေး ပညာရှင်များက အကြံပြုတောင်းဆိုနေခဲ့ကြသည်မှာ ကြာခဲ့ပြီဖြစ်သည်။ Lancet ဆေးပညာဂျာနယ် ကြီးက လွန်ခဲ့သည့် ၃၅ နှစ်ကျော်ကပင် အရက် ကြောင့်ဖြစ်ပွားရသည့် ကင်ဆာရောဂါများအကြောင်း ကို အများပြည်သူများကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အသိပညာဖြန့်ဝေရန် သတိပေး နေခဲ့သည်။

အရက်သည် ဆေးလိပ်ကဲ့သို့ပင် ကင်ဆာဖြစ်စေ တတ်သော ဓာတ်တစ်မျိုးဖြစ်သည်။ အရက်တွင် လုံခြုံစိတ်ချစွာ သောက်သုံးနိုင်သည့်ပမာဏဟူ၍ မရှိချေ။ များများသောက်လျှင် များများအန္တရာယ်ရှိ မည်ဖြစ်သကဲ့သို့ နည်းနည်းသောက်လျှင် နည်းနည်း အန္တရာယ်ရှိမည်ဖြစ်သည်။

အရက်နှင့်ဆက်နွှယ်သည့် ကင်ဆာရောဂါများ အကြောင်းကို ထုတ်ဖော်ပြောကြားလာသည့်နိုင်ငံ များ တစ်စတစ်စများလာပြီဖြစ်သည်။ သို့သော် ပြည်သူ့ကျန်းမာရေးအမြင်ဖြင့် ဦးစားပေးမှုတွင် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အဝလွန်ရောဂါလောက် ရှေ့တန်းရောက်မလာသေးဟု ဆိုရမည်ဖြစ်သည်။ အမေရိကန်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးဌာန ညွှန်ကြားရေးမှူးချုပ်က အရက်ပုလင်းများပေါ်တွင် အရက်၏ဆိုးကျိုးများကို ရေးသားဖော်ပြရမည်ဟု ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ပြောကြားလာသည်။

"အရက်ဟာ ကာကွယ်တားဆီးရှောင်ကြဉ်လို့ ရတဲ့ ကင်ဆာဖြစ်စေတဲ့အကြောင်းရင်းကြီးတစ်ခု ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာ တစ်နှစ်ကိုအရက် ကြောင့် ကင်ဆာဖြစ်ပွားသူ တစ်သိန်းလောက်ရှိပြီး သေဆုံးရသူ အယောက် ၂၀၀၀၀ လောက်ရှိပါတယ်။ အမေရိကန်နိုင်ငံမှာ အရက်သေစာသောက်စားရာမှ ယာဉ်မတော်တဆမှုဖြစ်ပွားပြီး တစ်နှစ်သေဆုံးသူ အယောက် ၁၃၅၀၀ ရှိတာမို့ အရက်ကြောင့်ကင်ဆာ ဖြစ်ပွားပြီး သေဆုံးသူဦးရေက ပိုများတာကိုတွေ့ကြရ ပါတယ်။ ဒါပေမဲ့ အမေရိကန်သားအများစုက ဒီအခြေအနေကို မသိကြပါဘူး"ဟု အမေရိကန် ပြည်သူ့ကျန်းမာရေးဌာန ညွှန်ကြားရေးမှူးချုပ် ဗီဗက်မာသီက ပြောကြားခဲ့သည်။

အရက်နှင့်တိုက်ရိုက်ဆက်နွှယ်နေသည့် အဓိက ကင်ဆာကြီး ခုနစ်မျိုးမှာ ရင်သားကင်ဆာ၊ အူမကြီး ကင်ဆာ၊ အစာရေမြို့ပြွန်ကင်ဆာ၊ အသည်းကင်ဆာ၊ အာခံတွင်းကင်ဆာ၊ လည်ပင်းကင်ဆာနှင့် အသံအိုး ကင်ဆာတို့ဖြစ်သည်။ အမေရိကန် ကွန်ဂရက် လွှတ်တော်အနေဖြင့် အရက်ပုလင်းများတွင် ထိုကင်ဆာရောဂါကြီးများ ဖြစ်ပွားနိုင်ကြောင်း ရေးသားဖော်ပြရန် ဆုံးဖြတ်ပေးနိုင်ခြင်းရှိ၊ မရှိ မသေချာလှပေ။

အရက်၏ကောင်းကျိုး၊ ဆိုးကျိုးများနှင့်ပတ်သက် လာလျှင် အငြင်းပွားဖွယ်သုတေသနတချို့ရှိနေ သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန် နိုင်ငံ သိပ္ပံ၊အင်ဂျင်နီယာနှင့်ဆေးပညာအမျိုးသား အကယ်ဒမီက အရက်အသင့်အတင့်သောက်သုံးမှု သည် ရင်သားကင်ဆာနှင့်ဆက်စပ်မှုရှိသည်ဟု ထုတ်ပြန်ခဲ့သည်။ အရက်နှင့်အခြားသောကင်ဆာ များဆက်စပ်မှုကို ထင်ရှားစွာဖော်ထုတ်နိုင်ခြင်းမရှိ ဟုလည်းဆိုသည်။ ထိုထုတ်ပြန်ချက်ထဲတွင် အရက် အသင့်အတင့်သောက်သုံးမှုသည် နှလုံးသွေးကြော ပိတ်ရောဂါနှင့်လေဖြတ်ရောဂါကြောင့် သေဆုံးမှုများ ကို လျော့နည်းစေသည်ဟုလည်း ပါရှိနေပြန်သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် အမေရိကန် ပြည်သူ့ကျန်းမာရေးဌာနက အရက်ကို တစ်ရက် တစ်ခွက်မျှ သောက်သုံးခြင်းသည်ပင် ကင်ဆာကဲ့သို့ သော ကျန်းမာရေးပြဿနာများနှင့် ကြုံတွေ့နိုင် ကြောင်း ထုတ်ပြန်ခဲ့ပြန်သည်။

နှလုံးသွေးကြောရောဂါများ ဖြစ်ပွားမှုလျော့ကျ စေရန်အတွက် ဝိုင်နီကိုသောက်သုံးခြင်းထက် ပိုမို ကောင်းမွန်သော အခြားနည်းလမ်းများစွာရှိကြောင်း ပညာရှင်များက ထောက်ပြကြသည်။ ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့ (WHO) က ၁၉၈၈ ခုနှစ်ကတည်းက အရက်နှင့် အဖျော်ယမကာများကို ကင်ဆာဖြစ်စေ သော ဓာတ်အုပ်စု(၁)အဖြစ် သတ်မှတ်ထားပြီးဖြစ် သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းအရက် သေစာသောက်သုံးမှုကြောင့် ကင်ဆာဖြစ်ပွားသူ ဦးရေ ၇၄၁၃၀၀ ရှိခဲ့သည်။

**❖အရက်သည် ဆေးလိပ်ကဲ့သို့ပင် ကင်ဆာဖြစ်စေတတ်သော ဓာတ်တစ်မျိုးဖြစ်သည်။ အရက်တွင် လုံခြုံစိတ်ချစွာသောက်သုံးနိုင် သည့်ပမာဏဟူ၍မရှိချေ။ များများသောက်လျှင် များများအန္တရာယ် ရှိမည်ဖြစ်သကဲ့သို့ နည်းနည်းသောက်လျှင် နည်းနည်းအန္တရာယ်ရှိမည် ဖြစ်သည်။ အရက်နှင့်ဆက်နွှယ်သည့် ကင်ဆာရောဂါများအကြောင်း ကို ထုတ်ဖော်ပြောကြားလာသည့်နိုင်ငံများ တစ်စတစ်စများလာပြီ ဖြစ်သည်။ သို့သော် ပြည်သူ့ကျန်းမာရေးအမြင်ဖြင့် ဦးစားပေးမှုတွင် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့်အဝလွန်ရောဂါလောက် ရှေ့တန်းရောက် မလာသေးဟုဆိုရမည်ဖြစ်သည်။ ❖**

၂၀၂၆ ခုနှစ်တွင် အိုင်ယာလန်နိုင်ငံသည် အရက် ပုလင်းများပေါ်တွင် အရက်၏ဆိုးကျိုးများကို အပြည့်အစုံရေးသားဖော်ပြရန် ဥပဒေဖြင့်ပြဋ္ဌာန်း သတ်မှတ်သည့် ပထမဆုံးသောနိုင်ငံဖြစ်လာလိမ့် မည်ဖြစ်သည်။ အရက်ပုလင်းများပေါ်တွင် စာလုံး အနီကြီးကြီးဖြင့် "အရက်သည် သေစေနိုင်သော ကင်ဆာရောဂါကြီးများနှင့် တိုက်ရိုက်ဆက်စပ်မှုရှိ သည်၊ အရက်သောက်သုံးခြင်းသည် အသည်း ရောဂါများဖြစ်ပွားစေနိုင်သည်"ဟု ရေးသားဖော်ပြ လာကြမည်ဖြစ်သည်။

တောင်ကိုရီးယား၊ ကနေဒါ၊ ထိုင်းနှင့် နော်ဝေ နိုင်ငံတွင်လည်း ကင်ဆာအသိပေးစာတန်းများကို အရက်ပုလင်းများတွင်ဖော်ပြရန် ဆောင်ရွက်နေကြ ပြီဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်က စစ်တမ်းတစ်ခုတွင် ကမ္ဘာ့နိုင်ငံများ၏လေးပုံတစ်ပုံသည် အရက်၏ ကျန်းမာရေးဆိုးကျိုးများကို အရက်ပုလင်းများတွင် ဖော်ပြထားကြကြောင်း သိရှိကြရသည်။

အိုင်ယာလန်နိုင်ငံသည် အရက်နှင့်ကင်ဆာသတိ ပေးစာသားများကို အရက်ပုလင်းများတွင် ရေးသား ဖော်ပြနိုင်ရန် ကြိုးစားနေကြသည်မှာ ၁၅ နှစ်ခန့်ကြာ မြင့်ခဲ့ပြီဖြစ်သည်။ အရက်ချက်လုပ်ငန်းကြီးများ၏ ပြည်သူ့ကျန်းမာရေးဌာနက အရက်ပညာပေး လုပ်ငန်းများအပေါ် လွှမ်းခြုံဖုံးကွယ်နိုင်ရန် ဆောင်ရွက်နေခြင်းများကြောင့်လည်း အရက် ထိန်းချုပ်လျှော့ချရေးလုပ်ငန်းစဉ်များမှာ နှောင့်နှေး ကြန့်ကြာလျက်ရှိသည်။ ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းချုပ်ကန့်သတ်မှုမူဝါဒဥပဒေများကို ဆေးလိပ် ကုမ္ပဏီကြီးများက နှောင့်ယှက်ရန်ကြိုးစားခဲ့ကြ သကဲ့သို့ အရက်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို လည်း အရက်ကုမ္ပဏီကြီးများက နှောင့်ယှက်နေကြ ခြင်းဖြစ်သည်။

ယနေ့ အသင့်စားအစားအသောက်ဘူးများပေါ် ၌ အတွင်းတွင်ပါဝင်သည့် ကယ်လိုရီပမာဏနှင့် ပါဝင်ပစ္စည်းများကို ဖော်ပြထားတတ်ကြသည်။ အရက်ပုလင်းများအပေါ်၌လည်း အရက်နှင့် ကင်ဆာရောဂါများဆက်စပ်မှုကိုသာမက ပါဝင်သည့် ကယ်လိုရီပမာဏနှင့် ပါဝင်ပစ္စည်းများကိုဖော်ပြပေး နိုင်ရန်လိုအပ်သည်။ လူမှုကွန်ရက်မီဒီယာစာမျက်နှာ များတွင် အရက်နှင့်ပတ်သက်သည့်ဆိုးကျိုးများကို ကျယ်ကျယ်ပြန့်ပြန့်မတွေ့ရှိရပေ။

အရက်၏ဆိုးကျိုးများကို အရက်ပုလင်းများတွင် ဖော်ပြနိုင်ရန် ကျန်းမာရေးပညာရှင်များ၏ထောက်ပြ အကြံပြုမှုတွန်းအားကို မူဝါဒချမှတ်နိုင်သူများဘက် က အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေများဖြင့် ပြဋ္ဌာန်းပေး နိုင်မှုဖြစ်နိုင်လိမ့်မည်ဖြစ်သည်။ အမေရိကန်နိုင်ငံ တွင် ၂၀၂၄ ခုနှစ်ကပြုလုပ်သည့် စစ်တမ်းတစ်ခု၌ အမေရိကန်အမျိုးသမီးများ၏ လေးပုံတစ်ပုံသာလျှင် အရက်နှင့် ရင်သားကင်ဆာဆက်စပ်မှုကို သိရှိကြ ကြောင်း ဖော်ပြထားသည်။

အိုင်ယာလန်နိုင်ငံ၏ အရက်ပုလင်းများတွင် အရက်ဆိုးကျိုးများဖော်ပြနိုင်ရန် ဆောင်ရွက်ခဲ့ရာ တွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ အထူး သဖြင့် အရက်ကို ပြည်တွင်းထုတ်ကုန်အဖြစ်သတ်မှတ် ရောင်းချနေကြသည့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ၏ကန့်ကွက်မှုကိုခံကြရခြင်းဖြစ်သည်။ သို့တိုင်အောင် အိုင်ယာလန်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် အရက် ပုလင်းများ၌ အရက်၏ဆိုးကျိုးဆိုင်ရာအချက် အလက်များ ရေးသားခွင့်ဥပဒေကို အောင်မြင်စွာ ပြဋ္ဌာန်းနိုင်ခဲ့သည်။

အရက်ပုလင်းများ၌ ကျန်းမာရေးဆိုးကျိုးများ ကိုဖော်ပြရာမှာလည်း အများပြည်သူစိတ်ဝင်စား စေရန် ဓာတ်ပုံများဖြင့်ပါ ဝေဝေဆာဆာဖော်ပြသင့် ကြောင်း ပညာရှင်များက ထောက်ပြကြသည်။ အရက်ကြောင့် အချို့သောနိုင်ငံများတွင် တိုင်းပြည် ဝင်ငွေတိုးတက်နေသည်။ သို့သော် အရက်သောက် သုံးမှုကြောင့် ဖြစ်ပွားရသည့်ရောဂါများကိုကုသရ သည့်အတွက် ကုန်ကျစရိတ်က ပိုမိုများပြားကြောင်း သက်ဆိုင်ရာနိုင်ငံအစိုးရများ သိရှိနားလည်စေရန် ကျန်းမာရေးပညာရှင်များက အချက်အလက် များဖြင့် ထောက်ပြအကြံပြုနိုင်ကြရန်လည်း အရေးကြီးသည်။

စကော့တလန်၊ အင်္ဂလန်၊ ဝေလနှင့်မြောက် အိုင်ယာလန်ဖြင့် ဖွဲ့စည်းထားသည့် ဗြိတိန်နိုင်ငံတွင် လည်း အရက်ပုလင်းများ၌ ကျန်းမာရေးသတိပေး စာသားများ ရေးသားဖော်ပြနိုင်ရန် မကြာမီ အကောင်အထည်ဖော်လာနိုင်မည့် အခြေအနေရှိ နေသည်။ စကော့တလန်တွင် အရက်ကြောင့် သေဆုံး ရသူတစ်ပတ်လျှင် ဦးရေ ၅၀ ခန့်ရှိနေသည်။ အရက်နှင့်ပတ်သက်သည့် ကျန်းမာရေးခေါင်းလောင်း ကို အသံကျယ်ကျယ်ဖြင့် ကြိမ်ဖန်များစွာထိုးနိုင်မှ အရက်သောက်သုံးမှု၏ဆိုးကျိုးများကို အများပြည်သူ များကြား ပျံ့နှံ့သိရှိလာကြမည်ဖြစ်ပြီး အရက် သောက်သုံးမှု ကျဆင်းလာမည်ဖြစ်သည်။ အရက် ၏ဆိုးကျိုးများကို အရက်ပုလင်းများပေါ်တွင် ရေးသားဖော်ပြအသိပေးကြမည်ဆိုလျှင် စာလုံး ကြီးကြီး၊ အရောင်စုံဖြင့် ထင်ထင်ရှားရှားရေးသားရန် လိုအပ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ဆေးလိပ် နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးမူဘောင်သဘော တူညီချက်ကဲ့သို့ အရက်ထိန်းချုပ်ရေးကဏ္ဍတွင် လည်း အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု များလိုအပ်သည်။ အရက်နှင့်ပတ်သက်သည့် ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဖြန့်ချိမှု၊ ကြော်ငြာလုပ်ငန်း များနှင့် အခွန်ကောက်ခံမှုများအားလုံးကို ကမ္ဘာ့နိုင်ငံ အားလုံးက သဘောတူညီစွာ တစ်သမတ်တည်း ချမှတ်ဆောင်ရွက်ကြရန် လိုအပ်သည်။

နိဂုံးချုပ်အားဖြင့် ယနေ့ကမ္ဘာပေါ်တွင် စားသုံးသူ များကို ကျန်းမာရေးနှင့်ယှဉ်ပြီး အသိပညာပေးရမည့် ခေါင်းစဉ်ကြီး သုံးခုရှိနေသည်။ ၎င်းတို့မှာ နံပါတ်(၁) ဆေးလိပ်၊ နံပါတ်(၂)အဝလွန်ရောဂါနှင့် နံပါတ်(၃) အရက်တို့ဖြစ်သည်။ ဆေးလိပ်ဘူးများ၊ အစားအစာ ဘူးများနှင့် အရက်ပုလင်းများအပေါ်တွင် ၎င်းတို့၏ ကျန်းမာရေးအပေါ်ရလဒ်ဆိုးများကို ထင်ရှား သိသာလွယ်အောင် ရေးသားဖော်ပြခြင်းဖြင့် မှီဝဲ သုံးစွဲစားသောက်ကြသူများအတွက် မိမိတို့ဆန္ဒကို အသိပညာဖြင့် ချင့်ချိန်နိုင်ကြမည်ဖြစ်သည်။ ဆေးလိပ်နှင့်အဝလွန်ရောဂါများလောက် ဦးစားပေး မခံရသည့် အရက်၏ဆိုးကျိုးရေးသားဖော်ပြမှုများ ကို အရက်ပုလင်းများပေါ်တွင် ဖော်ပြနိုင်ကြစေရေး ရေးသားဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- Should alcohol carry cancer warning labels? by Sharmila Devi from Lancet, Feb 1 2025.

**ဒေါက်တာလွှမ်းမိုးဟန်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၅၅ ဧက စိုက်ပျိုးပြီးစီး



**ကသာ ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၃၇ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကသာ မြို့နယ်တွင် ၄၅ဧက၊ ထီးချိုင့်မြို့ နယ်တွင် ဧက ၁၀၁၀ စုစုပေါင်း ၁၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာခရိုင်မှာ မတ်ပဲ ၁၀၃၇ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၅၅ ဧက စိုက်ပျိုးပြီးစီး ပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှု အနေနဲ့ လျာထားဧကထက်ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲ စိုက်ပျိုးချိန်မှာလိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေး နေပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးကပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် မတ်ပဲစိုက်ပျိုးရန် အတွက် မြို့နယ်အလိုက်လျာထား မှုအနေဖြင့် ကသာမြို့နယ်တွင် ၃၄ ဧက၊ အင်းတော်မြို့နယ်တွင် ၂၆ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၉၇၇ ဧက စုစုပေါင်း ၁၀၃၇ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် မတ်ပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီ သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊အထွက် နှုန်းကောင်းမွန်ရေး အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

ကသာခရိုင်တွင် မတ်ပဲများကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံး မှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့နိုင်မည်ဖြစ်ပြီး လူမှုစီးပွား ဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲသီးနှံများ ကို ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦး ကပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းရှူးမြို့နယ် ဝမ်ဆော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ဝမ်ဆော့ကျေးရွာ ၌ ဒသမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်း ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်း က အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာမိုင်းရှူးခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးလှခေးက ဝမ်ဆော့ကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေ တိုးစီးပွားရေးလုပ်ငန်းများ လုပ် ကိုင်ရန်လိုအပ်သည့် ငွေကြေး အရင်းအနှီးများ ရရှိစေရန်နှင့် တိုးပွားလာသော အတိုးရငွေများ ဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးရ ခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မိုးလှိုင်နှင့် စီမံကိန်း တာဝန်ခံတို့က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်း ရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝမ်ဆော့ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၅ဦး၊ မွေးမြူ ရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး နှင့် အရောင်းအဝယ်လုပ်ငန်းလုပ် ကိုင်သူခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံ ငွေကျပ် ၄၅၆သိန်း ထုတ်ချေးပေး ခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**









နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ရွှေဖီဦး

ရွှေဖီဦး BLACK TEA (မှောင်ဟာရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား ...




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

5 Digits Online Lottery

ဆတိုး Jackpot ဆုကြီးကို ပိုရင်ခုန်စွာ ကံထူးနိုင်ဖို့

1

(၁)ကြိမ်နဲ့ပြောင်းလဲဖွင့်လှစ်ပေးပြီး နောက်လတွေမှာ "ဆတိုးသွားမလား" ရင်ခုန်စွာနဲ့ စောင့်မျှော်ကြရအောင်

*117#

777 Call Center

aungbarlay.ird.gov.mm

ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။


## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် ဇောဓိပင်စောင်းတန်း၊ ဆိုင်ခန်းအမှတ်(ခ.၁)သည် ဦးထွန်းရွှေအမည်ပေါက်ဆိုင်ခန်းဖြစ်ပြီး အဆိုပါဆိုင်ခန်းအား ဦးထွန်းရွှေနှင့်ဦးလှသောင်းအမည်သို့ ဆိုင်ခန်းမှတ်ပုံတင် အမည်တိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် (၁၄)ရက်အတွင်း မဟာမုနိဂေါပကအဖွဲ့ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

မဟာမုနိဂေါပကအဖွဲ့ရုံး

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ UNITY ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးစက်မောင်မောင်၏ သမီး မအေးမြန်မာအောင်အား မမေမြန်မာငြိမ်းချမ်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မမေမြန်မာငြိမ်းချမ်း**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက(၄)၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်ဦး၏သား မောင်ဝင်းမြင့်ဌေးအား မောင်မျိုးမြင့်ဌေးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မျိုးမြင့်ဌေး**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ အနီးစခန်း၊ ရပ်ကွက်ကြီး(၁၇)နေ မဆန်သီး (ဘ) ဦးဟီရာနတ်(၉/မကန(နိုင်)၁၀၉၄၉၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၇၄၉၉၃၆၅

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ပိတ်စွယ်-၁ ရပ်နေ မကျိန်သွဲ့လမ့်ဝုန် (ဘ) ဦးဟန်ခင်းဒါးလ်(၉/မကန(နိုင်)၁၃၆၆၅၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၂၀၃၇၆၁၆

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက(၃)၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ)ဦးကျော်ဝင်းလှိုင်၏ သမီးဖြစ်သူ မဇူးဇူးကျော်ဇင်၏ မွေးသက္ကရာဇ်အမှန်မှာ (၈-၇-၂၀၀၈) ဖြစ်ပါကြောင်း။

**မဇူးဇူးကျော်ဇင်**
**(၈-၇-၂၀၀၈)**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်နေ ဦးအေးလွင် (ဘ) ဦးတင်သိန်း (၉/မခန(နိုင်)၁၁၇၃၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-680695)မှာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၀၅၃၇၆၆၀

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်နေ (ဦးအောင်စီ)၊ ဒေါ်ခင်မြတို့၏သား မောင်ရဲလင်းအောင်(၉/မဟမ(နိုင်)၀၃၇၅၆၀)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ

**ဒေါ်ခင်မြ(၉/မနတ(နိုင်)၀၆၄၆၃၃)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ 35A၊ 70-71 လမ်းကြား၊ B-5 နေ ဒေါ်ရှောက်ချီ (ခ) ဒေါ်ပြုံး (၉/မကန(နိုင်)၀၆၀၄၃၃)၏သားဖြစ်သူ မောင်ကျော်ကျော်ဝင်း (ခ) တရုတ်လေးကို (၁၇-၂-၂၀၂၅)ရက်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

ကျော်ကျော်ဝင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ မှန်သမျှအားလုံးသည် ကျွန်ုပ်တို့မိသားစုနှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်ရှောက်ချီ (ခ) ဒေါ်ပြုံး**
**(၉/မကန(နိုင်)၀၆၀၄၃၃)**

အဖိုးတန် ရေချိုကို ချွေတာပါ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ မြန်မာစကားပုံတွင် ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟူ၍ရှိ...

❖ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်...

❖ ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၉ ရက်တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## နိုင်ငံပိုင်သယံဇာတများအား မတော်လောဘဖြင့် ဥပဒေမဲ့ခိုးထုတ်ကာ အကြမ်းဖက်နှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို ထောက်ပံ့နေမှုအား တိုက်ဖျက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည်။ထို့ပြင် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန်လိုအပ်သည့်ဥပဒေပြဋ္ဌာန်းရမည်ဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်နှင့်အညီ နိုင်ငံပိုင်သယံဇာတပစ္စည်းများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများလည်း ပြဋ္ဌာန်းထားရှိပြီး သယံဇာတထုတ်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားသည်။

သို့ရာတွင် နိုင်ငံတော်အတွင်းရှိ ဒေသအချို့တွင် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများကို အခွင့်ကောင်းယူကာ မတော်လောဘစီးပွားရေးသမားများက နိုင်ငံပိုင်သယံဇာတပစ္စည်းများကို စာမျက်နှာ ၁၇ ကော်လံ ၁ ❑

---

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားဦးရေ ၂၅၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားဦးရေ ၂၅၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လုသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257